ကြေးမုံ
The Mirror Daily
၁၉၅၇ ခု ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

**အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။**

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့။ Monday, 18 May 2020 ၁၀၀၁၆

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆေးဝါးနှင့် အထောက်အကူပြု ပစ္စည်းများတင်ဆောင်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ် ရောက်ရှိ

ရန်ကုန် မေ ၁၇

**ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများတင်ဆောင်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ်သည် ယနေ့ နံနက် ၁၀ နာရီတွင် ဒုတိယအကြိမ်မြောက်ခရီးစဉ်အဖြစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာသည်။**




ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများတင်ဆောင်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်စဉ်။

ယနေ့ ခရီးစဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ဒုတိယဌာနေကိုယ်စားလှယ် Mr. Walid Ibrahim က "ဒီနေ့ ခရီးစဉ်မှာတော့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့ WFP ကဝယ်ထားတဲ့ ပစ္စည်းတွေပါသလို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ဝယ်ထားတဲ့ပစ္စည်းတွေလည်း ပါတယ်။ WFP က ဝယ်ထားတဲ့ ပစ္စည်းတွေကိုတော့ မြေပြင်မှာ လက်တွေ့ဆောင်ရွက်နေတဲ့ အကျိုးဝင်သူတွေ အကာအကွယ်ဖြစ်အောင် အသုံးပြုနိုင်ဖို့ မိမိတို့အစီအစဉ်နဲ့ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် လိုအပ်တဲ့ထောက်ပံ့မှု ပစ္စည်းတွေကို နိုင်ငံတကာကနေ ဝယ်ယူပြီး အခုလို လေကြောင်းလိုင်း အစီအစဉ်နဲ့ သယ်ယူပို့ဆောင်ခြင်းဟာ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် များစွာအထောက်အကူဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

ယနေ့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာသော ပစ္စည်းများမှာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)က

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

## အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင် အရေးပေါ်လိုအပ်နေသော ၅၀၀ ကေဗွီအေ မီးစက်နှင့် ဆက်စပ်ပစ္စည်းများ ကမ္ဘောဇဘဏ်မှ လှူဒါန်း

ရန်ကုန် မေ ၁၇

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (National Health Laboratory)တွင် အရေးပေါ်လိုအပ်နေသော ၅၀၀ ကေဗွီအေ မီးစက်နှင့် ဆက်စပ်ပစ္စည်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ယနေ့တွင် သွားရောက်လှူဒါန်းသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ကမ္ဘောဇဘဏ်၏ ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်းက တန်ဖိုးကျပ်သိန်း ၁၂၅၀ ရှိသည့် အမေရိကန်နိုင်ငံ Caterpillar ကုမ္ပဏီအမျိုးအစား ၅၀၀ ကေဗွီအေ မီးစက်၊ Auto Transfer System (ATS) နှင့် Ground Earthing Equipment တို့ကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဒေါ်ဌေးဌေးတင်ထံ ပေးအပ်လှူဒါန်းသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻**

ကြေးမုံ ယနေ့ ဖတ်စရာ

YUFL ၌ အွန်လိုင်းသင်ကြားရေးစနစ် စတင်တော့မည်
စာမျက်နှာ » ၅

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၅

ကိုဗစ်နှင့် ကိုဗစ်အလွန်ကာလ အဆင့်မြင့်ပညာရေးနှင့် သုတေသန
ဆောင်းပါး စာမျက်နှာ » ၁၇



ကြေးမုံ

# သင်္ဂဟတရားထွန်းကားသည့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံသည် ချမ်းသာကြွယ်ဝသည့် နိုင်ငံမဟုတ်ပေ။ ဖွံ့ဖြိုးစနိုင်ငံဖြစ်ပြီး ကိုယ့်ခွန်ကိုယ့်အား စုပေါင်းအားဖြင့် ကြိုးစားထားသည့် သင့်တင့်သော ဥစ္စာဓနသာ ပိုင်ဆိုင်သည်။ ဥစ္စာဓနကြွယ်ဝချမ်းသာသည့်နိုင်ငံ မဟုတ်သော်ငြားလည်း သူတစ်ပါးတို့အား ချီးမြှင့်သည့် "သင်္ဂဟတရား" ထွန်းကားသောနိုင်ငံဖြစ်သည်။ အထူးသဖြင့် အများပြည်သူတို့ ဒုက္ခဆင်းရဲ အခက်အခဲများ ကြုံတွေ့နေရချိန်တွင် နိုင်ငံသားအချင်းချင်း ဥစ္စာဓနတတ်နိုင်သမျှ ကူညီထောက်ပံ့ကြသလို နိုင်ငံတော်အစိုးရကလည်း ဒုက္ခအခက်အခဲ ကြုံတွေ့နေရသော ပြည်သူများအား ကူညီထောက်ပံ့ချီးမြှင့်ပေးလေ့ရှိသည်။

မင်္ဂလာတရားတော်နှင့်အညီဖြစ်သည့် ပေးကမ်းချီးမြှင့်ထောက်ပံ့ခြင်း ဒါနတည်းဟူသော အမှုကိုပြုရာ၌ ကာလဒါနအမှုသည် လိုအပ်နေချိန်တွင် ချီးမြှင့်ပေးသည့် အလွန်မွန်မြတ်သောကောင်းမှု ဖြစ်သည်။ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေချိန်တွင် ပြည်သူအများစုမှာ အလုပ်အကိုင်များ တုံ့ဆိုင်းသွားမှုကြောင့် ဒုက္ခဆင်းရဲ အခက်အခဲအမျိုးမျိုး ဖြစ်ကြရသည်။ အထူးသဖြင့် တစ်နေ့လုပ်မှတစ်နေ့စားရသည့် အောက်ခြေအခြေခံလူတန်းစားများမှာ စားဝတ်နေရေး အခက်အခဲများကြုံတွေ့ရသည်။

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ မြန်မာနိုင်ငံတွင် စတင်ဖြစ်ပွားသည်နှင့် လက်လုပ်လက်စား အခြေခံလူတန်းစား အိမ်ထောင်စုများအား ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန် စားသောက်ကုန်ပစ္စည်းငါးမျိုးကို ဦးစွာဖြန့်ဝေလှူဒါန်းထောက်ပံ့ပေးခဲ့သည်။ မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံလူတန်းစား တစ်အိမ်ထောင်လျှင် တန်ဖိုးငွေကျပ် တစ်သောင်းကျော် နှစ်သောင်းဖိုးနီးပါး ရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုးကို ဖြန့်ဝေထောက်ပံ့ရာ၌ လက်လုပ်လက်စား အိမ်ထောင်စုများ မကြွင်းမကျန်ရအောင် တိကျစွာစာရင်းကောက်ယူပြီး နိုင်ငံတော်က ငွေကျပ်ဘီလီယံ ၅၀ ကျော် အကုန်အကျခံ သုံးစွဲခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သော လူဦးရေနှင့် အိမ်ထောင်စုစာရင်းအရ မြန်မာနိုင်ငံတွင် အိမ်ထောင်စု ၁၁ သန်းနီးပါးရှိပြီး ယင်းတို့အနက် လက်လုပ်လက်စား အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း လေးသန်းခန့်ကို ပေးဝေထောက်ပံ့နိုင်ခဲ့သဖြင့် အခြေခံပြည်သူများကိုယ်စား ဝမ်းမြောက်မိပါသည်။ လက်လုပ်လက်စား အိမ်ထောင်စုအရေအတွက်အရ လွှမ်းခြုံထောက်ပံ့နိုင်မှုရှိသော်လည်း ဒေသအလိုက်ကုန်ပစ္စည်းတန်ဖိုးအရ ကွာဟမှုများရှိသည့်အပေါ် ဝေဖန်ပြောဆိုမှုများ ကြားသိရပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက အခြေခံလူတန်းစား လက်လုပ်လက်စားများအား နောက်တစ်ကြိမ်ထောက်ပံ့ရာ၌ စားနပ်ရိက္ခာမထောက်ပံ့ဘဲ ငွေကြေးထောက်ပံ့ပေးရန် အစီအစဉ်ရှိသည်ဟုကြားသိရသည်မှာ လျော်ကန်သင့်မြတ်ပါသည်။

စားနပ်ရိက္ခာပစ္စည်းများမှာ ကုန်ပစ္စည်းအမျိုးအစား၊ ကာလတန်ဖိုးများအရ မတူကွဲပြားကြရာ အငြင်းပွားဖွယ်ရှိနိုင်သဖြင့် တိကျသောငွေကြေးတန်ဖိုး ထောက်ပံ့ခြင်းကို လက်လုပ်လက်စား အခြေခံပြည်သူများအနေဖြင့် ကျေနပ်နှစ်သက်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ ယခုအခါ တိုးတက်လာသော မိုဘိုင်းဆက်သွယ်ရေးစနစ်ဖြင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ကျေးလက်ဒေသများအရောက် ဆောင်ကြဉ်းနိုင်ပြီဖြစ်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ အတိအကျကောက်ယူထားသည့် အိမ်ထောင်စုစာရင်းအရ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်ကိုက်ညီသည့် လက်လုပ်လက်စား အခြေခံလူတန်းစားများအား လွယ်လင့်တကူ ငွေကြေးထောက်ပံ့ကူညီနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက လက်လုပ်လက်စား အခြေခံလူတန်းစားများအား ဒုတိယအကြိမ် ထောက်ပံ့ရေးအစီအစဉ်ကို အမြန်ဆုံးထောက်ပံ့နိုင်အောင် စီစဉ်ဆောင်ရွက်နေပြီဖြစ်ရာ ပထမအကြိမ်ထောက်ပံ့မှုကို သင်ခန်းစာယူ၍ ဒုတိယအကြိမ်တွင် ပိုမိုကောင်းမွန်သည့် ထောက်ပံ့မှုအစီအစဉ်ကို ကြိုးဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အိမ်ထောင်စု ၁၁ သန်းနီးပါးရှိသည့်အနက် အမှန်တကယ်လိုအပ်နေသည့် အခြေခံလူတန်းစားအိမ်ထောင်စု လေးသန်းနီးပါး အကူအညီအထောက်အပံ့ရရှိသည်ကို ကျန်အိမ်ထောင်စုများက မုဒိတာပွားဝမ်းမြောက်ဝမ်းသာ ဖြစ်ကြမည်ဟု မျှော်လင့်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ဗြဟ္မစိုရ်တရား ထွန်းကားသောနိုင်ငံဖြစ်ပြီး ယခုကဲ့သို့ ဘေးဒုက္ခအခက်အခဲများကြုံတွေ့နေရချိန်တွင် အမှန်တကယ် လိုအပ်နေသူများအား နိုင်ငံတော်အစိုးရနှင့်ပြည်သူအပေါင်းတို့က "သင်္ဂဟတရား" ဖြင့် ဝိုင်းဝန်းချီးမြှောက်ထောက်ပံ့ခြင်းဖြင့် ကောင်းခြင်းမင်္ဂလာအဖြာဖြာဝေဆာပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ဘေးဘယာဝေးကွာ၍ အေးချမ်းသာယာမည်ဟု ယုံကြည်ထားပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ် မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# မြို့သစ်မြို့နယ်၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်

**မြို့သစ် မေ ၁၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ဌာနဆိုင်ရာ အသီးသီးမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ် မီးသတ်ဦးစီးဌာနမှ ဆူးကောက် ပရဟိတကျောင်းနှင့် ရတနာသိမ်ကုန်းဘိုးဘွားရိပ်သာတို့သို့ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေလင်းကျော်နှင့်တပ်ဖွဲ့ဝင်များက ရင်ခွင်မဲ့ကလေးများအား ပြုစုစောင့်ရှောက်သည့် မြို့လုလင်ကျေးရွာ ဆူးကောက် ပရဟိတကျောင်းဝင်းအတွင်း၊ အပြင် နေရာအနှံ့ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ပြီး မြို့သစ်မြို့ ရတနာသိမ်ကုန်းကျောင်းတိုက်ရှိ ဘိုးဘွားရိပ်သာအား ကာကွယ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝင်းအိဇွန်(ပြန်/ဆက်)**



ကြေးမုံ

| | | | |
|---|---|---|---|
| **ခေတ္တ စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အငယ်တန်း** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| **သတင်းထောက်မှူး** | – ဦးမြင့်စိုး | **ဓာတ်ပုံသတင်းထောက်** | – ဦးခင်မောင်ဝင်း |
| **ဘာသာပြန်စာတည်းများ** | – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **အကြီးတန်း** | – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ | **စာပြင်** | – ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကချင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုတို့ကို Video Conferencing ဖြင့် ချိတ်ဆက်၍ ကြည့်ရှုစစ်ဆေး






**နေပြည်တော် မေ ၁၇**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ ကချင်ပြည်နယ် အတွင်းရှိ လမ်း၊ တံတားနှင့် ကျေးလက်လမ်း/တံတားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို စီမံကိန်း လုပ်ငန်းနေရာများနှင့် Video Conferencing ဖြင့် တိုက်ရိုက်ချိတ်ဆက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ရှေးဦးစွာ ကချင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးတင်မောင်အုန်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းတွင် လမ်းအထူးအဖွဲ့ နှစ်ဖွဲ့၊ တံတားအထူးအဖွဲ့ တစ်ဖွဲ့နှင့် ကုမ္ပဏီ ၁၄ ဖွဲ့တို့မှ ကွန်ကရစ်ခင်းခြင်း၊ တံတားတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းအပိုင်းတွင် ခရိုင်နှင့် ကုမ္ပဏီ ငါးဖွဲ့မှ Cement Stabilized ခင်းခြင်း၊ AC ခင်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှု၊ နမ္မတီး-တနိုင်း - ပန်ဆောင်လမ်းတွင် မြစ်ကြီးနားခရိုင်မှ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းနှင့် ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှု၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ လှူဒါန်းထောက်ပံ့မှုတို့နှင့် စပ်လျဉ်း၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းအပိုင်း လက်ရှိလုပ်ငန်း ဆောင်ရွက်မှုနှင့် လုပ်ငန်းတိုးတက်မှု၊ ကချင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ကချင်ပြည်နယ် လမ်းဦးစီးဌာန အနေဖြင့် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဓိက အရေးပါသည့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းတွင် လမ်းအထူးအဖွဲ့ နှစ်ဖွဲ့၊ တံတားအထူးအဖွဲ့ တစ်ဖွဲ့နှင့် ကုမ္ပဏီ ၁၄ ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်သည်။

အလားတူ မန္တလေး-လားရှိုး-ဗန်းမော် -မြစ်ကြီးနားလမ်းအပိုင်းတွင် ခရိုင်နှင့် ကုမ္ပဏီငါးဖွဲ့တို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီး၊ နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းသည် ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းဆွေက မိုးညှင်းမြို့နယ် နန့်မွန်း-ချောင်းဝ-ညောင်ပင်လမ်း ၁၆ ကီလိုမီတာနှင့် လယ်မီး - ကွင်းကြီး - ဇီးကုန်းလမ်း ၂ ဒသမ ၆ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝိုင်းမော်မြို့နယ်ရှိ ခတ်ချို-နောင်ပကပ်-ဇယ်ခမ်းလမ်း ၃ ဒသမ ၈ ကီလိုမီတာ၊ မုတ်လွဲ-ခတ်ချို-နောင်ဟီး-စန်းကား-တာစန်းကျေးရွာချင်းဆက်လမ်း ၄ ဒသမ ၂ ကီလိုမီတာ၊ ဝါရှောင်- ဒိန်းဂျန်ယန် - ဌေထုလမ်း ၁ ဒသမ ၈၅ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ယင်းနောက် မိုးကောင်းမြို့နယ်ရှိ ပွင့်ဖြူ - ထုံးရည်ပေါက်လမ်း ၂ဒသမ၆ ကီလိုမီတာ၊ အောက်ရှမ်းစုရွာ လယ်လမ်း ၁ ဒသမ၂ ကီလိုမီတာ၊ ဆားမှော် - ထီးချိုင့် - တောင်နီလမ်း ၃ ဒသမ ၄ ကီလိုမီတာ၊ နမ္မတီး-သူဌေးကုန်းလမ်း ၁ ကီလိုမီတာ၊ ပဲခူးစု - ဗန်းမော်ကုန်းလမ်း ၂ ကီလိုမီတာ၊ အောက်ရေရှင်-ညောင်ကုန်းလမ်း ၂ ဒသမ ၆ ကီလိုမီတာ၊ ဆားမှော်-ပြွန်သုံးလုံးလမ်း ၄ ဒသမ ၄ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ မံစီမြို့နယ်ရှိ ကျော်ခေါင်-မံဖွ ကျေးရွာချင်းဆက်လမ်း သုည ဒသမ ၆ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ရွှေကူမြို့နယ်ရှိ တိန်းဟွန်း - ကုန်းနု - မဏိဩဂ-ဘိုကုန်း-သပြေလှ ကျေးရွာချင်းဆက်လမ်း ၇ဒသမ၂ ကီလိုမီတာ အမာခံလမ်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မြစ်ကြီးနားမြို့နယ်ရှိ လွယ်ခေါ်-မလိခလမ်း ၁ ဒသမ ၆ ကီလိုမီတာ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းနှင့် ဗန်းမော်မြို့နယ်ရှိ စင့်ကင်-တိန်းသော် ကျေးရွာချင်းဆက်လမ်း ၂ ဒသမ ၈ ကီလိုမီတာ ကျောက်ချော ခင်းခြင်းလုပ်ငန်း၊ ပူတာအိုမြို့နယ်ရှိ မာမူးလှဲ - နမ်ဟော့ - လာဝါဒါးရွာလမ်း ၁ ဒသမ ၆ ကီလိုမီတာ သဲကျောက်ခင်းခြင်းလုပ်ငန်းနှင့် ဂျူဗလီ-မကပ်မုံလမ်း ၅ ဒသမ ၆ ကီလိုမီတာ ကျောက်ချော လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ကချင်ပြည်နယ်အတွင်း Pilot Project အဖြစ် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် တိုးတက်မှု အခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြိုးပမ်းမှုဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရာသီမရွေးသွားလာနိုင်သောလမ်း ၃၀ ဒသမ ၉၈ ရာခိုင်နှုန်း ခန့်သာရှိခဲ့ရာမှ ယခုအခါ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် ကုန်ဆုံးချိန်တွင် ရာသီမရွေးသွားလာနိုင်သောလမ်း ၃၁ ဒသမ ၅၀ ရာခိုင်နှုန်းအထိ တိုးတက်ဆောင်ရွက်ပြီးစီးမည် ဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးစောဇာနည်လှက ကချင်ပြည်နယ်အတွင်း "မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို " လမ်းပေါ်ရှိ တံတား ခုနစ်စင်း ရှိသည့်အနက် တည်ဆောက်ပြီး တံတားနှစ်စင်း၊ တည်ဆောက်ဆဲ တံတားသုံးစင်း၊ တည်ဆောက်ရန်ကျန်ရှိသည့် တံတားနှစ်စင်းတို့ကို လည်းကောင်း၊ "မဂွေဇ-ခေါင်လန်ဖူး" လမ်းပေါ်ရှိ တံတားနှစ်စင်းအနက် တည်ဆောက်ဆဲ တံတားတစ်စင်းနှင့် တည်ဆောက်ရန်ကျန်ရှိသည့် တံတားတစ်စင်းကိုလည်းကောင်း၊ "မချမ်းဘော့ - ဖရခ - ရပ်ဘော့ - နောင်မွန်" လမ်းပေါ်ရှိတံတား လေးစင်း တည်ဆောက်ပြီးစီးမှုကို လည်းကောင်း၊ ဆက်လက်၍ "မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား" လမ်းပေါ်ရှိ တံတားလေးစင်းအနက် တံတားတစ်စင်း တည်ဆောက်ပြီးစီးမှုနှင့် တံတားသုံးစင်း တည်ဆောက်ရန် ကျန်ရှိမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ကချင်ပြည်နယ်အတွင်း အဓိက လမ်းမကြီးဖြစ်သည့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းသည် ယခင်က ဗွက်တန်းကြီးများဖြစ်ပြီး သွားလာရေးအလွန် ခက်ခဲပါကြောင်း၊ ယခုအခါ အဆိုပါလမ်းပိုင်းကို ခရိုင်အဖွဲ့၊ အထူးအဖွဲ့များနှင့် ကုမ္ပဏီအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် တိုးတက်မှုများကို တွေ့မြင်ရသည့်အတွက် များစွာအားရကျေနပ်မိပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှ ဒေသဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ အဆိုပါ လမ်း၊ တံတားများ အရည်အသွေးပြည့်မီစွာဖြင့် ကောင်းမွန်ရန် လိုပါကြောင်း ၊ လမ်းများစတင်ဆောင်ရွက်စဉ်ကပင် လမ်းအင်္ဂါရပ်နှင့်အညီ စနစ်တကျ ဆောင်ရွက်ရန် လိုပါကြောင်း၊ မိုးတွင်းကာလ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး၊သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှု လုပ်ငန်းများ ဆောင်ရွက်ထားရှိရန် လိုပါကြောင်း၊ ကျေးလက်နေပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရန် ကျေးလက်လမ်း၊ တံတားများတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဆက်လက်၍လည်း လုပ်ငန်းများ တိုးတက်အောင် ကြိုးစားဆောင်ရွက်စေလိုပါကြောင်း မှာကြားသည်။

**သတင်းစဉ်**

---

### ❖ ရှေ့ဖုံးမှ

ဝယ်ယူထားသော တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ(PPE)နှင့် ဆက်စပ်ပစ္စည်းများအပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ကဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်သည့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများဖြစ်ပြီး ယင်းပစ္စည်းများ၏ စုစုပေါင်းကာလတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)က ဝယ်ယူထားသော အထောက်အကူပြုပစ္စည်းများအား လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို မြေပြင်တွင် လက်တွေ့ကွင်းဆင်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များထံ ၎င်းတို့၏ အစီအစဉ်ဖြင့် ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ဝယ်ယူထားသော ဆေးဝါးပစ္စည်းများအား WHO ၏ အစီအစဉ်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် နိုင်ငံတကာလေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းထားသည့်အတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၏ ရန်ကုန်နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ကို အပတ်စဉ် ချိတ်ဆက်ပေးနိုင်မည့် လူသားချင်းစာနာထောက်မှုဆိုင်ရာ လေကြောင်းပျံသန်းမှုအကူအညီ အစီအစဉ်ဖြင့် ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ခရီးစဉ်မှာ ဒုတိယအကြိမ်မြောက် ခရီးစဉ်ဖြစ်ပြီး ထောက်ပံ့ကူညီမှုပစ္စည်းများသယ်ဆောင်ရန် လေကြောင်းခရီးစဉ်များ၏ ကုန်ကျငွေများကို ဥရောပသမဂ္ဂနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ ငွေကြေးကူညီမှုဖြင့်ဆောင်ရွက်ခြင်း ဖြစ်သည်။

အဆိုပါလေကြောင်းပျံသန်းမှု ခရီးစဉ်တစ်ကြိမ်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ ၂ မက်ထရစ်တန်အထိ မြန်မာနိုင်ငံသို့ တင်ဆောင်သယ်ယူနိုင်မည့်အပြင် ကုလသမဂ္ဂနှင့် နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးမှုအကူအညီပေးရေးအဖွဲ့များ၏ ဝန်ထမ်းများကိုလည်း သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်မှုအနေဖြင့် မေ ၁၀ ရက်တွင် ပထမဆုံးအကြိမ်ခရီးစဉ်အဖြစ် Gavi (Global Alliance for Vaccines and Immunisation) အဖွဲ့၏ ထောက်ပံ့မှု၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၏ အစီအစဉ်ဖြင့် ဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ကိရိယာ (test kits)နှင့် ဆက်စပ်ပစ္စည်းများကို သယ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အလားတူ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆေးဝါး၊ စက်ပစ္စည်းနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ထောက်ပံ့ကူညီ လှူဒါန်းမှုများ ပြုလုပ်ခဲ့သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်၊ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

# မြင်းမူမြို့နယ် စိုင်မြစ်ကျေးရွာရှိ မီးဘေးသင့်ပြည်သူများအား ဆန်များ လှူဒါန်း



**မြင်းမူ မေ ၁၇**

မြင်းမူမြို့နယ် စိုင်မြစ်ကျေးရွာရှိ မီးဘေးသင့် ကျေးရွာသူ ကျေးရွာသားများအား စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ စသည့် စားသောက်ဖွယ်ရာများကို စစ်ကိုင်းမြို့ အနာဂတ်ရောင်ခြည် IBEC အသင်းက ယနေ့တွင် လာရောက်လှူဒါန်းကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် မီးဘေးသင့်ခဲ့သော မြင်းမူမြို့နယ် စိုင်မြစ်ကျေးရွာရှိအိမ်ခြေပေါင်း ၄၉ အိမ်မှ အိမ်ထောင်စုပေါင်း ၅၂ စုတို့အား တစ်အိမ်ထောင်လျှင် ဆန်လေးပြည်၊ ဆီတစ်ဘူး၊ ဆားတစ်ပိဿာ၊ ကြက်ဥ ၁၀ လုံးတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

IBEC အနာဂတ်ရောင်ခြည်အသင်းကြီး၏ အဖွဲ့ဝင်များကိုယ်တိုင် မီးဘေးသင့်ဒေသသို့ သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ IBEC ဆရာတော်က ယခုလို ပြုလုပ်ဆောင်ရွက်ရခြင်းမှာ အနာဂတ်ရောင်ခြည် IBEC အသင်းအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဘေးသာမက ကျန်သည့် လူမှုအခက်အခဲများ၊ သဘာဝဘေးအန္တရာယ်များပါမကျန် ထောက်ပံ့ လှူဒါန်းပေးခြင်းဖြစ်ပြီး မကြာခင်မှာလည်း ပဉ္စမမြောက် ခြေလှမ်းကို ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း မိန့်ကြားခဲ့ကြောင်း IBEC သတင်းနှင့်ပြန်ကြားရေးဌာနမှ သိရသည်။

အနာဂတ်ရောင်ခြည် IBEC အသင်းကို စတော့ဟုမ်းကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင် မဟာသဒ္ဓမ္မဇောတိကဓဇ IBEC ဆရာတော်ဒေါက်တာ အရှင်သောဘိတ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ၊ စားဝတ်နေရေးအတွက် ဆန်လှူဒါန်းမှုများ၊ သဘာဝဘေးအန္တရာယ် ကျရောက်လျက်ရှိသော နေရာများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ထိရောက်စွာ လှူဒါန်းကူညီပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပူတာအိုမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး ကွင်းဆင်းစစ်ဆေး

**ပူတာအို မေ ၁၇**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်အဆင့် ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်သည် တာဝန်ရှိသူများလိုက်ပါလျက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးဌာနမှ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးတို့ကို ယနေ့ နံနက် ၇ နာရီက မြို့မဈေး၊ ယာယီပျံကျဈေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေသော လုပ်ငန်းခွင်သို့ သွားရောက်ကာ အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

ပူတာအိုမြို့မဈေးနှင့် ယာယီပျံကျဈေးအတွင်း ဈေးရောင်းချသူများနှင့် ဈေးဝယ်ပြည်သူများ ကျန်းမာရေးဌာနမှ သတိပေးနှိုးဆော်ချက်များနှင့် စည်းကမ်းချက်များအားလိုက်နာရေး၊ နှာခေါင်းစည်းများ သုံးစွဲရာတွင် ရေရှည်အသုံးပြုနိုင်မည့် ကိုယ်တိုင်ချုပ်နှာခေါင်းစည်းများအသုံးပြုရေး၊ မြို့ပေါ်ရပ်ကွက်များတွင် ပါဆယ်စနစ်ဖြင့်ရောင်းချနေသော လက်ဖက်ရည်ဆိုင်များ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ပူတာအိုနန်းတော်ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေသော လုပ်သားများ ကျန်းမာရေးဌာနမှ သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးတို့ကို ကွင်းဆင်းသွားရောက်ကာ အသိပေးပြောကြားခဲ့ကြခြင်းဖြစ်သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် ပူတာအိုမြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှ ရဲမှူးထမ်းဟောင်း ၁၀၀တို့အား ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာများ ထောက်ပံ့ပေးအပ်



**ပုသိမ် မေ ၁၇**

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ညွန့်ဝင်းဆွေက ပုသိမ်ခရိုင်ရဲမှူးထမ်းဟောင်း ၁၀၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာနှင့် ဧရာဝတီတိုင်း ရဲတပ်ဖွဲ့မှူးရုံးရှိ ရဲဝန်ထမ်းများအတွက် နှာခေါင်းစည်း အခု ၁၀၀၀ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် ညွန့်ဝင်းဆွေက ရဲမှူးထမ်းဟောင်းများအား အားပေးစကားပြောကြားပြီး ရဲမှူးထမ်းဟောင်းတစ်ဦးလျှင် ၁၆ ရက်စာ ဆန် ၅ ပြည် ၆ ဘူး၊ ဆီ ၃၂ ကျပ်သား၊ ဆား ၂၈ ကျပ်သား၊ ပဲ ၄၈ ကျပ်သားနှုန်းစီဖြင့် စုစုပေါင်း ဆန် ၄၆ အိတ်၊ ဆီ ၆၃ ပိဿာ၊ ဆား ၅၅ ပိဿာ၊ ပဲ ၉၄ ပိဿာတို့အား ထောက်ပံ့ပေးအပ်ခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ ရဲတပ်ဖွဲ့ဝင်များအတွက် နှာခေါင်းစည်း အခု ၁၀၀၀ ကိုလည်း ပေးအပ်ခဲ့ရာ တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်းက လက်ခံ၍ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

တိုင်းမှူး ဗိုလ်မှူးချုပ်ညွန့်ဝင်းဆွေသည် မေ ၁၈ ရက်တွင် မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ရဲမှူးထမ်းဟောင်း ၅၆ဦး၊ မေ ၁၉ ရက်တွင် မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ရဲမှူးထမ်းဟောင်း ၄၀ တို့အားလည်း ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

**✻ အမျိုးသားကျန်းမာရေးမှ**

လှူဒါန်းမှုနှင့်ပတ်သက်၍ National Health Laboratory ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဒေါ်ဌေးဌေးတင်က “နေ့စဉ် အဖြေထုတ်နေရတဲ့ ဓာတ်ခွဲနမူနာများကို အနာဂတ်ကာလမှာ သုတေသနလုပ်နိုင်ဖို့အတွက် ကာလရှည်သိမ်းဆည်းထားနိုင်ဖို့၊ မော်လီကျူးလာနည်းဖြင့် စမ်းသပ်စစ်ဆေးတဲ့အခါမှာ သုံးဖို့လိုအပ်တဲ့ ဓာတ်ခွဲဆေးပစ္စည်းတွေကို သိုလှောင်မှု စတာတွေကို ဆောင်ရွက်နိုင်ဖို့ ကျွန်မတို့မှာ ( - ၈၀ ဒီဂရီ၊ - ၃၀ ဒီဂရီ ) ရှိတဲ့ Deep Freezer ကြီးတွေ ထားရပါတယ်။ ဒီစက်တွေက စဉ်ဆက်မပြတ် လုံလောက်တဲ့ ဓာတ်အားပမာဏရနေဖို့ လိုအပ်ပါတယ်။ ကမ္ဘောဇဘဏ်ရဲ့ လှူဒါန်းမှုဟာ ကိုဗစ်-၁၉ ရောဂါဆေးစစ်ချက်တွေ နေ့စဉ်ထုတ်ပေးရတဲ့ လုပ်ငန်းများအပြင် အခြားသော ရောဂါရှာဖွေဓာတ်ခွဲမှုများအတွက်လည်း များစွာအကျိုးရှိမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

ထို့အပြင် ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ရောဂါ ကာကွယ်ကုသနိုင်ရေးအတွက် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စတင်မဖြစ်ပွားမီကပင် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ဝယ်ယူနိုင်ရန် ငွေကျပ်သိန်း ၁၀၀၀ ကနဦး မတည်လှူဒါန်းခဲ့ခြင်း၊ ငွေကျပ်သိန်း ၁၄၀၀၀ ကျော် တန်ဖိုးရှိ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများကို ကုန်းလမ်းသာမက MAI စင်းလုံးငှား လေယာဉ်များဖြင့် သယ်ယူလှူဒါန်းခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများအတွက် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးပစ္စည်း ခြောက်မျိုးကို နေရာအရောက် နေ့စဉ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငွေကျပ်သိန်း ၉၀၀ လှူဒါန်း**

ရောဂါထိန်းချုပ် ကုသနိုင်ရေးသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ အခြေခံပြည်သူများအတွက် ငွေကျပ်သိန်း ၆၀၀၀ကျော် တန်ဖိုးရှိ ဆန်အိတ်များ ဖြန့်ဝေလှူဒါန်းခြင်း၊ ရှမ်းပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ လှူဒါန်းငွေကျပ် သိန်း ၂၀၀၀ မတည်ကာ ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို နိုင်ငံတွင်း အရေးပေါ် လိုအပ်သောနေရာများသို့ ဖြန့်ဝေလှူဒါန်းခြင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ကန့်သတ်စောင့်ကြည့်ရေးစခန်းဝင်နေသော စောင့်ကြည့်လူနာများအနက်မှ အခက်အခဲရှိသူများ၏ နေ့စဉ်စားစရိတ်အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရများအား ငွေကျပ်သိန်း ၃၀၀ စီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၉၀၀ ကို လှူဒါန်းခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကမ္ဘောဇအာမခံကုမ္ပဏီများဖြစ်သည့် KBZ MS General Insurance နှင့် KBZ Life တို့ကလည်း ငွေကျပ်သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီးများသို့ လှူဒါန်းခဲ့ခြင်း၊ ကမ္ဘောဇဘဏ်နှင့် ပူးပေါင်း၍ ငွေကျပ်သိန်း ၁၀၀၀ မတည်လှူဒါန်းခြင်း၊ ကာတွန်းဇာတ်ကောင်များဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးဆောင်ရွက်မှုများ အပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၅၀၀၀ ကို ပါဝင်လှူဒါန်းထားသည်။

**သယ်ဆောင်ပေး**

MAI နှင့် Air KBZ လေကြောင်းလိုင်းများမှလည်း ငွေကျပ်သိန်း ၁၅၀၀ ကို အမျိုးသားအဆင့် ကော်မတီသို့ လှူဒါန်းခြင်း၊ အမေရိကန်ဒေါ်လာ သုံးသိန်းခန့် အကုန်အကျခံကာ မလေးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ မြန်မာနိုင်ငံသား ၇၀၀ ကို ကယ်ဆယ်ရေးလေယာဉ်များဖြင့် အခမဲ့ ပြန်လည်ခေါ်ဆောင်ခြင်း၊ အရေးပေါ်လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများအား အရေးပေါ် သယ်ဆောင်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ကုသရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်သည် KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International (MAI) နှင့် Air KBZ တို့နှင့် လက်တွဲ၍ ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ ယခုအချိန်အထိ ငွေကျပ်သိန်းပေါင်း ၃၅၂၄ သိန်း လှူဒါန်းထားပြီး ဆက်လက်၍လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာများတွင် ပူးပေါင်းပါဝင်လှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်းစဉ်**




ကမ္ဘောဇဘဏ် ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်း ပါမောက္ခ ဒေါက်တာ ဒေါ်ဌေးဌေးတင်အား ၅၀၀ ကေဗွီအေ မီးစက် ပေးအပ်လှူဒါန်းစဉ်။

## အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

*(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)*



# YUFL ၌ အွန်လိုင်းသင်ကြားရေးစနစ် စတင်တော့မည်


**နေပြည်တော် မေ ၁၇**

နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်)သည် ကိုဗစ်-၁၉ ကာလ တက္ကသိုလ်များပိတ်ထားချိန်တွင် ကျောင်းသားကျောင်းသူများအား အွန်လိုင်းမှ သင်ကြားနိုင်ရေးအတွက် ရည်ရွယ်၍ တက္ကသိုလ်ရှိ ဆရာ ဆရာမများအား E-Campus (Moodle) အွန်လိုင်းသင်ကြားရေးသင်တန်း အမှတ်စဉ်(၁)ကို ဧပြီလလယ်မှစတင်ကာ ပါမောက္ခချုပ်ကိုယ်တိုင်ဦးစီးလျက် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဦးစွာလေ့လာဆန်းစစ်**

YUFL သည် တက္ကသိုလ်များ ပြန်လည်မဖွင့်နိုင်မီ ကျောင်းပြီးရန် လိုအပ်ချက်ရှိနေသည့် သင်တန်းအချို့ကို ဇူလိုင် ၁ ရက်တွင် အွန်လိုင်းသင်ကြားရေးစနစ်ဖြင့် ဖွင့်လှစ်ပို့ချသွားရန် စီစဉ်လျက်ရှိပြီး ထိုသို့သင်ကြားပြသပေးမည့် ဆရာ ဆရာမများကို အဆိုပါသင်တန်းတွင် လေ့ကျင့်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ သင်တန်းသား ဆရာ ဆရာမများကို ICT ကျွမ်းကျင်မှုများ ဦးစွာလေ့လာဆန်းစစ်မှုပြုပြီးမှ အသင့်တော်ဆုံးဖြစ်သည့် ၉၈ ဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။ အမှတ်စဉ်(၂)တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျန်ရှိသည့် ဆရာ ဆရာမများနှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ဆရာ ဆရာမ စုစုပေါင်း ၂၅၀ ကို ထပ်မံသင်ကြားပို့ချသွားမည်ဖြစ်ပြီး အမှတ်စဉ်နှစ်ခုလုံးမှ ဆရာ ဆရာမများအား မွမ်းမံသင်တန်းအဖြစ် ဇွန်လထဲတွင် ပြုလုပ်သွားမည်ဖြစ်သည်။

ဇူလိုင်လတွင် မဖြစ်မနေ အွန်လိုင်းမှ သင်ကြားပေးရမည့် သင်တန်းများမှာ တရုတ်နိုင်ငံမှ လာရောက်သင်ယူသည့် မြန်မာစာကျွမ်းကျင်မှုသင်တန်း၊ မဟာဘွဲ့သင်တန်းနှင့် ဘွဲ့ယူရန် နီးကပ်နေပြီဖြစ်သည့် နောက်ဆုံးနှစ်သင်တန်းများဖြစ်ကြောင်း သိရသည်။



**အွန်လိုင်းစာသင်ခန်း**

သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပါမောက္ခချုပ်က "YUFL ဟာ ကျောင်းရဲ့စာသင်ခန်းတွေကို ကျောင်းသားကျောင်းသူများရဲ့ ဖုန်းထဲအရောက် ပို့ဆောင်သွားမှာ ဖြစ်ပါတယ်။ ကျောင်းတွေ ပြန်ဖွင့်ရင်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ခပ်ခွာခွာနေဖို့ စည်းကမ်းသတ်မှတ်ချက်ဟာ ရှိနေဦးမှာ ဖြစ်ပါတယ်။ စာသင်ခန်းမှာ ကျောင်းသားဦးရေလျှော့ချပြီး သင်ကြားပို့ချဖို့ စီစဉ်ထားပါတယ်။ အွန်လိုင်းနဲ့ပို့ချတဲ့အခါမှာ ကမ္ဘာမှာ အသုံးအများဆုံးဖြစ်တဲ့ Moodle Learning System ကို ၇၀ ရာခိုင်နှုန်းအသုံးပြုပြီး ကျန်တဲ့ ၃၀ ရာခိုင်နှုန်းကို Microsoft Teams Video Conferencing System ကို အသုံးပြုဖို့ စီစဉ်ထားပါတယ်။ ဆရာ ဆရာမတွေဟာ ကျောင်းသားတွေအတွက် အွန်လိုင်းစာသင်ခန်းထဲမှာ resources တွေ၊ learning activity တွေ၊ workshop တွေကို ဖန်တီးပေးထားပါတယ်။ အွန်လိုင်းစာသင်ခန်းပေါင်း ၁၀၀ ဖန်တီးထားရှိပြီးဖြစ်ပြီး နောက်ပိုင်းမှာ ၂၀၀ လောက်ထိရှိလာမှာဖြစ်ပါတယ်။ စီမံခန့်ခွဲမှုအနေနဲ့ ကျောင်းသားကျောင်းသူ ထောင်ချီပြီး စာရင်းသွင်းလက်ခံနိုင်ဖို့လည်း ပြင်ဆင်လျက်ရှိပါတယ်"ဟု ပြောပြသည်။

ဒုတိယပါမောက္ခချုပ် ဒေါက်တာမိမိအောင်က "ဆရာ ဆရာမ တစ်ယောက်ဆီကနေ သင်ခန်းစာသုံးခုလောက်ဒီဇိုင်းဆွဲနိုင်ခဲ့ပြီး ၄၂ ဦးက ဖန်တီးလုပ်ဆောင်နိုင်မှု ကောင်းတာကြောင့် ထူးချွန်ဆုများ ရရှိခဲ့ပါတယ်။ YUFL ဟာ တက္ကသိုလ်များ ရပ်နားထားချိန်မှာ အွန်လိုင်းသင်ကြားရေးစနစ်ကို အကောင်အထည်ဖော် လုပ်ဆောင်နိုင်ခဲ့ပြီး အွန်လိုင်းသင်ကြားရေးစနစ်နဲ့ တက္ကသိုလ်ဖွင့်နိုင်တဲ့စနစ်ကို ရောက်ရှိနေပြီဖြစ်ပါတယ်"ဟု ဝမ်းမြောက်စကား ပြောပြသည်။

ယခုဖွင့်လှစ်သည့် အမှတ်စဉ်(၁)သင်တန်း၌ ထူးချွန်ဆုရရှိသူ ၄၂ ဦးအား ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ ဒေါက်တာသူရိန်နိုင်အောင်ဟိန်းက တစ်ဦးလျှင် ငွေကျပ်သုံးသောင်းစီ ချီးမြှင့်ခဲ့သည်။

အဆိုပါ E-Campus (Moodle) အွန်လိုင်းသင်ကြားရေးသင်တန်း အမှတ်စဉ်(၁)သည် တစ်လကြာဖွင့်လှစ်သင်ကြားလေ့ကျင့်ပြီးနောက် သင်တန်းဆင်းပွဲကို ယနေ့ ကျင်းပရာ သင်တန်းနည်းပြ ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်နှင့် ဒုတိယပါမောက္ခချုပ်၊ တာဝန်ရှိသူများ၊ သင်တန်းသား ဆရာ ဆရာမများ၊ ဖိတ်ကြားထားသူများ၊ သတင်းဌာနများမှ တာဝန်ရှိသူများက Microsoft Teams ကို အသုံးပြုကာ အွန်လိုင်းမှ တက်ရောက်ခဲ့ကြသည်။ သင်တန်းဆင်းပွဲ မစတင်မီ ဆရာမတစ်ဦးက Moodle အပလီကေးရှင်း အသုံးပြုပုံကို Video Clip ဖြင့် အွန်လိုင်းမှ Screen Share ပြုလုပ်ကာ ရှင်းလင်းပြသပြီး ဆရာ ဆရာမများကလည်း ၎င်းတို့၏ အွန်လိုင်းစာသင်ခန်းများကို ရှင်းလင်းပြသသည်။

ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါကပ်ဘေးကြောင့် တက္ကသိုလ်၊ ကျောင်းများ၌ Face to Face စာသင်ကြားရန် အခက်အခဲဖြစ်နေချိန်တွင် ယခုကဲ့သို့ အွန်လိုင်းမှတစ်ဆင့် ပညာသင်ကြားရေးစနစ်သည် လိုအပ်ချက် အနည်းငယ်မျှရှိမည်ဆိုသော်လည်း ရေရှည်တွင် အကျိုးရှိအောင်မြင်မည့် သင်ကြားရေးစနစ်တစ်ခုဖြစ်လာမည်ဟု ပညာရေးအသိုင်းအဝိုင်းမှ သိရသည်။

**ဇေယျာ(မိုင်ရာ)**

# ရောဝတီတိုင်းဒေသကြီးအတွင်း ယခုနှစ်အတွက် ပျိုးပင်ပေါင်း ၉၂ သိန်းကျော် ပျိုးထောင်ထားပြီး ပြည်သူများသို့ ၁၄ သိန်းကျော် ဖြန့်ဝေသွားမည်

**ပုသိမ် မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီးအတွင်း သစ်တောကြိုးဝိုင်း ၃၅ ခု၊ ကြိုးပြင်ကာကွယ်တော နှစ်ခု၊ သဘာဝထိန်းသိမ်းရေးနယ်မြေ နှစ်ခု၊ သစ်တောမြေစုစုပေါင်း ဧရိယာ ၁၅၄၁၂၆၅ ဧက ရှိသည်။

**၁၀ နှစ်စီမံကိန်း**

ပျက်စီးပြုန်းတီးသွားခဲ့သည့် သဘာဝတောများနေရာ၌ ပြန်လည်အစားထိုးနိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန်၊ ဂေဟစနစ်ညီညွတ်မျှတပြီးဒေသခံတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသခံပြည်သူတို့၏ ထင်း၊ လောင်စာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်နှင့် နိုင်ငံတော်၏စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစေရန်ရည်ရွယ်၍သစ်တောဦးစီးဌာနက မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ ခုနှစ်မှစ၍ ၁၀ နှစ်တာ စီမံကိန်းကာလသတ်မှတ်ပြီး အကောင်အထည် ဖော်လျက်ရှိသည်။

တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှူး ဦးကျော်ဇေယျက သစ်တောဦးစီးဌာနမှ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး (၂၀၁၇-၂၀၁၈ နှစ်မှ ၂၀၂၆-၂၀၂၇ နှစ်အထိ) ၁၀ နှစ်တာ စီမံကိန်းကာလအတွင်း တိုင်းဒေသကြီးအတွင်း၌ စီးပွားရေးစိုက်ခင်း ဧက ၂၄၄၂၀၊ ဒီရေတောစိုက်ခင်း ဧက ၂၈၀၀၀၊ ကျေးရွာထင်းစိုက်ခင်း ဧက ၁၈၀၀၀ စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် မိုးရာသီ၌ တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ စီးပွားရေးစိုက်ခင်း (ကျွန်း/ပျဉ်းကတိုး) ၂၄၈၅ ဧက၊ ဒီရေတောစိုက်ခင်း ဧက ၂၈၀၀၊ ကျေးရွာထင်းစိုက်ခင်းဧက ၆၀၀၊ စုစုပေါင်း ၅၈၈၅ ဧကတို့အား စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်ကြောင်း လူထုဖြန့်ပျိုးပင် ၁၄၁၅၈၀၀ ပင်အား လူထုသို့ ဖြန့်ဝေပေးအပ်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံပိုင်စိုက်ခင်းများ စိုက်ပျိုးရန် ဆောင်ရွက်ရမည့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီး မိုးရွာသွန်းသည်နှင့် တစ်ပြိုင်နက် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်စိုက်ခင်းများ တည်ထောင်ရန်နှင့် လူထုဖြန့်ပျိုးပင် ၁၄၁၅၈၀၀ အပါအဝင် ပျိုးပင်စုစုပေါင်း အပင် ၉၂၇၇၄၂၀ အား ပျိုးထောင်ထားပြီးဖြစ်ကြောင်း ပြောသည်။

**အဓိကထားစိုက်ပျိုးမည်**

ဒီရေတောစိုက်ခင်းများသည် ဧရာဝတီတိုင်းဒေသကြီးအတွက် အရေးကြီးသည့်လုပ်ငန်းဖြစ်သည်။ လှိုင်းဒဏ်၊ မုန်တိုင်းဒဏ် စသည့် သဘာဝဘေးဒဏ်များမှ ကာကွယ်ရန်နှင့် ရေနေသတ္တဝါများ နေ့စဉ်ရှင်သန်ကြီးထွားနိုင်ရေးအတွက် အဓိကအကျဆုံးဖြစ်၍ ယခုနှစ်တွင် ဒီရေတောစိုက်ခင်းတွင် ပျိုးပင် ၃၅ သိန်းခန့်အား ဘိုကလေး၊ လပွတ္တာ၊ ဖျာပုံဒေသတို့တွင် အဓိကထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုတွတ် (ပြန်/ဆက်)**



# မိုးကြိုကာလတွင် သဘာဝဘေးအန္တရာယ်များကို သတိပြုစေလို

**မောင်သောင်းဝင်း(တမန်ဟောင်း)**

မြန်မာနိုင်ငံတွင် မိုးကြိုကာလဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလတို့တွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေကျခြင်းများ ဖြစ်ပေါ်လေ့ရှိသည်။ ယခုနှစ်တွင်လည်း ဧပြီလ ၁၇ ရက်နေ့မှ စ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် လေပြင်းတိုက်ခတ်မှုများ၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်ခဲ့ရာ လမ်းများပိတ်ဆို့ခြင်း၊ အဆောက်အဦများ ပျက်စီးခြင်း၊ လူနှင့် တိရစ္ဆာန်များ သေကျေ၊ ထိခိုက်ဆုံးရှုံးခြင်းများ ဖြစ်ပွားခဲ့ရသည်။

### ဖြစ်ပေါ်လေ့ရှိ

နှစ်စဉ် မိုးကြိုကာလတွင် “မိုးတိမ်တောင်များကြောင့် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ လေဆင်နှာမောင်းတိုက်ခြင်း၊ ရေဆင်နှာမောင်းတိုက်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခြင်း၊ ပင်လယ်မီးစုန်းတောက်ခြင်း”ဆိုသည့် ရာသီဥတု ၁၀ မျိုး ဖြစ်ပေါ်တတ်သည်။ ထိုရာသီဥတုဖြစ်စဉ်များကြောင့် မိုးသက်လေပြင်းများ တိုက်ခတ်ပြီး မိုးရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်လေ့ရှိသဖြင့် သစ်ပင်များလဲခြင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း၊ လူနေအိမ်နှင့် စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းတို့အပြင် လူနှင့် တိရစ္ဆာန်များလည်း သေကျေ၊ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားတတ်သည်။

### သဘာဝဘေးအန္တရာယ်များ

ဆိုရလျှင် ကမ္ဘာကြီးသည် တဖြည်းဖြည်း ပူနွေးလာလျက်ရှိသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် လူသားတို့သည် သဘာဝဘေးအန္တရာယ်မျိုးစုံကို ရင်ဆိုင်ကြုံတွေ့နေကြရပြီ ဖြစ်သည်။ အမှန်တော့ သက်ရှိများမှီတင်းနေထိုင်လျက်ရှိသည့်ကမ္ဘာမြေကြီးတွင် သဘာဝအလျောက် ရုတ်တရက်ပြောင်းလဲဖြစ်ပေါ်လာသည့် ဖြစ်စဉ်တစ်ရပ်ကို သဘာဝဘေးအန္တရာယ်ဟု ခေါ်ဆိုကြသည်။ သာဓကအနေဖြင့် မြေငလျင်လှုပ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရေလျှံခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီလှိုင်းများမြင့်တက်လာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရောဂါအသစ်အဆန်းများကျရောက်ခြင်း စသည့် အန္တရာယ်များပင် ဖြစ်သည်။ ထိုအန္တရာယ်များကြောင့် သေကျေ၊ ထိခိုက်၊ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားနိုင်ပါသည်။

ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပြင်းထန်များပြားလာခဲ့သည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း မြေလျှင်လှုပ်မှုများ၊ အင်အားပြင်းထန်သော လေမုန်တိုင်းကြီးများ တိုက်ခတ်မှုများနှင့် အပူလှိုင်းဖြတ်မှုများသည် အကြိမ်ရေပိုမိုများပြားလာခဲ့သည်။ ထိုသဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်၊ သေကျေ၊ ပျက်စီးဆုံးရှုံးမှုများလည်း များပြားခဲ့သည်။ တချို့သောဒေသများတွင် မုန်တိုင်းဒဏ်ခံသောအဆောက်အဦများ ကြိုတင်ဆောက်လုပ်ထားသော်လည်း ဆုံးရှုံးမှုများရှိနေဆဲပင်ဖြစ်သည်။

သိပ္ပံပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ၊ မိုးလေဝသပညာရှင်များနှင့် မုန်တိုင်းစောင့်ကြည့် လေ့လာသူများသည် ကြီးမားသောသဘာဝဘေးအန္တရာယ်များကို ကြိုတင်ခန့်မှန်းရန် အခက်တွေ့လျက်ရှိကြသည်။ ခေတ်မီနည်းပညာများဖြင့် မုန်တိုင်းများ၊ နှင်းမုန်တိုင်းများ၊ ဆိုင်ကလုန်းမုန်တိုင်းများနှင့် မိုးလေဝသနှင့်ဆက်စပ်သော အခြားသဘာဝဘေးများကိုသာ ကြိုတင်ခန့်မှန်းတွက်ချက်နိုင်ကြပါသည်။ မည်သို့ပင်ဆိုစေကာမူ မမျှော်လင့်သည့်အချိန်တွင် ဖြစ်ပေါ်လာနိုင်သည့် မြေငလျင်လှုပ်ခတ်မှုများ၊ တောမီးလောင်မှုများ၊ မြေပြိုမှုများနှင့် မီးတောင်ပေါက်ကွဲမှုများသည် လူသားတို့ကို ပျက်စီးဆုံးရှုံးမှုကြီးမားစေသော သဘာဝဘေးအန္တရာယ်များအဖြစ် ဆက်လက်ခြိမ်းခြောက်လျက်ရှိသည်။

### တိရစ္ဆာန်များက သတိပေး

ယခုနှစ်နွေရာသီအပူချိန်သည် စံချိန်တင်မြင့်တက်လျက်ရှိသည်။ အကျိုးဆက်အနေဖြင့် အပူချိန် မြင့်တက်မှုဒဏ်ခံရခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မီးဘေးအန္တရာယ်ကြုံတွေ့ရခြင်း စသည့်သဘာဝဘေးအန္တရာယ်မျိုးစုံနှင့်ကြုံတွေ့ရလေ့ရှိသည်။ ထို့အပြင် မိုးကြိုကာလတွင် မိုးတိမ်တောင်များကြောင့် မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်းတို့ဖြစ်တတ်သည်။ မိုးကြိုးပစ်ခြင်းကြောင့် လူနှင့် တိရစ္ဆာန်များ သေကျေ၊ ထိခိုက်ခြင်း၊ မိုးကြီးခြင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခြင်းကြောင့် ခရီးသည်တင်သင်္ဘောများနှင့် ငါးဖမ်းလှေများ တိမ်းမှောက်ခြင်း၊ လူများပျောက်ဆုံးခြင်း၊ မိုးရွာသွန်းမှုကြောင့် တောင်ပေါ်ဒေသများတွင် မြေပြိုခြင်း၊ ချောင်းရေများပြည့်လျှံပြီး လူနှင့် တိရစ္ဆာန်များ မျောပါခြင်းများ ဖြစ်ပွားတတ်ပေသည်။ ထို့ကြောင့် မိုးကြိုကာလတွင် ဖြစ်ပေါ်တတ်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်သတိပြုသွားစေလိုပါသည်။

စာရေးသူတို့ငယ်စဉ်က မိဘများသည် မိုးဦးလေဦးကာလအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လေ့ရှိသည်။ တိရစ္ဆာန်များ၊ အထူးသဖြင့် ငှက်များ၏နေထိုင်မှုပုံစံကို ကြည့်၍ လေပြင်းတိုက်ခတ်နိုင်သည်၊ မိုးကြီးနိုင်သည်ကို ကြိုတင်သိနိုင်သည်။ သာဓကအနေဖြင့် ကျီးကန်းများသည် အသိုက်ကို သစ်ပင်ခွဆုံတွင် လုပ်ထားမည်၊ ထူထူထဲထဲ အသိုက်ဆောက်ထားမည်ဆိုလျှင် ထိုနှစ်တွင် လေပြင်း မုန်တိုင်းကျတတ်ပြီး မိုးလည်းကြီးတတ်သည်။

ငှက်များသည် သစ်ပင်ကိုင်းဖျားတွင် အသိုက်လုပ်ထားမည်ဆိုလျှင် လေပြင်းအန္တရာယ်ကို စိုးရိမ်စရာမလိုပေ။ ပုရွက်ဆိတ်များသည် အုပ်စုလိုက်အမြင့်ပိုင်းကို ရွှေ့နေမည်ဆိုလျှင်၊ အစာများကိုသယ်နေမည်ဆိုလျှင် မိုးကြီးမည်၊ ရေကြီးမည်ဖြစ်သည်။ ငလျင်လည်း လှုပ်တတ်သည်။ ရေထည့် ထားသောစဥ့်အိုးများအောက်မှ ဖားများအဆက်မပြတ်အော်နေပြီဆိုလျှင်၊ ပုစဉ်းရင်ကွဲများ အဆက်မပြတ်အော်နေပြီဆိုလျှင်၊ ပျံလွှားများ ခပ်နိမ့်နိမ့်ပျံနေပြီဆိုလျှင်၊ ပုစဉ်းများမြေကြီးနှင့်ကပ်လျက် ပျံနေပြီဆိုလျှင်၊ ညဘက်တွင် တောက်တဲ့များ အဆက်မပြတ်အော်နေပြီဆိုလျှင် တစ်ရက်နှစ်ရက်အတွင်း မိုးရွာတော့မည်ဖြစ်သည်။ တိရစ္ဆာန်များ အိပ်တန်းစောစောဝင်နေပြီဆိုလျှင် လေပြင်းတိုက်ခတ်တော့မည် ဖြစ်သည်။

### ကြိုတင်ပြင်ဆင်ထားသင့်

မိုးကြိုကာလတွင်ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်သည်။ အထူးသဖြင့် ကျေးလက်နေ တောင်သူဦးကြီးများသည် ကောက်ပဲသီးနှံများနှင့် ကျွဲ၊ နွားများအတွက် မြက်ခြောက်များ၊ ကောက်ရိုးများကို အမိုးအကာအောက်သို့ လုံခြုံစွာရွှေ့ပြောင်းထားသင့်သည်။ လူနှင့်တိရစ္ဆာန်များအတွက် သောက်သုံးရေစုဆောင်းထားသင့်သည်။ ထို့အပြင် စားနပ်ရိက္ခာလုံလောက်အောင်လည်း ကြိုတင်စုဆောင်းထားသင့်ပေသည်။ ရေလုပ်သားကြီးများအနေဖြင့် ကမ်းခြေနှင့် ဝေးကွာလွန်းသောနေရာများသို့ ငါးဖမ်းမထွက်သင့်ပေ။ ငါးဖမ်းလှေများကို ခိုင်ခံ့စွာချည်ထားခြင်း၊ ကျောက်ချထားခြင်းများ ဆောင်ရွက်သင့်သည်။ မိုးသက်မုန်တိုင်းကျရောက်လျှင် မီးပြတ်တတ်သည်မှာ သဘာဝပင် ဖြစ်သည်။ ထို့ကြောင့် ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင်၊ မီးသွေးစသည့် အထောက်အကူပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားသင့်သည်။ ထိခိုက်ဒဏ်ရာရရှိလျှင် အရေးပေါ်ပြုစုကုသနိုင်ရန်အတွက် အိမ်တွင်းသုံးဆေးဝါးများ၊ ပတ်တီးများကိုလည်း အသင့်ပြင်ထားသင့်ပေသည်။

အထူးသဖြင့် လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့နေသဖြင့် မိုးကြိုကာလတွင် ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များကြောင့် တစ်ပူပေါ်နှစ်ပူဆင့် ဖြစ်လာနိုင်ပေသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် တိုက်တွန်းအကြံပြုချက်များ၊ ဆောင်ရန်၊ ရှောင်ရန်များကိုသာ အတိအကျလိုက်နာသွားမည်ဆိုလျှင် ကပ်ရောဂါဆိုးကြီးကို အလိုအလျောက်ကာကွယ်နိုင်သလို မိုးကြိုကာလတွင် ကြုံတွေ့ရတတ်သည့် အပူရှပ်ခြင်း၊ ခရမ်းလွန်ရောင်ခြည် သင့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းအပါအဝင် ကူးစက် ရောဂါမျိုးစုံကို ကြိုတင်ကာကွယ်သွားနိုင်ပါသည်။

### မိုးကြိုကာလ သဘာဝဘေးအန္တရာယ်များ သတိပြုစေလို

ဆိုရလျှင် နွေရာသီတွင် ပူပြင်းခြောက်သွေ့လွန်းသဖြင့် လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းလာလျှင် ကလေးများသည် မိုးရေထွက်ချိုးတတ်ကြသည်။ လူကြီးများသည် ကလေးများကို ထိုသို့ မိုးရေမချိုးခိုင်းသင့်ပေ။ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ကိုင်းများ ဓာတ်တိုင်ပေါ်သို့ ပြုတ်ကျရာမှ ဓာတ်ကြိုးများ ပြတ်တောက်ပြီး မြေကြီးပေါ်သို့ ကျနေတတ်သည်။ မိုးရေချိုးနေသောကလေးသည် လျှပ်စစ်စီးဝင်နေသော ဓာတ်ကြိုးစနှင့်ထိမိမည်ဆိုလျှင် ဓာတ်လိုက်ခံရမည်ဖြစ်သည်။ ဗို့အားပြင်းလျှင် သေဆုံးမည်ဖြစ်သည်။

မိုးရေထဲတွင်ရေချိုးရင်း ဓာတ်လိုက်သေဆုံးခဲ့ရသည့် ဖြစ်စဉ်တစ်ခုကို စာရေးသူငယ်စဉ်က စိတ်မကောင်းဖွယ်ရာ ကြုံတွေ့ခဲ့ဖူးသည်။ ထိုစဉ်က ကလေးတစ်ယောက်သည် မိုးရွာနေစဉ် ရေထွက်ချိုးရာမှ ပြတ်ကျနေသော ဓာတ်ကြိုးစကို ထိမိသဖြင့် ဓာတ်လိုက်သေဆုံးခဲ့ရသည်။ ဓာတ်လိုက်ခံရသည့် ထိုကလေးကိုဝင်ဆွဲသည့် ဖခင်ဖြစ်သူလည်း ဓာတ်လိုက်သေဆုံးခဲ့ရသည်။ ဖခင်နှင့်သား နှစ်ဦးစလုံးသည် တစ်နေရာတည်းတွင် ချက်ချင်းသေဆုံးခဲ့ရသည်။ မည်သူမျှမကူညီနိုင်ဘဲ စိတ်မကောင်းစွာဖြင့် ကြည့်နေခဲ့ရသည်။ မိခင်ဖြစ်သူမှာ သောကဝေခဲ့ရသည်။

အမှန်တော့ မိဘများသည် ကလေးများကို အလိုမလိုက်သင့်ပေ။ မိုးရေချိုးချင်လျှင် ရေပုံးဖြင့်ခံ၍ ချိုးလျှင်ရသည်။ တတ်နိုင်ပါက မိုးသက်လေပြင်းတိုက်နေလျှင် အပြင်သို့မထွက်တာ အကောင်းဆုံးဖြစ်သည်။ လွင်တီးခေါင်ကွင်းပြင်များသို့ထွက်မည်ဆိုလျှင်၊ သစ်ပင်ကြီးများအောက်သို့ဝင်မည်ဆိုလျှင် မိုးကြိုးပစ်ခံရတတ်သည်။ ထို့အပြင် မိုးကြီး၊ လေကြီးကျနေချိန်တွင် လွင်တီးကွင်းပြောင်၌ တယ်လီဖုန်းပြောဆိုလျှင် မိုးကြိုးပစ်ခံရတတ်သည်။

ထိုသို့မိုးရွာသွန်းပြီးချိန်တွင် ညဘက်၌ ဓာတ်မီးမပါဘဲ အမှောင်ထဲသွားမည်ဆိုလျှင် မြွေဆိုးနှင့် အဆိပ်ပြင်းသော ကင်းတို့၏အန္တရာယ်ကို ကြောက်ရသည်။ တွင်းအောင်းသတ္တဝါများဖြစ်သည့် မြွေနှင့် ကင်းတို့သည် မိုးရွာပြီးသည်နှင့် အပြင်သို့ထွက်တတ်ကြသည်။ ထို့အပြင် မိုးသက်လေပြင်းတိုက်နေလျှင် လျှပ်စစ်မီးခလုတ်များ၊ တီဗွီများကိုလည်း ပိတ်ထားသင့်သည်။ နေအိမ်အတွင်းသို့ဝင်သည့် ဘရိတ်ကာများကို ချထားသင့်ပေသည်။

ဆိုရလျှင် မိုးကြိုကာလတွင် မိုးတိမ်တောင်များကြောင့် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခြင်း၊ လေဆင်နှာမောင်းတိုက်ခြင်း၊ ရေဆင်နှာမောင်းတိုက်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခြင်း၊ ပင်လယ်မီးစုန်းတောက်ခြင်းတို့ ဖြစ်ပေါ်တတ်သည်။ ထိုသို့ဖြစ်လျှင် နောက်ဆက်တွဲသဘာဝဘေးအန္တရာယ်များကိုလည်း ကြုံတွေ့ရတတ်သည်။ အကျိုးဆက်အနေဖြင့် လူနေအဆောက်အအုံများ ပျက်စီးခြင်း၊ လူနှင့် တိရစ္ဆာန်များ သေကျေ၊ ထိခိုက်ဒဏ်ရာရရှိခြင်းများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် မိုးကြိုကာလတွင်ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အကောင်းဆုံးကြိုတင်ပြင်ဆင်ထားသင့်ပေသည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံသားအားလုံးအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးအပါအဝင် မိုးကြိုကာလတွင် ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်များကို သတိရှိရှိဖြင့် ကျော်လွှားသွားနိုင်ကြပါစေ။ ။

**လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့နေသဖြင့် မိုးကြိုကာလတွင်ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များကြောင့် တစ်ပူပေါ်နှစ်ပူဆင့် ဖြစ်လာနိုင်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် တိုက်တွန်းအကြံပြုချက်များ၊ ဆောင်ရန်၊ ရှောင်ရန်များကိုသာ အတိအကျလိုက်နာသွားမည်ဆိုလျှင် ကပ်ရောဂါဆိုးကြီးကို အလိုအလျောက် ကာကွယ်နိုင်သလို မိုးကြိုကာလတွင် ကြုံတွေ့ရတတ်သည့် အပူရှပ်ခြင်း၊ ခရမ်းလွန်ရောင်ခြည် သင့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းအပါအဝင် ကူးစက်ရောဂါမျိုးစုံကို ကြိုတင်ကာကွယ်သွားနိုင်။**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၃၉၉၉ | ၁၈၄ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၉၇ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၄၂၆၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၈၄ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထား၍)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းပေါ်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၈ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၇ | |
| ၅ | ရှမ်း(မြောက်) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၈၄ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၇-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၅၀၉၃၄၁ | ၃၃၉၅၄၇ | ၉၀၁၃၄ |
| ရုရှား | ၂၈၁၇၅၂ | ၆၇၃၇၃ | ၂၆၃၁ |
| စပိန် | ၂၇၇၇၁၉ | ၁၉၅၉၅၄ | ၂၇၆၅၀ |
| ဗြိတိန် | ၂၄၀၁၆၁ | စိစစ်ဆဲ | ၃၄၄၆၆ |
| ဘရာဇီး | ၂၃၃၅၁၁ | ၈၉၆၇၂ | ၁၅၆၆၂ |
| အီတလီ | ၂၂၄၇၆၀ | ၁၂၂၈၁၀ | ၃၁၇၆၃ |
| ပြင်သစ် | ၁၇၉၃၆၅ | ၆၁၀၆၆ | ၂၇၆၂၅ |
| ဂျာမနီ | ၁၇၆၄၅၀ | ၁၅၃၄၀၀ | ၈၀၂၇ |
| တူရကီ | ၁၄၈၀၆၇ | ၁၀၈၁၃၇ | ၄၀၉၆ |
| အီရန် | ၁၂၀၁၉၈ | ၉၄၄၆၄ | ၆၉၈၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၂၈၀၃၈ | ၈၃၄၂ | ၂၂ |
| အင်ဒိုနီးရှား | ၁၇၅၁၄ | ၄၁၂၉ | ၁၁၄၈ |
| ဖိလစ်ပိုင် | ၁၂၅၁၃ | ၂၆၃၅ | ၈၂၄ |
| မလေးရှား | ၆၈၉၄ | ၅၅၇၁ | ၁၁၃ |
| ထိုင်း | ၃၀၂၈ | ၂၈၅၆ | ၅၆ |
| ဗီယက်နမ် | ၃၂၀ | ၂၆၀ | ၀ |
| မြန်မာ | ၁၈၄ | ၉၇ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၆ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

facebook



## မိမိကိုယ်မိမိ ထိခိုက်စေမှုကို ရှောင်ပါ

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

## မေ ၁၇ ရက်တွင် ကိုဗစ်–၁၉ ရောဂါပိုးရှိသူ နှစ်ဦးထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၈၄ ဦးအထိ ရှိလာ

**နေပြည်တော် မေ ၁၇**

ယနေ့တွင် ကိုဗစ်–၁၉ ရောဂါပိုးရှိသူ လူနာနှစ်ဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၈၄ ဦးအထိရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးရှိသူ နှစ်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့မှဖြစ်ကြကာ အသက် ၄၁ နှစ်အရွယ် တစ်ဦးနှင့် ၅၇ နှစ် အရွယ်တစ်ဦးတို့ဖြစ်သည်။

ပိုးတွေ့လူနာ ၁၈၄ ဦးအနက် သေဆုံးသူခြောက်ဦး၊ ပိုးမတွေ့သူ စုစုပေါင်း ၉၇ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၈၄ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သတင်းစဉ်

## နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ကိုဗစ် - ၁၉ ရောဂါဖြင့် ကုသမှုခံယူနေသော စစ်သည်အား နှစ်ကြိမ်ဆက်တိုက် စစ်ဆေးခဲ့ရာ ရောဂါပိုးတွေ့ရှိရမှု မရှိ

**နေပြည်တော် မေ ၁၇**

နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော စစ်သည်တစ်ဦးတွင် ဓာတ်ခွဲအတည်ပြုချက်အရ ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိခဲ့ရကြောင်းနှင့် ၎င်းစစ်သည်ကို တပ်မတော်မှ ကြိုတင်စီစဉ်ထားသည့် ကိုဗစ် –၁၉ ရောဂါ အထူးကုသရန် သတ်မှတ်ထားသောဆေးရုံ၌ ကုသမှုခံယူစေလျက်ရှိကြောင်း မေ ၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**စောင့်ကြည့်ကုသသွားမည်**

၎င်းစစ်သည်ကို လိုအပ်သည့်ကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ကိုဗစ် – ၁၉ ရောဂါကုသမှုလုပ်ငန်း လမ်းညွှန်ချက်များအတိုင်း ရောဂါပိုးတွေ့ရှိရသော အတည်ပြုကာလရက်မှ ၁၁ ရက် ပြည့်မြောက်ခဲ့သော မေ ၁၅ ရက်နှင့် ၁၃ ရက် ပြည့်မြောက်ခဲ့သော ယနေ့ (မေ ၁၇ ရက်) တို့တွင် ၎င်းစစ်သည်၏ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်တို့အား ရယူ၍ နှစ်ကြိမ်ဆက်တိုက် ဓာတ်ခွဲစစ်ဆေးခဲ့ရာ ကိုဗစ် – ၁၉ ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ခဲ့ကြောင်း၊ ၎င်းစစ်သည်ကို ရောဂါကုသမှုလုပ်ငန်း လမ်းညွှန်ချက်များအတိုင်း သတ်မှတ်ထားသော ဆေးရုံတွင် မေ ၁၈ ရက်မှစ၍ Hospital Quarantine ၁၄ ရက် ထပ်မံထားရှိ၍ စောင့်ကြည့် ကုသမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

**COVID– 19 ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း



**မံစီ မေ ၁၇**

ကချင်ပြည်နယ် မံစီမြို့နယ် ပြည်သူ့ဆေးရုံနှင့် မြို့အဝင်၊ အထွက် ကျန်းမာရေးစစ်ဆေးသည့်နေရာတို့တွင် အသုံးပြုနိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း အထောက်အကူပြုပစ္စည်းများကို ယမန်နေ့ နံနက် ၁၁ နာရီက ခရိုင်လူမှုဝန်ထမ်း ဦးစီးမှူး ဒေါ်ဆွေဆွေဝင်း ဦးဆောင်သည့် ဝန်ထမ်းများနှင့် အလင်းဗန်းမော်ဒေသဘက်စုံဖွံ့ဖြိုးရေးအဖွဲ့မှ စီမံကိန်း အစီအစဉ် ညှိနှိုင်းရေးမှူး ဦးဂမ်ဒင့်တို့ သွားရောက်လှူဒါန်းခဲ့ကြသည်။

ပြည်သူ့ဆေးရုံအတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ အပူချိန်တိုင်းကိရိယာ နှစ်ခု၊ နှာခေါင်းစည်းအခု ၅၀၀၊ ကလိုရင်းဆေးရည် ၁၀ ပုလင်း၊ လက်သန့်ဆေးရည် ငါးဘူးနှင့် တစ်ခါသုံးလက်အိတ်အခု ၂၀၀ တို့ကိုလည်းကောင်း၊ မြို့အဝင်၊ အထွက်ကျန်းမာရေးစစ်ဆေးရေးဂိတ်တွင်အသုံးပြုရန် အပူချိန်တိုင်းကိရိယာနှစ်ခု၊ နှာခေါင်းစည်းအခု ၃၀၀၊ လက်သန့်ဆေးရည် နှစ်ဘူး၊ တစ်ခါသုံးလက်အိတ်အခု ၂၀၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။ World Vision မြန်မာအဖွဲ့နှင့် အလင်းဗန်းမော်ဒေသဖွံ့ဖြိုးရေးအဖွဲ့တို့က ပူးပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ကျေးလက်ကျန်းမာရေးဌာနတစ်ခုအတွက် အပူချိန်တိုင်းကိရိယာတစ်ခု၊ နှာခေါင်းစည်းအခု ၂၀၀၊ လက်သန့်ဆေးရည် နှစ်ဘူး၊ တစ်ခါသုံးလက်အိတ် အခု ၁၀၀ တို့ကို လှည့်လည်ပေးအပ်လှူဒါန်းခဲ့ရာ မံစီမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခုနှင့် ဗန်းမော်မြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန နှစ်ခုတို့ကို ပေးအပ်လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

**ရိန် (ပြန်/ဆက်)**

# မြိတ်မြို့နယ်ရှိ ရဲတပ်ဖွဲ့ဝင်များအား အခြေခံစားသောက်ကုန် လေးမျိုး ဂုဏ်ပြုထောက်ပံ့

**မြိတ် မေ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် နယ်မြေဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်လျက်ရှိသည့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များအား အခြေခံစားသောက်ကုန် လေးမျိုးကို မြိတ်ဒေသ ကိုဗစ်-၁၉ ရောဂါ



ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုကော်မတီမှ မြို့နယ်ရဲတပ်ဖွဲ့ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ဂုဏ်ပြုထောက်ပံ့ပေးအပ်ခဲ့သည်။

အခြေခံစားသောက်ကုန် လေးမျိုးကို မြို့နယ်ရဲတပ်ဖွဲ့ဝင် ၁၆၀ အား မြိတ်ဒေသ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုကော်မတီမှ တစ်ဦးလျှင် ဆန် ငါးပြည်၊ ဆီ တစ်ဘူး၊ မာမီးခေါက်ဆွဲခြောက် ငါးထုပ်၊ ငါးသေတ္တာ ငါးဘူးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အရပ်ဘက်ပူးပေါင်းကော်မတီမှ ထောက်ပံ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဂုဏ်ပြုထောက်ပံ့ပေးအပ်ခဲ့ကြရာ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချိုက ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး မြိတ်ဒေသ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါ်တင်တင်ထွေးက ဝမ်းမြောက်ဂုဏ်ပြုစကားနှင့် ထောက်ပံ့ပေးသည့် ရည်ရွယ်ချက်ကို ပြောကြားကာ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ပစ္စည်း ငါးမျိုး ထောက်ပံ့



**ဒဂုံ မေ ၁၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ပစ္စည်း ငါးမျိုးထောက်ပံ့ပေးခြင်းကို မေ ၁၅ ရက် နံနက် ၈ နာရီက အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ အိမ်ထောင်စု ၃၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့မှုကို အလှူရှင် ဦးဇော်မျိုးဦး(Lady Grace Diamond Land) စိန်ဆိုင် မိသားစုတို့က ဆန်၊ ကြက်သွန်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ဘဲဥတို့ကို အိမ်ထောင်စု တစ်စုချင်းစီသို့ လှူဒါန်းပေးခဲ့ကြသည်။

ထိုသို့ ထောက်ပံ့ပေးရာတွင် လူစုလူဝေးမဖြစ်စေရန် တစ်ဦးနှင့်တစ်ဦး သုံးပေခြား၍ နှာခေါင်းစည်းများ တပ်ဆင်စေခြင်း၊ ဆပ်ပြာဖြင့် လက်ဆေးစေခြင်းတို့ကို ပြုလုပ်စေခဲ့ကြောင်း၊ ကိုဗစ် -၁၉ ရောဂါ ကူးစက်မှုကာလ သတ်မှတ်ရက်မပြည့်မီအတွင်း လက်လုပ်လက်စားများ၏ စားဝတ်နေရေး အဆင်ပြေစေရန် ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ကြောင်း သိရသည်။

**ဝင်းထွဋ်ဝင်း(ပြန်/ဆက်)**

# ညောင်တုန်းမြို့၌ ကိုဗစ်-၁၉ ကာလအတွင်း ဆန်နှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

**ညောင်တုန်း မေ ၁၇**

ကိုဗစ်-၁၉ ကာလအတွင်း သက်ကြီးရွယ်အိုများ၊ ဆင်းရဲနွမ်းပါးသောလက်လုပ်လက်စားများ အခက်အခဲလျော့နည်းစေရန် တစ်ဖက်တစ်လမ်းမှအထောက်အကူဖြစ်စေရေးအတွက် ညောင်တုန်းမြို့မှ စေတနာရှင်များက ဆန်နှင့် စားသောက်ဖွယ်ရာများကို ဆက်လက်လှူဒါန်းလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေးအတွက် ဦးစသန်းငွေးမိသားစုက ဆန် ၁၀ အိတ်၊ ဆီ ပိဿာ ၈၀ အပါအဝင် စေတနာရှင်များ စုပေါင်းလှူဒါန်းသော ဆန် ၃၃ အိတ်၊ ဆီ ၁၃၅ ပိဿာတို့ကို အမှတ်(၉) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရွှေသန်းနှင့် ကိုဗစ်-၁၉ ကာကွယ်စောင့်ရှောက်ရေး စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းက အမှတ်(၉) ရပ်ကွက်အတွင်းမှ နွမ်းပါးသူများအား အိမ်တိုင်ရာရောက်လှူဒါန်းခဲ့ကြသည်။

မကြာသေးမီကလည်း အမှတ်(၉)ရပ်ကွက်ဗိုလ်မင်းရောင်လမ်းနေ ဦးတင်ရွှေမိသားစုကလည်း သက်ကြီးရွယ်အိုများနှင့် နွမ်းပါးသူများအား ဆန်အိတ် ၃၀၊ ကြက်ဥ အလုံး ၃၀၀ တို့ကို လှူဒါန်းသည်။

**နေလင်း(ညောင်တုန်း)**





# ကိုဗစ်-၁၉ ရောဂါကာလအတွင်း စေတုတ္တရာမြို့နယ်ရှိ ကျေးရွာများအား မြန်မာကိုင်ဒိုကုမ္ပဏီမှ ဆန်အိတ်များ ပေးအပ်လှူဒါန်း

**စေတုတ္တရာ မေ ၁၇**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်ရှိ မုန်းတမံနှင့် ကြီးအုံ-ကြီးဝတမံ တည်ဆောက်ခဲ့စဉ်က ရေနစ်မြုပ်ဧရိယာအတွင်းပါဝင်ခဲ့သော ကျေးရွာ ၃၁ ရွာအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးကာလအတွင်း ရိက္ခာအထောက်အပံ့ရရှိစေရန် မြန်မာကိုင်ဒိုကုမ္ပဏီမှ ဆန်အိတ် ၇၇၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာကိုင်ဒိုကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ညွန့်ဦးက ဆန်အိတ်များလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦးက ဆန်အိတ်များလှူဒါန်းပေးသည့် မြန်မာကိုင်ဒိုကုမ္ပဏီအား ကျေးရွာနေပြည်သူများ၏ကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့ပြီး မြန်မာကိုင်ဒိုကုမ္ပဏီမှ စေတုတ္တရာမြို့နယ်ရှိ မုန်းတမံနှင့် ကြီးအုံ-ကြီးဝတမံ တည်ဆောက်ခဲ့စဉ်က ရေနစ်မြုပ်ဧရိယာအတွင်းပါဝင်ခဲ့သော ကျေးရွာ ၃၁ ရွာရှိ အိမ်ထောင်စု ၂၉၀၉ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် ခြောက်ပြည်နှုန်းဖြင့် ဆန်အိတ် ၇၇၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်သန်းလှိုင်(ပြန်/ဆက်)**

○ ကျောဖုံးမှ

၂၁-၅-၂၀၂၀ ရက်နေ့အထိ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် အားလုံးတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ကြောင်း၊ ရောဝတီမြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ကြောင်း၊ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်(၄၀)အထိ တိုက်ခတ်နိုင်ကြောင်း၊ လှိုင်းအမြင့်မှာ ရောဝတီမြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်ကြောင်း သိရှိရပါသည်။

**တစ်နာရီမိုင် ၁၃၀ နှုန်း**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနမှ လတ်တလော လေ့လာဆန်းစစ် တွေ့ရှိချက်များအရ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(Severe Cyclonic Storm) အမ်ဖန်(AMPHAN)သည် ၁၉-၅-၂၀၂၀ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းသို့ ရောက်ရှိလာနိုင်ကာ အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး(Very Severe Cyclonic Storm) Category-4 အဆင့်သို့ ရောက်ရှိလာနိုင်ပြီး လေတိုက်နှုန်းမှာ တစ်နာရီမိုင် ၁၃၀ နှုန်းအထိ တိုက်ခတ်လာနိုင်ပါသည်။ ခန့်မှန်း ၂၀-၅-၂၀၂၀ ရက်နေ့တွင် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်အကြားသို့ ဦးတည်လျက် ကုန်းတွင်းသို့ ဝင်ရောက်နိုင်သည့် အလားအလာများကို မုန်တိုင်းလမ်းကြောင်းခန့်မှန်းသည့် နိုင်ငံတကာ မိုးလေဝသအေဂျင်စီများ၏ အင်တာနက်စာမျက်နှာများတွင် လေ့လာတွေ့ရှိရပါသည်။

လက်ရှိတွင် မုန်တိုင်းသည် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားနိုင်ဖွယ် မရှိသော်လည်း မုန်တိုင်း၏အရှိန်ကြောင့် ခန့်မှန်း ၁၈-၅-၂၀၂၀ ရက်နေ့မှ ၂၁-၅-၂၀၂၀ ရက်နေ့များအတွင်း မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်း အလယ်ပိုင်း၊ မြောက်ပိုင်းနှင့် ချင်းပြည်နယ်တောင်ပိုင်း ဒေသများအနီးသို့ မုန်တိုင်းအဖျားခတ်လာနိုင်သည့် အခြေအနေများကိုတွေ့ရှိရပြီး ၎င်းမုန်တိုင်း၏ အရှိန်ကြောင့် လေတိုက်နှုန်းမှာ ခန့်မှန်းတစ်နာရီလျှင် မိုင်(၅၀-၆၀)နှုန်းခန့် တိုက်ခတ်နိုင်သည်ကို တွေ့ရှိရပါသည်။

လက်ရှိခန့်မှန်းချက်များအရ မြန်မာနိုင်ငံအနေဖြင့် မုန်တိုင်းဒဏ်ကို တိုက်ရိုက်မခံစားရသော်လည်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းအန္တရာယ်များနှင့် ကမ်းရိုးတန်းဒေသ အချို့နေရာများတွင် မုန်တိုင်းကြောင့် မုန်တိုင်းဒီရေတက်ခြင်းတို့ကို ကြုံတွေ့ရနိုင်သည့်အတွက် အောက်ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်နိုင်ပါရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကြံပြုအပ်ပါသည်-

(၁) ကမ်းခြေများအနီး နေထိုင်သူများ၊ အလုပ်လုပ်ကိုင်နေသူများ၊ ပင်လယ်ပြင်တွင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေသူများ မုန်တိုင်းသတင်းကို စဉ်ဆက်မပြတ်နားထောင်၊ လေ့လာ၍ လိုအပ်ပါက ကြိုတင်တိမ်းရှောင်ပါ။

(၂) နေအိမ်အဆောက်အဦများ၏ ကြံ့ခိုင်မှုကိုစစ်ဆေး၍ လေဒဏ်၊ မိုးဒဏ် ခံနိုင်စေရန် ပြုပြင်ဆောင်ရွက်ပါ။ အိမ်ပေါ်သို့ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

(၃) အရေးပေါ်အသုံးပြုနိုင်ရန် လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်များ အရန်သင့်ဆောင်ထားပါ။ လက်ကိုင်ဖုန်းများကို အားသွင်းထားပါ။

(၄) လေပြင်းတိုက်ခတ်ချိန်နှင့် မိုးသည်းထန်စွာရွာသွန်းချိန်တို့တွင် သစ်ပင်၊ သစ်ကိုင်းများ၊ လျှပ်စစ်မီးတိုင်များ၊ တယ်လီဖုန်းတိုင်များ ကျိုးကျနိုင်ခြင်း၊ လဲပြိုနိုင်ခြင်း၊ လေပြင်းနှင့်အတူ လွင့်ပါလာသည့် သွပ်နှင့် အခြား အရာဝတ္ထုများကြောင့် ထိခိုက်နိုင်ခြင်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပွားနိုင်သဖြင့် တတ်နိုင်ပါက အဆောက်အဦအပြင်ဘက်သို့ မထွက်ပါနှင့်။ ဖုန်းများအသုံးမပြုပါနှင့်။ လျှပ်စစ်ပစ္စည်းများ အသုံးမပြုပါနှင့်။

(၅) လေတိုက်နှုန်း တစ်နာရီ မိုင်(၅၀၊ ၆၀)ခန့်သည် တဲအိမ်ငယ်များ ပြိုလဲနိုင်ခြင်း၊ နေအိမ်များ အမိုး၊ အကာလန်ခြင်းများလည်း ဖြစ်ပွားနိုင်သဖြင့် မိမိအိမ်သည် လေပြင်းဒဏ်ခံနိုင်ရည် အားနည်းသည်ဟု ယူဆပါက ခိုင်ခံ့သည့် နီးစပ်ရာအိမ်များ၊ အဆောက်အဦများသို့ ကြိုတင်ရွှေ့ပြောင်းနေထိုင်ပါ။

(၆) အန္တရာယ်ရှိသည့်မြစ်ချောင်းများအနီး၊ တောင်ကျချောင်းများအနီးနှင့် မြေပြိုမှုများဖြစ်ပေါ်နိုင်သည့် နေရာများတွင်နေထိုင်သူများ အထူးသတိပြုနေထိုင်ပါ။ လိုအပ်ပါက ခေတ္တရှောင်ရှားနေထိုင်ပါ။

(၇) မိုးသည်းထန်စွာရွာသွန်းရာမှ လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်ပေါ်နိုင်ပြီး လျှပ်တစ်ပြက်ရေကြီးခြင်းသည် ရှောင်တိမ်းရန် အချိန်အလွန်နည်းပါသည်။ ညအချိန်များတွင် ပိုမိုဂရုပြုနေထိုင်ပါ။

(၈) မိုးထစ်ချုန်းရွာသွန်းနေချိန် တောင်ကျချောင်းများအတွင်း မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ နွားလှည်းများ၊ လူများ မဖြတ်သန်းပါနှင့်။ ရုတ်တရက် ရေများအရှိန်ဖြင့် စီးဆင်းလာနိုင်ပြီး အန္တရာယ်ရှိနိုင်ပါသည်။


(၉) လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းရွာသွန်းခြင်းများပြီးစီး၍ အပြင်ထွက်ပါက လျှပ်စစ်မီးကြိုး၊ လျှပ်စစ်မီးတိုင်များနှင့် တတ်နိုင်သမျှ ဝေးဝေးနေပါ။ မြွေနှင့် အဆိပ်ရှိသော တိရစ္ဆာန်များ၏ အန္တရာယ်ကို သတိပြုပါ။

(၁၀) မိမိတို့ရပ်ရွာအတွင်း လေပြင်းဒဏ်ခံနိုင်သည့် နီးစပ်ရာအိမ်များ၊ အဆောက်အဦများသို့ ရွှေ့ပြောင်းနေထိုင်သည်ဖြစ်စေ၊ သတ်မှတ်ထားသည့် ဘေးလွတ်ကင်းရာနေရာများသို့ ရွှေ့ပြောင်းသည်ဖြစ်စေ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။

**စဉ်ဆက်မပြတ် ဂရုပြုနားထောင်**


ပြည်သူလူထုအနေဖြင့် ယခုဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းနှင့်ပတ်သက်၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည့် ထုတ်ပြန်ချက်များကို စဉ်ဆက်မပြတ် ဂရုပြုနားထောင်ရန် လိုအပ်ပြီး အရေးပေါ်အချိန်တွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုများအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**





Weather.US မှ ရရှိသော မိုးရရှိနိုင်သည့် နေရာများပြပုံ

**လက်ရှိတွင် မုန်တိုင်းသည် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားနိုင်ဖွယ်မရှိသော်လည်း မုန်တိုင်း၏အရှိန်ကြောင့် ခန့်မှန်း ၁၈ - ၅ - ၂၀၂၀ ရက်နေ့မှ ၂၁ - ၅ - ၂၀၂၀ ရက်နေ့များအတွင်း မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းအလယ်ပိုင်း၊ မြောက်ပိုင်းနှင့် ချင်းပြည်နယ် တောင်ပိုင်းဒေသများအနီးသို့ မုန်တိုင်းအဖျားခတ်လာနိုင်သည့် အခြေအနေများကို တွေ့ရှိရပြီး ၎င်းမုန်တိုင်း၏ အရှိန်ကြောင့် လေတိုက်နှုန်းမှာ ခန့်မှန်းတစ်နာရီလျှင် မိုင်(၅၀-၆၀)နှုန်းခန့် တိုက်ခတ်နိုင်သည်ကို တွေ့ရှိရ။**




GFS Model အရ ၁၉-၅-၂၀၂၀ ရက်နေ့တွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေပြပုံ




Tropical Tidbits မှ ၂၀-၅-၂၀၂၀ ရက်နေ့တွင် AMPHAN မုန်တိုင်း တည်နေရာပြပုံ

## သက်တန့်ရောင် လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းလီမိတက်မှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

တောင်သူလယ်သမားများအတွက် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထားဝယ်မြို့တွင် ဖွဲ့စည်းထားသော သက်တန့်ရောင် လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်း လီမိတက်က ထွန်စက် သုံးစီး၊ ရိတ်သိမ်းခြွေလှေ့စက် ကိုးစီးဖြင့် မိုးစပါးစိုက်ပျိုးနိုင်ရန် မြေသားများ ပြုပြင်ပေးခြင်း၊ တမန်းနိုးခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

Daedong RX 7630 ထွန်စက် သုံးစီးဖြင့် လယ်ယာပြုပြင်ခြင်းလုပ်ငန်းနှင့် လယ်ယာမြေထွန်ယက်ခြင်းလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်တွင် လယ်ဧက ၇၀၀ နှင့် ရေဖြူမြို့နယ်တွင် လယ်ဧက ၂၀၀ စုစုပေါင်း ဧက ၉၀၀ ကျော် ထွန်ယက်ပြုပြင်ပေးခဲ့ပါသည်။ ရိတ်သိမ်းခြွေလှေ့စက်ကိုးစီးဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်၊ ရေဖြူမြို့နယ်နှင့် ထားဝယ်မြို့နယ်တို့တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၊ ကန်ကြီးဒေါင့်မြို့နယ်များတွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း လယ်ဧက ၁၃၅၀ ခန့်နှင့် ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လယ် ဧက ၃၁၅၀ ခန့် စုစုပေါင်း လယ်ဧက ၄၅၀၀ ခန့်တို့ကို ရိတ်သိမ်းခြွေလှေ့ပေးခဲ့သည်။ တောင်သူဦးကြီးများအတွက် မိမိတို့၏ လယ်ယာမြေများအား မိုးစပါးအချိန်မီ ထွန်ယက်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းလုပ်ငန်းများကို နေရာဒေသမရွေး သင့်လျော်သောဈေးနှုန်းဖြင့် အခက်အခဲမရှိ ဝန်ဆောင်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါ သည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

ထားဝယ်မြို့နယ်သမဝါယမဦးစီးဌာန — ဖုန်း ၀၅၉-၂၁၀၇၅

ဦးသိန်းဝင်း၊ ဥက္ကဋ္ဌ၊ သက်တန့်ရောင်လယ်ယာ အထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်း — ဖုန်း ၀၉-၂၅၉၉၈၄၆၀၆

**သမဝါယမဦးစီးဌာန**



## ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများတွင် လုပ်သားအင်အားများ လိုအပ်လျက်ရှိကြောင်း အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားသော အောက်ဖော်ပြပါ ဆည်ရေသောက်စနစ် ငါးခု အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းများကို ကမ္ဘာ့ဘဏ်ချေးငွေနှင့် ဂျပန်နိုင်ငံ ODA ချေးငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် လူအင်အား (လုပ်သားအင်အား)ကို အဓိကထား သုံးစွဲဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဒေသများတွင် အလုပ်အကိုင်ရရှိဆောင်ရွက်လိုသော ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများထဲမှ မိမိတို့နှင့် နီးစပ်ရာလုပ်ငန်းခွင်များရှိ တာဝန်ခံများနှင့် ဆက်သွယ်၍ သင့်လျော်ရာလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | ဆည်ရေ သောက်စနစ် | မြို့နယ်/ တိုင်းဒေသကြီး | ဆက်သွယ်ရမည့် တာဝန်ခံ | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁။ | သဲကော | လက်ပံတန်း၊ သာယာဝတီ/ပဲခူး | ဦးစပ်ခွန်ဦး | လ/ထ ညွှန်ကြားရေးမှူး | ၀၉-၂၀၀၂၀၅၉ |
| ၂။ | ဘောနီ | ဒိုက်ဦး/ပဲခူး | ဦးမောင်မောင်မိုးညွန့် | လ/ထ ညွှန်ကြားရေးမှူး | ၀၉-၂၅၀၀၆၄၉၀၉ |
| ၃။ | ငလိုက် | ဥတ္တရသီရိ/ နေပြည်တော် | ဦးကျော်ကျော်နိုင် | လ/ထ ညွှန်ကြားရေးမှူး | ၀၉-၂၅၀၆၈၉၁၈၅ |
| ၄။ | ဇီးတော | ကျောက် ဆည် / မန္တလေး | ဦးအောင်ဇော်မင်း | လ/ထ ညွှန်ကြားရေးမှူး | ၀၉-၄၃၀၆၄၂၉၇ |
| ၅။ | သဖန်းဆိပ် | ရွှေဘို၊ ကန့်ဘလူ/ စစ်ကိုင်း | ဦးဝင်းထိုက် | ဒုတိယညွှန်ကြားရေးမှူး | ၀၉-၄၂၈၆၁၇၃၂၃ |

**ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ဖွဲ့စည်းထားသော မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းများမှ တောင်သူများသို့ မျိုးစေ့များဖြန့်ဖြူးလျက်ရှိ

**နေပြည်တော် မေ ၁၇**

တနင်္သာရီတိုင်းဒေသကြီးအတွင်း သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ လောင်းလုံးမြို့နယ်၊ မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်များတွင် အသင်းသားများ၏ ဆန္ဒနှင့်အညီ မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းများဖွဲ့စည်းပြီး လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးထားပြီး ဖြစ်သည်။



**ဖြန့်ဖြူးရောင်းချ**

အဆိုပါ အသင်းများမှ မျိုးကောင်း၊ မျိုးသန့်များ ရရှိစေရေးအတွက် အသင်းသားပိုင် မျိုးစေ့စိုက်ဧက ၄၁၇ ဧကတွင် ပေါ်ဆန်း၊ ဆင်းသုခ၊ မနော်သီ ၂ များ စိုက်ပျိုးထားပြီး မျိုးစေ့ထုတ်လုပ်မှုပမာဏ စုစုပေါင်း ၁၉၃၄၆ တင်း ထွက်ရှိပြီး သိုလှောင်ထားရှိသောမျိုးစေ့များအား ဒေသအတွင်းရှိ တောင်သူများထံသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု ဇီးတောဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်လျက်ရှိ

**နေပြည်တော် မေ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ဆည်ရေသောက်စနစ်များ ရေရှည်တည်တံ့ပြီး အကျိုးပြုနိုင်စေရေးအတွက် ပြန်လည်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် လည်းကောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေ အကူအညီများရယူ၍ လည်းကောင်း လျာထားစီမံဆောင်ရွက်လျက်ရှိသည်။

**ပူးပေါင်းအကောင်အထည်ဖော်**

ထိုသို့ဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း (Agriculture Development Support Project– ADSP)ခေါင်းစဉ်အောက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော် တို့ရှိ ဆည်ရေသောက်ဧရိယာ ရှစ်ခုတွင် ရေသောက်စနစ်စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေရေးအတွက် အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ ဆည်မြောင်းစနစ် စီမံခန့်ခွဲမှု လုပ်ငန်းများကို ဌာနနှင့်အတူ ပူးပေါင်းစီမံ ဆောင်ရွက်နိုင်မည့် ရေအသုံးပြုသူအဖွဲ့များ ခိုင်မာစွာဖွဲ့စည်း ဆောင်ရွက်စေခြင်း၊ သက်ဆိုင်ရာဝန်ထမ်းများနှင့်အတူ ဆည်ရေသောက် လယ်သမားများအား ဆည်ရေစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များတွင် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းစဉ်များကို ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဦးဆောင်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့က ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



အထက်ပါ စီမံကိန်း ရှစ်ခုတွင် တစ်ခုအပါအဝင်ဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်နှင့် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဇီးတောရေလွှဲဆည်နှင့် ရေသောက်စနစ်တို့မှာ တည်ဆောက်ပြီးစီးခဲ့သည့် သက်တမ်းအားဖြင့် နှစ်ပေါင်း ၉၅ နှစ်ခန့် ကြာမြင့်ပြီဖြစ်ပြီး နှစ်ကာလကြာရှည်စွာ အသုံးပြုပြီးဖြစ်သဖြင့် ရေပေးတူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများမှာ ယိုယွင်းပျက်စီးကာ စိစစ်ပြီး ဆည်ရေသောက်ဧရိယာ ဧက ၂၄၇၅၀ ခန့်ကို ပြည့်မီအောင်စိုက်ပျိုးနိုင်သည့် အခြေအနေမရှိတော့ပေ။ လက်ရှိရေပေးဝေနေသော တူးမြောင်းများမှာ သဲနုန်းဆန်သော မြေသားမြောင်းများဖြစ်သဖြင့် လည်းကောင်း၊ နှစ်ကာလကြာမြင့်ပြီဖြစ်သောကြောင့် လည်းကောင်း ဒီဇိုင်းပုံစံကျမှုမရှိတော့သဖြင့် မြောင်းဆုံးမြောင်းဖျားရေရောက်ရှိရန် ခက်ခဲလျက်ရှိသောကြောင့် ကျောက်စီမြေထိန်းနံရံတည်ဆောက်ပြီး တူးမြောင်းပုံစံကျ ပြုပြင်ရန် လိုအပ်လျက်ရှိသည်။

**ပေးဝေနိုင်မည်**

ထို့ပြင် တူးမြောင်းရေပေးအဆောက်အအုံများမှာလည်း ယိုယွင်းပျက်စီးလျက်ရှိပြီး ရေပေးဝေရေးကို စနစ်တကျ ထိန်းချုပ်နိုင်သည့် ရေတံခါးရွက်များမရှိသောကြောင့် ဆည်ရေကို ရေလှည့်စနစ်ဖြင့် စီမံခန့်ခွဲပေးဝေဆောင်ရွက်ရာတွင် ထိရောက်ကောင်းမွန်စွာ ထိန်းညှိဆောင်ရွက်နိုင်ခြင်း မရှိသဖြင့် ပြည်လည်ပြုပြင်တည်ဆောက်နိုင်ရန် လိုအပ်လျက်ရှိသည်။ မိုးနည်းရေရှားဒေသအတွင်း တည်ရှိသည့်အတွက် စိုက်ပျိုးရေအပြင် သောက်သုံးရေအတွက်ပါ အကျိုးပြုနိုင်စွမ်းကြီးမားသော ဆည်ရေသောက်စနစ်တစ်ခုဖြစ်သည့်အတွက် ရေရှည်တည်တံ့ပြီး အကျိုးပြုနိုင်စေရန် ဦးစားပေးရွေးချယ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းလုပ်ငန်းများကို ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ လျာထားဆောင်ရွက်လျက်ရှိပြီး စီမံကိန်းပြီးစီးပါက စိစစ်ပြီး ဆည်ရေသောက်ဧရိယာ ဧက ၂၄၇၅၀ ခန့်ကို ပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ဗင်နီဇွဲလားနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၀၄ ဦးအထိ ရှိလာ

**ကရာကတ်စ် မေ ၁၇**

ဗင်နီဇွဲလားနိုင်ငံ၌ မေ ၁၆ ရက်က ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဖြစ်ပွားမှု ခာတ်ခွဲအတည်ပြု ကူးစက်လူနာများ စံချိန်တင် စမ်းသပ်တွေ့ရှိခဲ့ကြောင်း သိရသည်။

**သေဆုံးသူ ၁၀ ဦးရှိ**

ကိုဗစ်-၁၉ ရောဂါ ကူးစက်လူနာသစ် ၄၅ ဦးစမ်းသပ်တွေ့ရှိခြင်းကြောင့် ဗင်နီဇွဲလားနိုင်ငံ၌ စုစုပေါင်းခာတ်ခွဲ အတည်ပြုလူနာ ၅၀၄ ဦးအထိရှိလာခဲ့ပြီး သေဆုံးသူ ၁၀ ဦးရှိကြောင်း ဒုတိယသမ္မတ ဒယ်လ်စီရိုဒရီဂွတ်ဇ်က ပြောကြားခဲ့သည်။ မတ်လလယ်တွင် ပထမဆုံး ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု တွေ့ရှိပြီးနောက်ပိုင်း ကူးစက်မှုအရေအတွက် ကျဆင်းသွားခဲ့ကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်မှုသစ်နည်းပါးသော်လည်း ဆေးရုံများတွင် လိုအပ်ချက်များရှိကြောင်း ကျန်းမာရေးဆိုင်ရာပညာရှင်များက ပြောသည်။

ဗင်နီဇွဲလားနိုင်ငံက နိုင်ငံရေးနှင့် စီးပွားရေးအကျပ်အတည်း ကျရောက်နေခြင်းကြောင့် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ လိုအပ်ချက်ရှိခဲ့သည်။ သမ္မတနီကိုးလပ်စ်မာဒူရိုက ပထမဆုံး ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု တွေ့ရှိပြီးနောက် တစ်နိုင်ငံလုံး အသွားအလာကန့်သတ်ချက်အမိန့်ထုတ်ပြန်ခဲ့ပြီး ဗိုင်းရပ်စ်ပျံ့နှံ့မှု ထိန်းချုပ်ရန်မျှော်လင့်ချက်ဖြင့် မကြာသေးမီက ထိုအမိန့်ကို ဇွန်လလယ်အထိ သက်တမ်းတိုးခဲ့သည်။

**ပြည်ပမှ ပြန်လာသူများပါဝင်**

မေ ၁၆ ရက်က တွေ့ရှိခဲ့သည့် ကူးစက်လူနာ ၄၅ ဦးအနက် ကူးစက်လူနာသစ် ၃၅ ဦးမှာ ပီရူးနိုင်ငံမှ လေယာဉ်ခရီးစဉ်တစ်ခုဖြင့် ပြန်လာသူများအပါအဝင် ပြည်ပမှ ဗင်နီဇွဲလားနိုင်ငံသို့ ပြန်လာသူများ ပါဝင်ခဲ့သည်။

**ကိုးကား-ပီတီအိုင်**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# ထိုင်းနိုင်ငံအတွင်း၌ စတိုးဆိုင်များနှင့် အားကစားခန်းမများ ပြန်လည်ဖွင့်လှစ်ခွင့်ပြု

**ဗန်ကောက် မေ ၁၇**

ထိုင်းနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှုန်းများ လျော့ကျလျက်ရှိသည့်အတွက် နိုင်ငံအတွင်းရှိအကြီးစား စတိုးဆိုင်ကြီးများနှင့် အားကစားခန်းမများကို ယနေ့မှစပြီး ပြန်လည်ဖွင့်လှစ်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဗိုင်းရပ်စ် ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများကို မေလအစောပိုင်းက စပြီး စတင်ဖြေလျှော့ပေးခဲ့ရာ ယခုဖြေလျှော့မှုသည် ဒုတိယအကြိမ် ဖြေလျှော့ပေးခြင်းဖြစ်သည်။

ဧပြီလအစောပိုင်းကစပြီး နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် သိသိသာသာလျော့ကျလာခဲ့သည့်အတွက် ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများကို ပြန်လည်ဖြေလျှော့ပေးခဲ့ခြင်းဖြစ်သည်။ ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည် မေ ၅ ရက်မှစပြီး ၁၀ ဦးအောက် (သို့မဟုတ်) ကူးစက်ခံရသူ မတွေ့ရှိသည်အထိ လျော့ကျလာခဲ့သည်။ ယခင်လများအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ နေ့စဉ် ၁၀၀ ကျော်ရှိခဲ့သည်။

မေ ၁၇ ရက်တွင် ဗန်ကောက်မြို့ ဈေးဝယ်စင်တာတစ်ခု၌ ဈေးဝယ်သူများက ဝင်ပေါက်များတွင် ၎င်းတို့၏ မိုဘိုင်းဖုန်းများဖြင့် ဘားကုတ်များကို စကင်ဖတ်ပြီး ဝင်ရောက်ခဲ့ကြသည်။ အဆိုပါဘားကုတ်များကိုအသုံးပြုခြင်းအားဖြင့် ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသူနှင့် ထိတွေ့ဆက်ဆံမှုရှိခဲ့သလားဆိုသည်ကို သိရှိနိုင်သည်။ အဆိုပါ ဈေးဝယ်စင်တာကို နှစ်လနီးပါး ပိတ်ထားခဲ့ပြီးနောက် ပထမဆုံးအကြိမ် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဈေးဝယ်စင်တာအတွင်း၌ ဈေးဝယ်သူများအနေဖြင့်လည်း တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ စည်းမျဉ်းများကို လိုက်နာရမည်ဖြစ်သည်။

ထို့ပြင် အားကစားခန်းမများတွင် တစ်ယောက်လျှင် နှစ်နာရီနှုန်းဖြင့် ကိုယ်ကာယအားကစားများ ပြုလုပ်ခွင့်ပေးထားပြီး တစ်ဦးနှင့်တစ်ဦး ခြောက်ပေခန့်အကွာအဝေးမှ နေရမည်ဖြစ်သည်။

သို့သော် ဖျော်ဖြေရေးစင်တာများကို ဆက်လက် ပိတ်ထားမည်ဖြစ်သည့်အပြင် ညမထွက်ရအမိန့်သည်လည်း ဆက်လက်အသက်ဝင်နေဦးမည် ဖြစ်သည်။

နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများတဖြည်းဖြည်း ဖြေလျှော့ပေးလျက်ရှိသော်လည်း ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ ဆက်လက် လျော့ကျလာစေရေးအတွက် အစိုးရအနေဖြင့် သေချာစွာကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်အထိ ထိုင်းနိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၀၂၈ ဦးရှိပြီး သေဆုံးသူ ၅၆ ဦးရှိသည်။ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသူ ၂၈၅၆ ဦးရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# ကာတာနိုင်ငံ၌ အများပြည်သူကြား နှာခေါင်းစည်း မတပ်သူများကို ထောင်ဒဏ်သုံးနှစ်အထိ အပြစ်ပေးမည်

**ဒိုဟာ မေ ၁၇**

ကမ္ဘာပေါ်တွင် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းအမြင့်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည့် ကာတာနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်နှင့် ရင်ဆိုင်နေရစဉ် အများပြည်သူကြားတွင် နှာခေါင်းစည်းမတပ်သူများကို ကမ္ဘာပေါ်တွင် အပြင်းထန်ဆုံးပြစ်ဒဏ်ဖြစ်သည့် ထောင်ဒဏ်သုံးနှစ်အထိ ပြစ်ဒဏ်ချမှတ်ရန် ယနေ့စတင်သည်။

**၃၀၀၀၀ ကျော် ကူးစက်ခံရ**

သေးငယ်သည့် ပင်လယ်ကွေ့နိုင်ငံဖြစ်သည့် ကာတာနိုင်ငံတွင် လူပေါင်း ၃၀၀၀၀ ကျော်သည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်။ ထိုအရေအတွက်သည် နိုင်ငံလူဦးရေ ၂ ဒသမ ၇၅ သန်း၏ ၁ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။ ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၅ ဦးရှိသည်။

ကာတာနိုင်ငံ၏ အဆိုပါဥပဒေသစ်ကို ချိုးဖောက်သူများသည် သုံးနှစ်အထိ ထောင်ဒဏ်နှင့် ဒေါ်လာ ၅၅၀၀၀ အထိ ဒဏ်ငွေကို ရင်ဆိုင်ရမည်ဖြစ်သည်။ သို့သော်လည်း ကားထဲတွင် တစ်ဦးတည်းရှိနေသည့် ယာဉ်မောင်းများသည် နှာခေါင်းစည်းတပ်ရန်မလိုဘဲ ကင်းလွတ်ခွင့်ရရှိသည်။

သိပ္ပံပညာရှင်များက နှာခေါင်းစည်းတပ်ဆင်ခြင်း၏ ထိရောက်မှုနှင့်ပတ်သက်၍ သဘောထားအမြင် ကွဲလွဲကြသော်လည်း လတ်တလော၌ နိုင်ငံပေါင်း ၅၀ ခန့်တွင် နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရန် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားသည်။

**ပိတ်ထားဆဲ**

ကာတာနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ကာကွယ်ရန်အတွက် စာသင်ကျောင်းများနှင့်အတူ ဘာသာရေးအဆောက်အအုံများ၊ ဈေးဝယ်စင်တာများနှင့် စားသောက်ဆိုင်များကို ပိတ်ထားဆဲဖြစ်သည်။ ကာတာနိုင်ငံသည် ၂၀၂၂ ကမ္ဘာ့ဖလားဘောလုံးပွဲကို လက်ခံကျင်းပမည်ဖြစ်၍ ဆောက်လုပ်ရေးလုပ်ငန်းခွင်များကို ဖွင့်ထားသည်။

ယင်းလုပ်ငန်းခွင်များတွင် အစိုးရစစ်ဆေးရေးအရာရှိများနှင့် အလုပ်သမားကြီးကြပ်သူများက အလုပ်သမားများ တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာဖြင့် အလုပ်လုပ်နိုင်ရန် ကြိုးစားဆောင်ရွက်နေကြသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

# လက်တင်အမေရိကနှင့် ကာရေဘီယံဒေသတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ငါးသိန်းကျော်ရှိ



**မွန်တီဗီဒီယို မေ ၁၇**

တရားဝင်ထုတ်ပြန်ချက်များအပေါ် အခြေခံစုစည်းသည့် အေအက်ဖ်ပီသတင်းဌာန၏ စာရင်းအရ လက်တင်အမေရိကနှင့် ကာရေဘီယံဒေသတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ငါးသိန်းကျော်ရှိကြောင်းသိရသည်။

ဗိုင်းရပ်စ် ကူးစက်ခံရသူ ငါးသိန်းကျော်အနက် ထက်ဝက်နီးပါးသည် ယင်းဒေသရှိ ဗိုင်းရပ်စ်ကူးစက်မှုအဆိုးရွားဆုံးခံရသည့် ဘရာဇီးနိုင်ငံမှဖြစ်သည်။ ဘရာဇီးနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၅၀၀၀ ကျော်ရှိသည်။

**စမ်းသပ်စစ်ဆေးနေ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတင်းအချက်အလက်နှင့် နိုင်ငံအာဏာပိုင်များထံမှ အေအက်ဖ်ပီက ကောက်ယူထားသည့် အချက်အလက်ကို အသုံးပြုထားသည့် အဆိုပါစာရင်းများသည် ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်၏ တစ်စိတ်တစ်ပိုင်းမျှကိုသာ ထင်ဟပ်နိုင်မည်ဖြစ်သည်။ နိုင်ငံအများအပြားသည် ရောဂါအပြင်းထန်ဆုံးခံစားရသည့်လူနာများကိုသာ စမ်းသပ်စစ်ဆေးနေကြသည်။

ပြီးခဲ့သည့်နှစ် နှောင်းပိုင်းက တရုတ်နိုင်ငံတွင် ဗိုင်းရပ်စ်စတင်တွေ့ရှိချိန်မှစ၍ ကမ္ဘာတစ်ဝန်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄ ဒသမ ၆ သန်းကျော်ရှိသည်။ အနည်းဆုံး လူပေါင်း ၃၀၉၀၀၀ ဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့ပြီး လူပေါင်း ၁ ဒသမ ၆ သန်းကျော်သည် ရောဂါမှပြန်လည်ကျန်းမာလာကြသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

ကြေးမုံ
မေ ၁၈၊ ၂၀၂၀

## ထိုင်းအစိုးရက ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရန် နိုင်ငံတကာလေကြောင်းလိုင်းပိတ်ပင်မှု ဇွန်လကုန်အထိ သက်တမ်းထပ်တိုး

**ဗန်ကောက် မေ ၁၇**

ထိုင်းလေကြောင်း အာဏာပိုင်အဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် နိုင်ငံအတွင်း ဆင်းသက်လာမည့် နိုင်ငံတကာလေကြောင်းလိုင်းအားလုံးကို ဧပြီ ၁၉ ရက်မှစ၍ တားမြစ်ပိတ်ပင်ထားပြီး နိုင်ငံအတွင်း ရောဂါကူးစက်မှုအခြေအနေအပေါ် မူတည်၍ ဇွန် ၃၀ ရက်အထိ နောက်ထပ် သက်တမ်းထပ်တိုးလိုက်ကြောင်း သိရသည်။

နိုင်ငံတကာလေကြောင်းလိုင်းအားလုံး ပိတ်ပင်တားမြစ်ချက်အရ ပြင်ပနိုင်ငံများမှ ထွက်ခွာလာသည့် ခရီးသည်တင်လေယာဉ်အားလုံးသည် ဇွန် ၃၀ ရက်အထိ ထိုင်းလေဆိပ်များသို့ ဆင်းသက်ခွင့်ရှိမည်မဟုတ်ကြောင်း သိရသည်။

သို့သော် ထိုင်းအစိုးရပိုင်လေယာဉ်များ၊ တပ်မတော်ပိုင်လေယာဉ်များ၊ ကုန်တင်လေယာဉ်များ၊ ပြန်လည်နေရာချထားရေးဆိုင်ရာ လေယာဉ်များ၊ ဆေးဘက်၊ လူသားချင်းစာနာမှု၊ ကူညီကယ်ဆယ်ရေးဆိုင်ရာ လေယာဉ်များနှင့် အကြောင်း အမျိုးမျိုးကြောင့် နိုင်ငံအတွင်း အရေးပေါ် ဆင်းသက်ရမည့်လေယာဉ်များသည် ယင်းတားမြစ်ပိတ်ပင်မှု အစီအမံမှ ကင်းလွတ်ခွင့်ရမည်ဖြစ်ကြောင်း ထိုင်းလေကြောင်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု သတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် ထိုင်းအစိုးရအနေဖြင့် နိုင်ငံတကာလေကြောင်းလိုင်းအားလုံး ပိတ်ပင်တားမြစ်မှုကို ဇွန် ၃၀ ရက်အထိ သက်တမ်းထပ်တိုးလိုက်ခြင်းဖြစ်သည်။

ထိုင်းအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် မေ ၃၁ ရက်အထိ အကျုံးဝင်မည့် အရေးပေါ်အမိန့်တစ်ခုကို ကြေညာထားပြီး ယင်းအမိန့်ကို သက်တမ်းထပ်တိုး/မတိုး ယခုအထိ ဆုံးဖြတ်ခြင်းမရှိသေးကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

## အမြန်ခြေရာခံခြင်း၊ စမ်းသပ်စစ်ဆေးခြင်းက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကို များစွာလျှော့နည်းစေခဲ့ဟု တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း ပြော

**ဆိုးလ် မေ ၁၇**

မြန်မြန်ဆန်ဆန် ခြေရာခံခြင်းနှင့် စမ်းသပ်စစ်ဆေးခြင်းက ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ ပျံ့နှံ့မှုအန္တရာယ်ကို များစွာလျှော့နည်းစေခဲ့ကြောင်း တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက ပြောသည်။



ပြည်တွင်း၌ နေ့စဉ် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုခံရသူ အရေအတွက်မှာ နှစ်ရက်ဆက်တိုက် ဂဏန်းနှစ်လုံးသို့ ကျဆင်းလာခဲ့ကြောင်း မွန်ဂျေအင်းက ယနေ့ လူမှုမီဒီယာ၌ ရေးသားခဲ့သည်။ ဆိုးလ်မြို့တော်ရှိ နိုက်ကလပ်များ၌ မကြာသေးမီက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ဖြစ်ပွားခြင်းကြောင့် နောက်ထပ် အစုလိုက်အပြုံလိုက် ကူးစက်မှုဖြစ်ပွားမည်ကို စိုးရိမ်ပူပန်ခဲ့ကြသည်။ မွန်ဂျေအင်းက တောင်ကိုရီးယားနိုင်ငံ၏ အကောင်းမွန်ဆုံးသော သီးသန့်ခွဲနေသည့်စနစ်ကို မီးမောင်းထိုးပြခဲ့ပြီး နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်းတွင် ပူးပေါင်းဆောင်ရွက်မှုအတွက် ပြည်သူများကို ကျေးဇူးတင်ရှိကြောင်း ဆိုသည်။

ကိုရိုနာဗိုင်းရပ်စ်ကို အပြီးတိုင်မဖယ်ရှားမီ အစုလိုက် အပြုံလိုက် ကူးစက်မှု နောက်တစ်ကြိမ်ဖြစ်လာနိုင်သော အခြေအနေများကို မွန်ဂျေအင်းက သတိပေးခဲ့သည်။ **ကိုးကား-အာရီယန် ဘာသာပြန်-ကျော်ထိုက်စိုး**

## အီရတ်နှင့် ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးတိုးမြှင့်ရန် အီရန်တိုက်တွန်း

**တီဟီရန် မေ ၁၇**

အီရန်ကာကွယ်ရေးဝန်ကြီးဌာနသည် ဒေသဆိုင်ရာ လုံခြုံရေးနှင့်ပတ်သက်၍ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဖြစ်လာစေရန် အီရတ်အစိုးရသစ်နှင့် ဆက်ဆံရေးတိုးမြှင့်သင့်ကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီး ဂျူမာအာနတ်ဆာဒွန်းအား တိုက်တွန်းလိုက်သည်။

အီရန်ကာကွယ်ရေးဝန်ကြီး အာမီဟာတမီသည် အီရတ်ကာကွယ်ရေးဝန်ကြီး ဂျူမာအာနတ်ဆာဒွန်းနှင့် ဗီဒီယိုကွန်ဖရင့် ပြုလုပ်စဉ် ယခုကဲ့သို့ ပြောဆိုလိုက်ခြင်းဖြစ်သည်။

တစ်ဆက်တည်းမှာပင် အီရန်ကာကွယ်ရေးဝန်ကြီး အာမီဟာတမီက မိမိတို့သည် အီရတ်နိုင်ငံနှင့် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများဖြစ်လာရန် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်သလို နှစ်ဖက်အကြား ဆက်ဆံရေးကိုလည်း အောင်မြင်သော ပူးပေါင်းဆောင်ရွက်မှုတစ်ခုသို့ ပြောင်းလဲရန် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

အီရန်နိုင်ငံ၏ မူဝါဒသည် စည်းလုံးညီညွတ်ပြီး လွတ်လပ်၍ အင်အားကြီးမားသော အီရတ်နိုင်ငံကို ထောက်ခံအားပေးရန်ဖြစ်ကြောင်း ဟာတမီက မှတ်ချက်ပြုလိုက်သည်။

**ကိုးကား - ဆင်ဟွာ ဘာသာပြန် - ဂျေတီ**



အီရန်ကာကွယ်ရေးဝန်ကြီး အာမီဟာတမီ

## လစ်ဗျားအစိုးရက နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်မှုများကို စာရင်းကောက်ယူ

**ထရီပိုလီ မေ ၁၇**

ကုလသမဂ္ဂထောက်ခံသော လစ်ဗျားအစိုးရ၏ အမျိုးသားရောဂါထိန်းချုပ်ရေးစင်တာသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကို ရှာဖွေရန် ကျယ်ပြန့်သည့် စာရင်းကောက်ယူမှုတစ်ရပ်ကို စတင်လိုက်ကြောင်း ယမန်နေ့က ကြေညာခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ စာရင်းကောက်ယူမှုများကို မြို့တော်ထရီပိုလီ၏ အကြီးဆုံးခရိုင်သုံးခုတွင် ယနေ့ စတင်ခဲ့ကြောင်း လစ်ဗျားအစိုးရ၏ အမျိုးသား ရောဂါထိန်းချုပ်ရေးစင်တာက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှု စာရင်းကောက်ယူမှုများကို တစ်ပတ်အတွင်း လုပ်ဆောင်ရန် မျှော်လင့်ထားပြီး ရရှိလာမည့် ရလဒ်များကိုကြည့်၍ ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသော ကာကွယ်ရေးဆိုင်ရာဆောင်ရွက်ချက်များကို မည်သည့်အချိန်တွင် ဖြေလျှော့ပေးနိုင်မည်ကိုလည်း အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

လစ်ဗျားအာဏာပိုင်များသည် နယ်စပ်ဒေသအားလုံးကိုပိတ်ခြင်း၊ အများပြည်သူစုဝေးခြင်းကို တားမြစ်ခြင်း၊ ကျောင်းများနှင့် ဘာသာရေးအဆောက်အဦများကို ပိတ်ခြင်းနှင့် ညမထွက်ရအမိန့်ထုတ်ပြန်ခြင်းတို့အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လုပ်ဆောင်လျက်ရှိသည်။

လစ်ဗျားနိုင်ငံတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ၆၅ ဦး၊ သေဆုံးသူ သုံးဦးနှင့် ရောဂါမှပြန်လည်သက်သာလာသူ ၂၈ ဦးရှိကြောင်း လစ်ဗျားအစိုးရ၏ အမျိုးသား ရောဂါထိန်းချုပ်ရေးစင်တာက ပြောကြားခဲ့သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## ကိုဗစ်-၁၉ ရောဂါကြောင့် နီပေါနိုင်ငံ၌ ပထမဆုံး သေဆုံးမှုဖြစ်ပွား

**ခတ္တမန္ဒူ မေ ၁၇**

နီပေါနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ပထမဆုံး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း နီပေါအစိုးရက ယနေ့ကြေညာသည်။

နိုင်ငံ၏ အလယ်ပိုင်းဆင်ဒူပါလ်ချ်ဝေါ့ခ်ခရိုင်မှ အသက် ၂၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ဆေးဝါးကုသမှုခံယူရန် မြို့တော်ခတ္တမန္ဒူဆင်ခြေဖုံးအရပ်ရှိ ဆေးရုံတစ်ရုံသို့ ပို့ဆောင်စဉ် ခရီးလမ်းပေါ်တွင် သေဆုံးခဲ့သည်။ အဆိုပါသေဆုံးမှုသည် ပထမဆုံးသေဆုံးခြင်းဖြစ်ကြောင်း နီပေါကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

၎င်းအမျိုးသမီးသည် ခတ္တမန္ဒူမြို့အခြေစိုက် ထရီဘာဟူဗန်ဆေးရုံတစ်ရုံတွင် မေ ၆ ရက်က အောင်မြင်စွာမီးဖွားခဲ့ပြီးနောက် မေ ၇ ရက်တွင် ဆေးရုံမှ ပြန်ဆင်းခဲ့ကြောင်း သိရသည်။ ဆေးရုံမှ နေအိမ်သို့ရောက်ခဲ့ပြီးနောက် ဖျားနာပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများဖြစ်ပေါ်လာရာ အနီးနားရှိ ဆေးရုံတစ်ရုံတွင် ဆေးဝါးကုသမှုခံယူထားသော်လည်း ၎င်းမှာ ကျန်းမာရေးအခြေအနေ ပိုမိုဆိုးရွားလာသဖြင့် မေ ၁၄ ရက်တွင် ဒူလီခယ်လ်ဆေးရုံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီး ဆေးရုံမရောက်မီ လမ်းခုလတ်တွင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးသေဆုံးခဲ့ပြီးနောက် ၎င်းနေထိုင်ခဲ့ရာကျေးရွာနှင့် မိဘများနေထိုင်ရာ ကျေးရွာနှစ်ရွာတွင် အသွားအလာ ကန့်သတ်ထားရန် ကိုဗစ်-၁၉ ရောဂါ စီမံခန့်ခွဲရေးစင်တာက ဆုံးဖြတ်ချက်ချမှတ်လိုက်သည်ဟု ဆင်ဒူပါလ်ချ်ဝေါ့ခ်ခရိုင် အုပ်ချုပ်ရေးမှူးရုံးက ပြောကြားသည်။

ထို့အပြင် အဆိုပါ အမျိုးသမီး၏ ကလေးငယ်နှင့် မိသားစုဝင်များကို ဒူလီခယ်လ်ဆေးရုံတွင် သီးခြားခွဲ၍ စောင့်ကြည့်မှုခံယူလျက်ရှိသည်။ သို့သော် စောင့်ကြည့်မှုခံယူနေကြသော မိသားစုဝင်အားလုံး၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်အထိ နီပေါနိုင်ငံနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၁ ဦးရှိကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

## တဲလ်အဗစ်မြို့ရှိ နေအိမ်၌ အစ္စရေးနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး သေဆုံး

**တဲလ်အဗစ် မေ ၁၇**

အသက် ၅၈ နှစ်အရွယ် အစ္စရေးနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဒူဝေကို ယနေ့နံနက်ပိုင်းက တဲလ်အဗစ်မြို့ ဆင်ခြေဖုံးရှိ ၎င်း၏ တိုက်ခန်းအတွင်း သေဆုံးလျက်တွေ့ရှိခဲ့ကြောင်း အစ္စရေးရဲတပ်ဖွဲ့နှင့် မီဒီယာများက ပြောသည်။

သံအမတ်ကြီးသေဆုံးမှုကို လက်ထောက်ဖြစ်သူ တိုင်ယုမင်က သတင်းစာရှင်းလင်းပွဲတစ်ခု၌ အတည်ပြုခဲ့သည်။ သံအမတ်ကြီး ဒူဝေ သေဆုံးရသောအကြောင်းရင်းကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသော်လည်း နှလုံးခုန်ရပ်၍ သေဆုံးခဲ့ခြင်းဖြစ်နိုင်ကြောင်း သတင်းရင်းမြစ်များက ဆိုသည်။ ၎င်းသည် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ယူကရိန်းနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဒူဝေကို ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားနေစဉ် ဖေဖော်ဝါရီလအတွင်း အစ္စရေးနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး အဖြစ် ခန့်အပ်ခဲ့သည်။



သံအမတ်ကြီးမှာ အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားတစ်ဦးရှိကာ မိသားစုဝင်များက အစ္စရေးနိုင်ငံ၌ နေထိုင်ကြခြင်းမရှိကြောင်း သိရသည်။ "အစ္စရေးပြည်သူတွေက ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားချိန်မှာ တရုတ်နိုင်ငံကို တန်ဖိုးရှိတဲ့ ပံ့ပိုးကူညီမှုတွေ ထောက်ပံ့ပေးခဲ့လို့ ယခုအခါ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရာမှာ တရုတ်နိုင်ငံက အစ္စရေးကို ပံ့ပိုးကူညီလိုပါတယ်"ဟု တရုတ်သံရုံး၏ တရားဝင်ဖေ့စ်ဘွတ်စာမျက်နှာ၌ ဒူဝေက အစ္စရေးပြည်သူများသို့ အားပေးစကား ပြောကြားခဲ့သည်။

ကမ္ဘာ့ဒုတိယ စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် တရုတ်နှင့် ပေါ်ထွန်းစ အစ္စရေးနိုင်ငံအကြား ဆက်ဆံရေးကိုလည်း ၎င်းက ချီးကျူးခဲ့သည်။

**ကိုးကား - ဘီဘီစီ
ဘာသာပြန် - ကျော်ထိုက်စိုး**

# အမေရိကန်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ထည့်ဝင်ရမည့်ရန်ပုံငွေကို တဖြည်းဖြည်းထည့်ဝင်မည်



**ဝါရှင်တန် မေ ၁၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏အစိုးရသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ထည့်ဝင်မည့်ရန်ပုံငွေကို တဖြည်းဖြည်း ထည့်ဝင်သွားရန် စီစဉ်လျက်ရှိကြောင်း အမေရိကန်မီဒီယာ တစ်ခုက သတင်းဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအပေါ် ကိုင်တွယ်မှုနှင့်စပ်လျဉ်း၍ ဝေဖန်ခဲ့ပြီးနောက် ထရမ့်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထံ ရန်ပုံငွေထည့်ဝင်မှုကို ပြီးခဲ့သည့်လက ရပ်နားခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဗိုင်းရပ်စ်ဆိုင်ရာတုံ့ပြန်မှုကို နှစ်လမှ သုံးလကြာအထိ ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်းလည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား ယခင်ကထည့်ဝင်ခဲ့သည့် ရန်ပုံငွေပမာဏ၏ ဆယ်ပုံတစ်ပုံခန့်ကို ထည့်ဝင်သွားမည်ဖြစ်ကြောင်းနှင့် ယင်းငွေကြေးပမာဏသည် တရုတ်နိုင်ငံက လက်ရှိထည့်ဝင်လျက်ရှိသော ငွေကြေးပမာဏနှင့်တူညီကြောင်း ဖောက်စ်သတင်းဌာနက သတင်းဖော်ပြခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို အဓိပ္ပာယ်ရှိစွာ ဆောင်ရွက်နိုင်ခဲ့ပါက အမေရိကန်နိုင်ငံက ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်အတူ စိတ်ပါဝင်စားစွာ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အမေရိကန်သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

အိမ်ဖြူတော်အနေဖြင့် ကုလသမဂ္ဂအေဂျင်စီနှင့် စပ်လျဉ်းသည့် ကြေညာချက်တစ်စောင်ကိုလည်း မကြာမီ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



# ကျီလင်းပြည်နယ်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူခြောက်ဦးအား ရာထူးမှ ထုတ်ပယ်

**ပေကျင်း မေ ၁၇**

ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ဖြစ်ပွားမှုဦးရေ ၂၀ အထိ ရှိလာခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သည့် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကျီလင်းပြည်နယ် အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူခြောက်ဦးအား ရာထူးများမှ ထုတ်ပယ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ရာထူးမှ ထုတ်ပယ်ခံရသူခြောက်ဦးထဲတွင် ကျီလင်းမြို့ ကျန်းမာရေးဆိုင်ရာ အာဏာပိုင်အဖွဲ့မှ အမှုဆောင်တစ်ဦးနှင့် ဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပွားခဲ့သော ရှုလန်မြို့၏ အုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲတစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။ ကျီလင်းပြည်နယ်၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ ၎င်းတို့မှာ တာဝန်ခံကြရသူများဖြစ်သည်ဟု ယူဆရသည်။

ကျီလင်းပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုသည် လျောင်နင်းပြည်နယ် ရှန်ယန်းမြို့ထိ ပျံ့နှံ့ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပြီး ကျီလင်းနှင့် လျောင်နင်းပြည်နယ်နှစ်ခုတို့တွင် လူပေါင်း ၈၀၀၀ ကျော်ကို သီးခြားခွဲထားမှုများပြုလုပ်ကာ ပိတ်ဆို့တားဆီးမှုများ ပြုလုပ်ခဲ့ရသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုများ အဆုံးသတ်သွားပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည့် ဟူဘေးပြည်နယ် ဝူဟန်မြို့တွင် စုပေါင်းအိမ်ရာတစ်ခုအတွင်း နေထိုင်ကြသည့် လူခြောက်ဦး ဗိုင်းရပ်စ်ကူးစက်ခံရမှုအား စစ်ဆေးတွေ့ရှိခဲ့ပြီးနောက်တွင် ဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့မှုများ ထပ်မံဖြစ်ပေါ်လာမည့်အရေးကို သတိထားသည့်အနေဖြင့် လူဦးရေ ၁၁ သန်းခန့် နေထိုင်သည့် ဝူဟန်တစ်မြို့လုံး၌ ဗိုင်းရပ်စ်ပိုး ရှာဖွေစမ်းသပ်မှုများ ပြုလုပ်ခဲ့ရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - ဇော်ဝင်း**

# တရုတ်နိုင်ငံမှ နိုင်ငံတကာသို့ တင်ပို့သည့် နှာခေါင်းစည်းအရေအတွက် ဘီလီယံ ၅၀ ကျော်ရှိပြီဖြစ်

**ပေကျင်း မေ ၁၇**

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကာကွယ်တားဆီးရန်အတွက် တရုတ်နိုင်ငံသည် နိုင်ငံအများအပြားသို့ မတ်လမှစတင်၍ နှာခေါင်းစည်းများ တင်ပို့ပေးခဲ့ရာ ယခုအချိန်အထိ နှာခေါင်းစည်း အရေအတွက် ဘီလီယံ ၅၀ ကျော်ရှိခဲ့ပြီဖြစ်သည်ဟု တရုတ်နိုင်ငံပိုင်မီဒီယာက ယနေ့ပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ပိုး ကာကွယ်တားဆီးရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို တရုတ်နိုင်ငံမှ နိုင်ငံတကာသို့ တင်ပို့သည့် စာရင်းများနှင့်ပတ်သက်သည့် ကြေညာချက်တစ်ရပ်ကို ဆင်ဟွာသတင်းအေဂျင်စီက ယနေ့ ထုတ်ပြန်ခဲ့သည်။

မတ် ၁ ရက်မှ မေ ၁၆ ရက်အထိ တရုတ်နိုင်ငံမှ နိုင်ငံတကာသို့ နှာခေါင်းစည်း ၅၀ ဒသမ ၉ ဘီလီယံ၊ တစ်ကိုယ်ရေသုံးကာကွယ်ရေး ဝတ်စုံ ၂၁၆ သန်းနှင့် လူ ၁၆၂ သန်းခန့် စစ်ဆေးနိုင်သည့် ကိုရိုနာဗိုင်းရပ်စ်ပိုး စစ်ဆေးရေး ကိရိယာများကို တင်ပို့ခဲ့ပြီးဖြစ်သည်။

အဆိုပါ တင်ပို့ခဲ့သည့်ပစ္စည်းများ၏ တန်ဖိုးစုစုပေါင်းသည် ယွမ် ၁၃၄ ဒသမ ၄ ဘီလီယံ (ဒေါ်လာ ၁၈ ဒသမ ၉ ဘီလီယံ) ခန့်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံမှ ဗိုင်းရပ်စ်ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ တင်ပို့သည့်နိုင်ငံများတွင် အမေရိကန်၊ ဂျပန်နှင့် ဂျာမနီနိုင်ငံများလည်း ပါဝင်သည်။

တရုတ်အစိုးရအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်တားဆီးရေးအတွက် ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆူလူးပြည်နယ်၌ ဖြစ်ပွားသည့် တိုက်ခိုက်မှုတွင် အဘူဆေယက်ဖ်အဖွဲ့ဝင် သုံးဦးသေ၊ အစိုးရတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရ

**မနီလာ မေ ၁၇**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆူလူးပြည်နယ် အစွန်အဖျားတွင် ယမန်နေ့ နံနက်ပိုင်းက ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များနှင့် အဘူဆေယက်ဖ်အကြမ်းဖက်အဖွဲ့မှဟု ယူဆရသော သေနတ်သမားများအကြား တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အဘူဆေယက်ဖ်အဖွဲ့မှ သေနတ်သမားသုံးဦးသေဆုံးပြီး ဖိလစ်ပိုင်တပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာများရခဲ့သည်ဟု ဖိလစ်ပိုင်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယမန်နေ့ နံနက် ၁၀ နာရီ မိနစ် ၄၀ ကျော်ဝန်းကျင်၌ ဆူလူးပြည်နယ် ပါတီကူလ်မြို့အနီးရှိ ဒါနက်ဂ်ကျေးရွာ၌ တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု မင်ဒါနာအိုအနောက်ပိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးအာဇင်အန်စီကန်က ပြောကြားသည်။

ကနဦးပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားသည့်နေရာ၌ သေဆုံးသွားသည့် အဘူဆေယက်ဖ်အဖွဲ့ဝင် သုံးဦးထဲမှ တစ်ဦး၏ရုပ်အလောင်းကို ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များက အင်အားပြင်း စစ်သုံးလက်နက်တစ်လက်နှင့်အတူ ရှာဖွေတွေ့ရှိခဲ့သည်ဟု ၎င်းက ပြောကြားသည်။

အဘူဆေယက်ဖ်အကြမ်းဖက်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံမှ အသေးငယ်ဆုံးသော အကြမ်းဖက်အုပ်စုဟု ယုံကြည်ရသော်လည်း ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများ အများဆုံးလုပ်ဆောင်သည့် အစွန်းရောက်အဖွဲ့ဖြစ်သည်။

ယင်းအဖွဲ့ဝင် တိုက်ခိုက်ရေးသမားအင်အား ၄၀ ခန့်ရှိသည်ဟု ခန့်မှန်းရပြီး ကျွန်းပြည်နယ်များဖြစ်သည့် ဆူလူးနှင့် ဘာဆီလန်တို့တွင် လှုပ်ရှားနေကြသည်။

အဘူဆေယက်ဖ်အကြမ်းဖက်အဖွဲ့သည် ပြန်ပေးဆွဲမှုများ၊ လူသေဆုံးမှုရှိသည့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ၊ ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့များအား ချုံခိုတိုက်ခိုက်မှုများ၊ ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှုများနှင့် ခေါင်းဖြတ်သတ်ဖြတ်မှုများနှင့် မင်ဒါနာအိုဒေသအတွင်း၌ ခြိမ်းခြောက်ငွေညှစ်ခြင်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်ခဲ့သည့် အဖွဲ့ဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်ရက်အတွင်း ၅၀၀၀ နီးပါးစမ်းသပ်တွေ့ရှိ၊ ၁၂၀ သေဆုံး

**နယူးဒေလီ မေ ၁၇**

အိန္ဒိယနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၉၈၇ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၀၉၂၇ ဦး ရှိလာကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၂၀ ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၈၇၂ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၃၉၄၆ ဦးရှိပြီး ၎င်းတို့အနက် ၃၄၁၀၈ ဦးသည် ရောဂါလုံးဝကင်းစင်လာသောကြောင့် ဆေးရုံများမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

မဟာရာ့ရှ်ထရာ ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၇၀၆ ဦး၊ ဂူဂျာရတ်ပြည်နယ်တွင် ၁၀၉၈၈ ဦးနှင့် တမီးလ်နာဒူပြည်နယ်တွင် ၁၀၅၈၅ ဦး စသည်ဖြင့် အသီးသီးရှိပြီး အိန္ဒိယနိုင်ငံတွင် လူ ၁၀၀၀၀ အထက် ရောဂါကူးစက်ခံရသည့် ပြည်နယ်များဖြစ်လာကြကြောင်း သိရသည်။

### သေဆုံးမှုအများဆုံး ပြည်နယ်

ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၀ ရှိသည့်အနက် ၆၇ ဦးသည် မဟာရာ့ရှ်ထရာပြည်နယ်တွင် သေဆုံးခဲ့ပြီး အိန္ဒိယနိုင်ငံတွင် အဆိုပါရောဂါကြောင့် သေဆုံးမှုအများဆုံး ပြည်နယ်ဖြစ်သည်။ ထို့အတူ အိန္ဒိယနိုင်ငံ တစ်ဝန်းလုံးရှိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၈၇၂ ဦးအနက် ၁၁၃၅ ဦးသည် မဟာရာ့ရှ်ထရာပြည်နယ်တွင် သေဆုံးခဲ့ပြီး အိန္ဒိယတစ်နိုင်ငံလုံးတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးပြည်နယ်ဖြစ်ကြောင်း သိရသည်။

မီဇိုရမ်နှင့် အာရူနာချာလ်ပရာဒေ့ရှ်ပြည်နယ်နှင့် ဒါဒါနှင့် နာဂါဟာဗယ်လီဒေသတို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူတစ်ဦးစီရှိကြပြီး အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အနည်းဆုံးပြည်နယ်များဖြစ်ကြောင်း သိရသည်။

**ကိုးကား - ပီတီအိုင်**
**ဘာသာပြန် - ဂျေတီ**

# မူဆယ်မြို့အတွင်း တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသားများအား ငွေကျပ်သိန်းပေါင်း ၁၈၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ



**နေပြည်တော် မေ ၁၇**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အတွင်း တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသားများအား ငွေကျပ်သိန်းပေါင်း ၁၈၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်မြို့အတွင်း လုံခြုံရေးဆောင်ရွက်နေသော ပူးပေါင်းတပ်ဖွဲ့ဝင်များသည် စွမ်စော်ရပ်ကွက် အိမ်အမှတ် (မစ/၃၉၂) ရှိ လင်းထက်ဦး ပိုင်ဆိုင်သော ဝင့်နင်ကုမ္ပဏီအဖွဲ့ တာ့ဖောက်တိကော် ဖျော်ဖြေရေးစင်တာအား မေ ၁၅ ရက် နံနက် ၁ နာရီခန့်တွင် ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား လောင်ဟွာ (ဘ)ခွမ်းဟူးတာအပါအဝင် တရုတ်နိုင်ငံသား ၁၀ ဦးအား လက်ပ်တော့မျိုးစုံ ၁၅ လုံး၊ တယ်လီဖုန်းမျိုးစုံ ၁၅ လုံး၊ မော်နီတာ သုံးလုံး၊ USB နှစ်လုံး၊ CPU တစ်လုံး၊ Printer (Kyocera) တစ်လုံး၊ Wifi စက် ခြောက်လုံး၊ တရုတ်အထိုင်ဖုန်း ခုနစ်လုံး၊ လက်ပ်တော့အားသွင်းကြိုး ၁၀ ခု၊ Computer Mouse ၁၀ လုံးနှင့် နားကြပ် ခုနစ်ခုတို့ကိုလည်းကောင်း၊ နံနက် ၂ နာရီ မိနစ်၄၀ ခန့်တွင် အဆိုပါရပ်ကွက်ရှိ လုကျိန်လုံပိုင်ဆိုင်သော ယွိလုံဆောင်နားအပန်းဖြေ SPA နေရာအား ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား ကျန်စိမ်း(ဘ)ကျန်းယွင်ခမ်းနှင့် တရုတ်နိုင်ငံသူ နှစ်ဦးကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း။

အလားတူ ပူးပေါင်းတပ်ဖွဲ့ဝင်များသည် ည ၁၂ နာရီခွဲခန့်တွင် ယင်းရပ်ကွက်ရှိ ချိန်မှုန်ပိုင်ဆိုင်သော နေအိမ်အား ဝင်ရောက်ရှာဖွေစစ်ဆေးရာ ၎င်းအပါအဝင် အမျိုးသားလေးဦးအား သေနတ်တစ်လက်၊ ၎င်းကျည်တောင့် ၂၀၊ ၎င်းကျည်အိမ် တစ်ခုနှင့် ၉ မမပစ္စတို တစ်လက်၊ ၎င်းကျည် ၁၀ တောင့်၊ ၎င်းကျည်အိမ်တစ်ခုတို့ကိုလည်းကောင်း၊ မေ ၁၆ ရက် နံနက် ၁ နာရီခန့်တွင် လိတီချန်း ပိုင်ဆိုင်သော နေအိမ်အား ဝင်ရောက်ရှာဖွေရာ တရားမဝင် ဝင်ရောက်နေထိုင်သည့် ရန်ဟော်ယုံအပါအဝင် တရုတ်နိုင်ငံသား သုံးဦးအား အမ်-၂၂ ခေါက်ဒင် နှစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ အမ်-၂၁ သစ်သားဒင် တစ်လက်၊ အမ်-၁၆ တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ လူကာပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ICE ၂၅ ကီလို၊ ဘိန်းဖြူ ဆပ်ပြာခွက် ၇ ဒသမ ၇ ကီလို၊ ဘိန်းဖြူဘလောက်တုံး ၃၀ ကီလိုနှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀ (မူးယစ်ဆေးဝါးများ ခန့်မှန်းတန်ဖိုးငွေကျပ် သိန်းပေါင်း ၁၈၀၀၀ ကျော်)နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

အဆိုပါ ဖမ်းဆီးရမိသူများ၊ လက်နက်၊ ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများအား မူဆယ်မြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# သူနာပြုတက္ကသိုလ် (ရန်ကုန်)ရှိ တိုးချဲ့လေးထပ်စာသင်ဆောင် ပြိုကျပျက်စီးမှုအချို့ဖြစ်ပွား




**ရန်ကုန် မေ ၁၇**
ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)၏ တိုးချဲ့လေးထပ်စာသင်ဆောင်တွင် ယနေ့ မွန်းလွဲပိုင်းက ပြိုကျပျက်စီးမှုအချို့ ဖြစ်ပွားခဲ့သည်။

**ပျက်စီးမှုများ ဖြစ်ပေါ်**

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် အဆိုပါ အဆောက်အအုံ၏ အပေါ်ဆုံးထပ် ရှေ့မျက်နှာစာရှိ လေထောင် (Parapet Wall) အလျားပေ ၂၀၀ ခန့် ရုတ်တရက်ပြိုကျမှုကြောင့် အဆောက်အအုံ ဒုတိယထပ်ရှိ လက်ရန်းဝရန်တာ ပေ ၂၀ ခန့်နှင့် မြေညီထပ်ရှိ ဆင်ဝင်သွပ်မိုးများ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။

လမ်းမတော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွန်းက "အထဲမှာတော့ ရုံးခန်းတွေရှိတယ်။ ဒီနေ့က ရုံးပိတ်ရက်ဖြစ်တော့ လူထိခိုက်မှုမရှိပါဘူး။ အစောင့်တွေကတော့ သူတို့ရှိနေတဲ့ အခြားဘက် အခြမ်းကနေ ပြိုကျတဲ့အသံတွေကြားလို့ လွတ်တဲ့နေရာကို ထွက်ပြေးခဲ့ကြရတယ်လို့ သိရတယ်။ အဆောက်အအုံအရှေ့ပိုင်း နေရာတွေနဲ့ ဆင်ဝင်အမိုးတွေတော့ ပျက်စီးသွားတယ်။ အခုလက်ရှိအခြေအနေကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူတွေနဲ့ သက်ဆိုင်ရာ ပညာရှင်တွေ လာရောက်ကြည့်ရှုသွားပါတယ်" ဟု ပြောပြသည်။

အဆိုပါ ပြိုကျပျက်စီးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပြိုကျပျက်စီးမှုအပိုင်းအား ကနဦးစစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် အဆောက်အအုံတစ်ခုလုံးကို နည်းပညာပိုင်းဖြင့် ပြန်လည် စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ နည်းပညာပိုင်းပညာရှင်များ စစ်ဆေးပြီးမှသာ သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအဆောက်အအုံကို ၂၀၁၁ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ – ဇော်ကြီး**

# မိုးညှင်းမြို့နယ်၌ တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

**မိုးညှင်း မေ ၁၇**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာအုပ်စု မော်ဟန်-နမ္မချီမှော်သွားလမ်း ငါးကန်ဟောင်းအနီးတွင် ယမန်နေ့ ညနေပိုင်းက လိုင်စင်မဲ့ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံးများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညနေ ၆နာရီ ၅ မိနစ်ခန့်က ခရိုင်မှူ/နိမ် ဌာနစိတ်မှ ရဲအုပ်ထွန်းလှိုင် ဦးစီးတပ်ဖွဲ့ဝင်များသည် တရားမဝင်ကျောက်စိမ်းရိုင်းများ သယ်ဆောင်လာကြောင်း သတင်းအရ မော်ဟန်-နမ္မချီမှော်သွားလမ်း ငါးကန်ဟောင်းအနီး၌ စောင့်ဆိုင်းနေစဉ် နမ္မချီမှော်မှ မော်ဟန်ကျေးရွာသို့ ကျော်သက်ဦး မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ကြည်ရှုံ၊ ဝေဦးနှင့် သက်အောင်ဝင်းတို့ လိုက်ပါလာသည့် လိုင်စင်မဲ့ယာဉ်အားရှာဖွေရာ ဆာလာအိတ်အတွင်းမှ ကျောက်စိမ်းအရိုင်းတုံးဆိုက်စုံ အလေးချိန်၂၂၉ ကီလိုဂရမ်ခန့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများကို သယ်ဆောင်လာသူ ကျော်သက်ဦး၊ ကြည်ရှုံ၊ ဝေဦးနှင့်သက်အောင်ဝင်းတို့အား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **နီတိုး**



# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၇**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၁၆ စီး၊ သွင်းကုန် ၈၀၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂ ဒသမ ၈ သန်း) ရှိသည့်အနက် Mitsubishi Fuso ယာဉ်တစ်စီးပေါ်တွင် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် PSI စလောင်းနှင့် ဆက်စပ်ပစ္စည်းများနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂ ဒသမ ၅၃၀ သန်းအား တွေ့ရှိ၍ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသန္တရအမိန့်မလိုက်နာသူ ၂၃ ဦးအား ထောင်ဒဏ် တစ်လစီ ပြစ်ဒဏ်ချမှတ်

**မော်လမြိုင်ကျွန်း မေ ၁၇**
ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် မြို့နယ်အတွင်း ညမထွက်ရ ဒေသန္တရအမိန့်အား ထုတ်ပြန်ကြေညာထားခဲ့သည်။

ယင်းဒေသန္တရအမိန့် ထုတ်ပြန်ထားသော်လည်း လိုက်နာခြင်းမရှိသူများအား အရေးယူဆောင်ရွက်ခဲ့ရာ မော်လမြိုင်ကျွန်းတစ်မြို့နယ်လုံးတွင် ယမန်နေ့အထိ ဒေသန္တရအမိန့်မလိုက်နာသူ ၂၃ ဦးအား ထောင်ဒဏ် တစ်လစီ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ **မော်ကျွန်းမြင့်အောင်**

# မင်းလှနှင့် ပဲခူးမြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

**အထက်မင်းလှ**
မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရေနံမကျေးရွာအုပ်စု ရေနံမတောင်ကျေးရွာ၌ မေ ၁၇ ရက် နံနက် ၇ နာရီ ၃၅ မိနစ်က မစန္ဒာဝင်း၏ နေအိမ် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးကူးစက်လောင်ခဲ့ရာ နေအိမ်တစ်လုံးမီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

**ပဲခူး**
ပဲခူးမြို့ကျိုက်ပေါ်ကျေးရွာ ကျိုက်ပေါ် (၂)လမ်း၌ ယနေ့ နံနက် ၇ နာရီ မိနစ် ၂၀ ခန့်က ဒေါ်နန်းဝင်းသည် နေအိမ်တွင် ထမင်းပေါင်းအိုးတည်ထားရာမှ မီးပလပ်ခုံ အပူလွန်ကဲပြီး မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် နှစ်ထပ်အိမ် အပေါ်ထပ်နှင့် အိမ်ရှေ့ကုန်စုံဆိုင်အတွင်းရှိ ကုန်ခြောက်ပစ္စည်းများပါ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

# တရားမဝင် နွားတင်ဆောင်လာသူများအား ဖမ်းဆီးရမိ

**မြင်းမူ မေ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၌ ယမန်နေ့ ညနေ ၆နာရီက တရားမဝင်နွားများ တင်ဆောင်လာသော ယာဉ်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြင်းမူမြို့မရဲတပ်ဖွဲ့စခန်းမှုရဲတပ်သားဆန္ဒအောင်သည် ယာဉ်စည်းကမ်း လုပ်ငန်းများဆောင်ရွက်စဉ် အရာတော်မြို့နယ်မှ မန္တလေးသို့ မောင်းနှင်လာသော ယာဉ်အား စစ်ဆေးရာ နွားထီးကိုးကောင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသဖြင့် ခိုင်ဇော်ဦးနှင့် နေလင်းအောင်တို့အား မြင်းမူရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိသည်။

**အောင်စိုးဖေ(မြင်းမူ)**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၇–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ ယနေ့ (၁၇–၅–၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၀၀) ခုနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ပထမအသုတ်စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၆) ခု၊ စုစုပေါင်း (၃၈၆)ခုတွင် –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂) ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ (၁၇–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ (၁၈၄) ဦး ရှိပြီဖြစ်ပါသည်။

၃။ (၁၇–၅–၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case)များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၂) ဦး (Case–146 နှင့် အမှတ်–၂ တပ်မတော်ဆေးရုံကြီး၊ ခုတင် ၁,၀၀၀ မှ Case–156) ရှိခဲ့သဖြင့် စုစုပေါင်း (၉၇) ဦးရှိပြီး ၎င်းတို့အနက် (၈၄) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာကန့်သတ်၍ ဆက်လက်စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၆–၅–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၇–၅–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၇၆) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၇-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၀) ခု |
| (၁၇-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ပထမအသုတ်ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၁၈၄) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၉၇) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ဇယား-၁

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ယခု ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ/ခံယူခဲ့သည့်ဆေးရုံ | COVID-19 ပိုးတွေ့ရှိ/ မတွေ့ရှိ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 183 | [illegible] နှစ် | ကျား | [illegible]မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 184 | [illegible] နှစ် | ကျား | [illegible]မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (မလေးရှား) | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ သတိပြုလိုက်နာနိုင်ရေး ကျေးရွာများသို့ အသိပေးဆောင်ရွက်

**ရေဦး မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ပူးပေါင်းကာ ယမန်နေ့ ညနေပိုင်းက ကျေးရွာများသို့လှည့်လည်၍ ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်နိုင်ရန် ပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် လှည့်လည်အသိပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဝန်ထမ်းများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကထုတ်ပြန်ထားသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုမဖြစ်ပွားစေရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသည့်သတိပေးချက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များ၊ ကိုဗစ်–၁၉ ကူးစက်ရောဂါဖြစ်ပွားနေချိန် ရာသီအလိုက် ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ ပိုမိုသတိပြုဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ လေပြင်းတိုက်ခတ်မှု၊ မိုးရွာသွန်းမှု၊ လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းခြင်းများ ဖြစ်ပေါ်နေချိန်တွင် လက်ကိုင်ဖုန်းအသုံးမပြုကြရန်၊ မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာနက ထုတ်ပြန်ကြေညာချက်များအား အလေးထားဆောင်ရွက်ရန် စသည့်အချက်များ သတိပြုလိုက်နာ ဆောင်ရွက်နိုင်ရန် လှည့်လည်အသိပေးခဲ့ကြကြောင်း သိရ သည်။

**သန်းသန်း (ပြန်/ဆက်)**

**❐ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ**

မန္တလေးတိုင်းဒေသကြီးမှ ၇၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၃ ဦး၊ မွန်ပြည်နယ်မှ နှစ်ဦးနှင့် ရခိုင်ပြည်နယ်မှ ၄၃ ဦးတို့ ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် မီးရထားခရီးစဉ်ဖြင့် ထပ်ဆင့်လွှဲပြောင်းပို့ဆောင်ပေးရာတွင် စားသောက်နေထိုင်ရေးကိစ္စ၊ ကျန်းမာရေးစစ်ဆေးခြင်းကိစ္စများ၊ ညအိပ်တည်းခိုရေးကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးခြင်းကို လားရှိုးမြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြန်မာ့မီးရထားလုပ်ငန်းမှ တာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့များ ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။


**ပြည်နယ်(ပြန်/ဆက်)**

## ကိုဗစ်–၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၁၇**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID–19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း(၄၃)ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**



# NCA လက်မှတ်ရေးထိုးထားသော NMSP (မွန်)အဖွဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း



**နေပြည်တော် မေ ၁၇**

ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် တပ်မတော်က လှူဒါန်းသည့် အထောက်အကူပြုပစ္စည်းများကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များက ယမန်နေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဒေါနရိပ်သာ၌ NCA လက်မှတ်ရေးထိုးထားသော NMSP (မွန်)အဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပေးအပ်လှူဒါန်းပွဲတွင် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုမောင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တပ်မတော်က လှူဒါန်းသည့် PPE ဝတ်စုံ ၂၀၀၊ Surgical Mask ၅၀၀၀၊ Hand Gel ၂၀၀၊ ခွဲစိတ်ခန်းသုံး လက်အိတ် (Surgical Gloves) ၃၀၀၀၊ မျက်မှန် (Goggles) ၁၀၀ နှင့် ပိုးသတ်ဆေးဖျန်းပုံး နှစ်ပုံးတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ IDP စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။




ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ပန်ဝါမြို့နယ်ရှိ အမှတ်(၂)ဒေသပိုင် အဆောက်အအုံ၊ ခိုက်ဘာဂျီ (ဆော့ဇမ်စခန်း)၊ ဖားကန့်မြို့နယ်ရှိ နမ္မဖြစ် COC ဘုရားကျောင်း၊ နမ္မဖြစ် ကက်သလစ်ဘုရားကျောင်း၊ နမ္မဖြစ် နှစ်ခြင်းဘုရားကျောင်း၊ မော်ဝမ်းမူရင်းနှစ်ခြင်း၊ မော်ဝမ်းအေဂျီဘုရားကျောင်း၊ ဆိပ်မူယူမာနှစ်ခြင်းဘုရားကျောင်း၊ ဆိပ်မူရဝမ်နှစ်ခြင်းဘုရားကျောင်း၊ ဆိပ်မူလီဆူးနှစ်ခြင်းဘုရားကျောင်း၊ ဆိပ်မူဆိုင်းတောင်နှစ်ခြင်း၊ ဆိပ်မူရပ်ကွက်(၄)နှစ်ခြင်း၊ လုံးခင်းလယ်ပြင်ကုဋ္ဋေကျေးရွာ၊ လုံးခင်းငြိမ်းချမ်းသာယာ COC ဘုရားကျောင်း၊ လုံးခင်းငြိမ်းချမ်းသာယာလီဆူနှစ်ခြင်း၊ လုံးခင်းရပ်ကွက်(၅) ကက်သလစ်၊ လုံးခင်းမော်စီစာနှစ်ခြင်းနှင့် လုံးခင်းမော်စီစာအေဂျီ IDP စခန်း စုစုပေါင်း IDP စခန်း ၁၈ ခုသို့ သွားရောက်၍ လက်သန့်ဆေးရည် ၁၇၄ ဘူး၊ ဆပ်ပြာ ၃၉၉၃ ခဲ၊ ထုံးအိတ် ၁၈၀ နှင့် အပူချိန်တိုင်းကိရိယာ ၂၀၊ လက်ဆေးစင်နှစ်ခု၊ အဝတ်နှာခေါင်းစည်း ၉၀၆ ခု၊ တစ်ခါသုံးနှာခေါင်းစည်း ၁၇၄ ခု၊ Hand Speaker နှစ်ခု၊ ကိုဗစ်-၁၉ ရောဂါ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick နှစ်ခုနှင့် ဗီနိုင်း နှစ်ချပ်တို့အား ထောက်ပံ့ခဲ့သည်။

အလားတူ ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်အတွင်းရှိ ဂျော်(၁) စခန်း၊ စိန့်သောမတ်စ်စခန်း၊ နေဝန်းနီ၊ ကွတ်ခိုင်မြို့နယ်ရှိ (၅) ရပ်ကွက်နှစ်ခြင်းအသင်းတော်၊ နမ္မတူမြို့နယ်အတွင်းရှိ လီဆူ၊ ကချင်၊ ကြူဆော့ စုစုပေါင်း IDP စခန်း ခုနစ်ခုသို့ သွားရောက်၍ အဝတ်နှာခေါင်းစည်း ၃၉၁၆ ခု၊ လက်ဆေးဆပ်ပြာ ၈၂၄ ဘူးတို့အား ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆေးရုံသုံးအထောက်အကူပြု ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်အထွေထွေရောဂါကုဆေးရုံ၊ ဖျားနာကုဆေးခန်းနှင့် စေတနာ့ဝန်ထမ်းများအတွက် လိုအပ်သည့်နေရာများ၌ သုံးစွဲနိုင်ရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့်ပတ်သက်သည့် ဆေးရုံသုံးအထောက်အကူပြုကာကွယ်ရေးပစ္စည်း ၁၀ မျိုး အခုရေ ၂၃၄၀ နှင့် နှာခေါင်းစည်း အခုရေ ၅၀၀၀ လှူဒါန်းပွဲကို ယနေ့ညနေ ၄ နာရီတွင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ လှူဒါန်းရာတွင် Myanmar Thilawa SEZ Holdings Co., Ltd. (MTSH)နှင့် Myanmar Agro Exchange public Co., Ltd. (MAEX) တို့၏ အလှူရှင်ဥက္ကဋ္ဌ ဦးဝင်းအောင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်သည့် ဆေးရုံသုံးအထောက်အကူပြုကာကွယ်ရေးပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၁၄၄၇၅၈၄ တန်ဖိုးရှိ ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသာအောင်၊ ဦးဝေဖြိုးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ အင်းစိန်ဆေးရုံအုပ်ကြီး ဒေါက်တာမေစန်းချိုနှင့် မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်ခင်နှင်းကြည်တို့က လက်ခံရယူခဲ့ကြပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း






# ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ၍ မိသားစုအတွက် အခက်အခဲရှိသူများအား ရောဝတီဖောင်ဒေးရှင်းက ငွေလှူဒါန်း

**နေပြည်တော် မေ ၁၇**

ရောဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ၍ မိသားစုအတွက် အခက်အခဲရှိနေသူများအတွက် ငွေကြေးများ ထောက်ပံ့လှူဒါန်းခဲ့သည်။

ရောဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်ဖြစ်သူ ပါမောက္ခ ဒေါက်တာဇော်ဝေစိုးတို့သည် ဝေဘာဂီအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာစံပယ်ဖြူ၊ တောင်ဥက္ကလာပဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးတို့နှင့် ဆွေးနွေးတိုင်ပင်၍ အကြောင်းအမျိုးမျိုးကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကာ မိသားစုအတွက် အမှန်တကယ် အခက်အခဲရှိနေသူ ၁၉ ဦးကို တစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်ရန်အတွက် ငွေကျပ် ငါးသိန်းစီ ထောက်ပံ့လှူဒါန်းခဲ့သည်။



ထို့ပြင် ရောဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားသော တောင်ဥက္ကလာပဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် ဒဂုံဂေါက်ကွင်းတို့မှ နေ့စားနှင့် အခြေခံလုပ်သားများ၊ ကယ်ရီများနှင့် ဂေါက်ကွင်းလုပ်သားများ၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှ ကျောင်းသားများ အပါအဝင် စုစုပေါင်း လူဦးရေ ၂၀၀၀ ၏ စားဝတ်နေရေးလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းပေးသည့်အနေဖြင့် ငွေကျပ် သိန်း ၃၀၀ တန်ဖိုးရှိ ဆန်၊ ဆီ အစရှိသည့် စားသောက်ကုန်များကို သွားရောက်လှူဒါန်းခဲ့သည်။

သတင်း-ဖိုးသော်ဇင်
ဓာတ်ပုံ-ကိုမိုး

# ကိုဗစ်နှင့် ကိုဗစ်အလွန်ကာလ အဆင့်မြင့်ပညာရေးနှင့် သုတေသန

မောင်ပြေ (ဆင်ပေါင်ဝဲ)

ကမ္ဘာကြီးတစ်ခုလုံး ကိုဗစ်ကာလတွင် ကျောင်းသား ကျောင်းသူများအပါအဝင် မိသားစုအလိုက် အိမ်တွင် နေကြရပါသည်။ တချို့နိုင်ငံများတွင် ကျောင်းအချို့ ပြန်ဖွင့်နေပြီဖြစ်သော်လည်း တချို့နိုင်ငံများတွင် မဖွင့်နိုင်သေးပါ။ တချို့နိုင်ငံများကလည်း Online Learning (အင်တာနက်မှ/အဝေးမှ သင်ကြားပေးသောစနစ်) ကို အစားထိုးလာကြပါသည်။

**နည်းပညာကျွမ်းကျင်မှုများ**

ကျွန်တော်တို့ မြန်မာနိုင်ငံအတွက်လည်း အခြေခံနှင့် အဆင့်မြင့် (တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ) ပညာရေးကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အခါ ဖွင့်လှစ်ခွင့် အခြေအနေ မပေးသေးလျှင်လည်း ဆရာ ဆရာမက အဝေးမှနေ၍ သင်ကြားပေးမည့် အစီအစဉ်များ ပြင်ဆင်ရပါတော့မည်။ ထို့အတွက် ဆရာ ဆရာမများ Digital Literacy ကွန်ပျူတာနှင့်ပတ်သက်သော ကျွမ်းကျင်မှုနှင့် ကွန်ပျူတာနှင့် ဆက်စပ်နေသော သတင်းအချက်အလက် နည်းပညာကျွမ်းကျင်မှုများ ရှိနေရပါတော့မည်။

ပြီးလျှင် လိုအပ်သော (Hardware) ကွန်ပျူတာ စက်ပိုင်းဆိုင်ရာ ပစ္စည်းကိရိယာများ၊ (Desktop) ရုံးသုံး ကွန်ပျူတာ၊ (Laptop) ဘက်ထရီသုံး လက်ဆွဲကွန်ပျူတာ၊ (Smart Phone) ခေတ်မီတယ်လီဖုန်းများ ဝယ်ယူသုံးစွဲနည်းများပါ သင်ကြား၊ သင်ယူရပါတော့မည်။ ကွန်ပျူတာ ညွှန်ကြားချက်၊ ကွန်ပျူတာသုံးစကားလုံးများ (Software) ကိုလည်း တတ်ကျွမ်းအောင် ပြုလုပ်ရပါတော့မည်။ သတင်းအချက်အလက်နည်းပညာ (Information Technology) နှင့်အတူ ကိန်းဂဏန်းအခြေပြု သင်ကြားနည်း၊ သင်ယူနည်းပညာ (Digital Pedagogy) များပါ တစ်ပြိုင်နက် လေ့လာရပါတော့မည်။

**အစားထိုးပြုပြင်**

ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် မတူသည့်အချက်က "ကျောင်းသား ကျောင်းသူများအားလုံး လိုအပ်သော ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူနိုင်ကြပါမည်လား" စသည်ဖြင့် စဉ်းစားတွေးတောစရာ ဖြစ်လာသည်။ အဆင့်မြင့်ပညာရေးတွင် လက်ရှိ ရှိနေသော အဝေးသင် တက္ကသိုလ်ပညာရေးကို လက်တွေ့ကျသော၊ အကျိုးရှိသော၊ အသုံးချဘာသာရပ်များ ဖြည်းဖြည်းချင်း အစားထိုး ပြုပြင်ပေးရပါမည်။

ဗြိတိန်နိုင်ငံမှ မြန်မာနိုင်ငံသို့ အကူအညီပေးနေသော အဝေးသင်ပညာရေးကို ဆန်းသစ်မှုများစွာဖြင့် ပြောင်းလဲပေးခြင်းစီမံကိန်း (Transformation by Innovation in Distance Education–TIDE project) အရလည်း ဗြိတိန်နိုင်ငံတွင် အခြေပြု၍ ကမ္ဘာတစ်ဝန်း အောင်မြင်ကျော်ကြားလျက်ရှိသော Open University မှ ပါမောက္ခများ၊ ပညာရှင်များကိုယ်တိုင်ဦးစီး၍ အလုပ်လုပ်ရင်း၊ အိမ်မှာနေရင်း စာသင်ပေးသော နည်းစနစ်ကို ကိုဗစ်ကာလနှင့်အတူ ဖြတ်ကျော်လေ့ကျင့်၊ သုတေသနပြု ဆောင်ရွက်လျက် ရှိနေပါသည်။

အွန်လိုင်းမှ သင်ကြားပေးနေရင်း ကျွန်တော်တို့နိုင်ငံတွင် အရိုးစွဲနေသည့် အလွတ်ကျက်နေသောစနစ်မှ အတွေးအခေါ် အခြေပြုပညာရေး၊ တီထွင်ဆန်းသစ်သော ပညာရေးစနစ်သို့ ပြောင်းလဲပြုပြင်ရပါမည်။

**အွန်လိုင်းမှ သင်ကြားပေးနေရင်း ကျွန်တော်တို့နိုင်ငံတွင် အရိုးစွဲနေသည့် အလွတ်ကျက်နေသောစနစ်မှ အတွေးအခေါ် အခြေပြုပညာရေး၊ တီထွင်ဆန်းသစ်သော ပညာရေးစနစ်သို့ ပြောင်းလဲပြုပြင်ရပါမည်။ မြန်မာနိုင်ငံ၏ ၂၀၁၈ ခုနှစ် စာရင်းဇယားများအရ ဝိဇ္ဇာပညာနှင့် လူမှုရေးဘွဲ့ရ ၄၅ ဒသမ ၇ ရာခိုင်နှုန်း၊ သဘာဝသိပ္ပံဘွဲ့ရ ၂၃ ဒသမ ၆ ရာခိုင်နှုန်း၊ ဘာသာရပ်နှစ်ခုပေါင်း ၆၉ ဒသမ ၃ ရာခိုင်နှုန်းဖြင့် နိုင်ငံအားလုံးတွင် ဘွဲ့ရဦးရေအများဆုံးဖြစ်နေသည်ကို ထူးခြားစွာ တွေ့မြင်နေရ။**

Percentage of all graduates from tertiary education in ASEAN and some countries (2015–2018)

| Sr.no | Indicator Name | Bangladesh, 2018 | Cambodia, 2015 | Finland, 2017 | France, 2016 | Germany, 2017 | Hungary, 2017 | India, 2018 | Indonesia, 2018 | Korea, Rep. 2017 | Lao PDR, 2018 | Malaysia, 2018 | Myanmar, 2018 | Norway, 2017 | Philippines, 2017 | Singapore, 2017 | Thailand, 2016 | Vietnam, 2016 |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | Agriculture, Forestry, Fisheries and Veterinary programmes (%) | 1.1 | 3.7 | 2.3 | 1.5 | 1.8 | 3.9 | 0.7 | 4.1 | 1.3 | 8.5 | 2.2 | 0.6 | 0.8 | 3.3 | 0.2 | 3.0 | 4.5 |
| 2 | Education programmes, (%) | 1.2 | 14.3 | 6.7 | 4.0 | 11.4 | 16.0 | 9.1 | 23.9 | 7.2 | 17.1 | 6.6 | 3.9 | 15.8 | 18.4 | 6.6 | 8.6 | 25.7 |
| 3 | Engineering, Manufacturing and Construction programmes (%) | 1.3 | 4.2 | 16.2 | 14.9 | 21.6 | 14.5 | 11.7 | 7.9 | 20.3 | 12.7 | 30.1 | 7.9 | 13.6 | 15.3 | 21.1 | 19.0 | 19.9 |
| 4 | Health and Welfare programmes (%) | 2.1 | 7.2 | 21.4 | 15.4 | 7.2 | 7.8 | 3.2 | 16.1 | 15.5 | 4.7 | 6.6 | 2.3 | 19.3 | 6.5 | 8.8 | 4.8 | 6.0 |
| 5 | Arts and Humanities programmes (%) | 31.3 | 1.1 | 11.2 | 9.4 | 11.3 | 8.8 | 5.6 | 5.2 | 16.0 | 7.0 | 6.1 | 45.7 | 7.7 | 2.1 | 8.0 | 7.3 | 4.0 |
| 6 | unspecified fields (%) | 1.9 | 8.1 | 6.3 | 3.1 | 4.9 | 5.2 | 6.5 | 8.3 | 4.5 | 8.2 | 7.5 | 2.2 | 3.9 | 12.0 | 8.3 | 7.8 | 2.5 |
| 7 | Services programmes (%) | 0.2 | 1.3 | 4.9 | 3.3 | 2.4 | 4.8 | 0.4 | 0.0 | 10.0 | 2.5 | 9.3 | 2.0 | 5.1 | 7.1 | 3.2 | 5.3 | 3.6 |
| 8 | Natural Sciences, Mathematics and Statistics programmes (%) | 8.1 | 3.9 | 4.8 | 7.6 | 9.2 | 4.4 | 13.5 | 3.3 | 4.5 | 1.6 | 3.5 | 23.6 | 4.8 | 1.5 | 5.6 | 4.3 | 0.7 |
| 9 | Social Sciences, Journalism and Information programmes (%) | 25.8 | 1.2 | 7.4 | 7.6 | 7.4 | 10.1 | 31.5 | 12.9 | 5.6 | 1.8 | 3.8 | 0.1 | 10.4 | 5.2 | 7.1 | 19.3 | 3.8 |
| 10 | Business, Administration and Law programmes (%) | 27.1 | 55.1 | 18.9 | 33.3 | 22.6 | 24.4 | 17.8 | 18.3 | 15.1 | 36.0 | 24.2 | 11.8 | 18.6 | 28.8 | 31.2 | 20.5 | 29.2 |
| | Total | 100.0 | 100.0 | 100.0 | 100.0 | 100.0 | 100.0 | 100.0 | 100.0 | 100.0 | 100.0 | 100.0 | 100.0 | 100.0 | 100.0 | 100.0 | 100.0 | 100.0 |

Source - World Bank, 2015-2018 Data downloaded from World Bank Website 3 April, 2020

**ဘွဲ့ရဦးရေအများဆုံး**

ကမ္ဘာ့ဘဏ်နှင့် UNESCO အဖွဲ့တို့ ပူးပေါင်းမှတ်တမ်းပြုထားသော ၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများနှင့် နိုင်ငံအချို့၏ ဘာသာရပ်အလိုက် ဘွဲ့ရဦးရေ ရာခိုင်နှုန်းကို ပူးတွဲပါဇယားတွင် တွေ့မြင်နိုင်ပါသည်။ မြန်မာနိုင်ငံ၏ ၂၀၁၈ ခုနှစ်စာရင်းဇယားများအရ ဝိဇ္ဇာပညာနှင့် လူမှုရေးဘွဲ့ရ ၄၅ ဒသမ ၇ ရာခိုင်နှုန်း၊ သဘာဝသိပ္ပံဘွဲ့ရ ၂၃ ဒသမ ၆ ရာခိုင်နှုန်း၊ ဘာသာရပ်နှစ်ခုပေါင်း ၆၉ ဒသမ ၃ ရာခိုင်နှုန်းဖြင့် နိုင်ငံအားလုံးတွင် ဘွဲ့ရဦးရေအများဆုံး ဖြစ်နေသည်ကိုထူးခြားစွာ တွေ့မြင်နေရပါသည်။

**အရေးတကြီးလိုအပ်**

ယခုကိုဗစ်ကာလအတွင်း လိုအပ်သော ဆရာဝန်များ (ဆေး၊ သွားဘက်ဆိုင်ရာ)၊ ဆေးဝါးကျွမ်းကျင်သူ၊ သူနာပြု၊ လူထုကျန်းမာရေးပညာရှင်များပါရှိသည့် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ မွေးထုတ်ပေးလိုက်သော ကျန်းမာရေးဘွဲ့ရရာခိုင်နှုန်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ၂ ဒသမ ၃ (တစ်နည်းအားဖြင့် ဘွဲ့ရဦးရေ ၁၀၀ တွင်မှ ကျန်းမာရေးပညာရှင်နှစ်ဦးသာ မွေးထုတ်ပေးနိုင်ပြီး လာအိုနှင့် ထိုင်းနိုင်ငံတွင် ငါးဦး၊ ဗီယက်နမ်တွင် ခြောက်ဦး၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် ဖိလစ်ပိုင်တို့တွင် ခုနစ်ဦး၊ စင်ကာပူတွင် ကိုးဦး၊ ပြင်သစ်နှင့် ကိုရီးယားတွင် ၁၅ ဦး၊ အင်ဒိုနီးရှားတွင် ၁၆ ဦး၊ နော်ဝေတွင် ၁၉ ဦး၊ ဖင်လန်တွင် ၂၁ ဦးအထိ မွေးထုတ်ပေးနေသည်ကို တွေ့ရှိနိုင်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင် လိုအပ်နေသော ဘာသာရပ်ဆိုင်ရာ ပညာများကို နှစ်အလိုက်ဘွဲ့ရများ စနစ်တကျ တိုးတက်သင်ကြားမွေးထုတ်ပေးနိုင်ရန် အရေးတကြီး လိုအပ်ပါပြီ။

**ကြည်နူးအားရဖွယ် တွေ့မြင်နေရ**

ထို့အတူ ကိုဗစ်နှင့် ကိုဗစ်အလွန်ကာလအတွက် အဆင့်မြင့်ပညာသင်ကြားပေးနေသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ သုတေသနများမှာလည်း ဤဗိုင်းရပ်စ်ကာကွယ်ဆေး (Vaccine)၊ ကုသဆေး (Medicine)၊ ကျန်းမာရေးအရ စနစ်တကျ နေထိုင်ပုံနည်းစနစ်များ (e.g. Social Distancing) စသည်တို့ကို ဆေးနှင့် နှီးနွှယ် တက္ကသိုလ်များတွင်သာမက ဥပမာ–ဓာတုဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ပညာ၊ လူမှုရေးသိပ္ပံ၊ စီးပွားရေး၊ ဥပဒေဘာသာရပ်များကပါ ပူးပေါင်းသုတေသနပြုသင့်သည်ဟု အကြံပြုလိုပါသည်။ အင်ဂျင်နီယာနှင့် ကွန်ပျူတာတက္ကသိုလ်များက တီထွင်ထုတ်လုပ်သည့် ဆေးဖျန်း ရိုဘော့စက်ရုပ်များကို ဆေးရုံများသို့ ပေးပို့လှူဒါန်းနေသည်ကိုလည်း ကြည်နူးအားရဖွယ် တွေ့မြင်နေရပါသည်။

ထိုစက်ရုပ်များ၊ ပိုးသတ်အခန်းများ လက်တွေ့ကျ၊ မကျ ဆက်လက်သုတေသနပြုရန် လိုအပ်မည် ထင်ပါသည်။

**သုတေသနပြုလုပ်နိုင်**

ဆေးရုံ၊ ဆေးခန်းမလာနိုင်သော ပုံမှန်ချောင်းဆိုး၊ ကိုယ်ပူဖျားနာ၊ အသက်ရှူခက်ခဲလူနာများအတွက် ကုသပေးလျက်ရှိသော တိုင်းရင်းဆေးဝါးများ (Traditional Medicines) နှင့် တိုင်းရင်းဆေးဝါးအပင် (Medicinal Plants) သုတေသနများကိုလည်း တိုင်းရင်းဆေးဝါး တက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ရှိ ရုက္ခဗေဒ၊ ဓာတုဗေဒဌာနများမှ စုပေါင်းစီမံချက်ဆွဲပြီး သုတေသနပြုလုပ်နိုင်ပါက အလွန်ကောင်းမွန်မည် ဖြစ်ပါသည်။ ဥပမာ လက်ဖက်ရည်ကြမ်းသောက်ပေးခြင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဂျင်း စားသုံးခြင်း၊ နေပူစာလှုံခြင်း (နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တွေ့ဆုံပွဲတွင်ပြောကြားခဲ့) စသည်တို့ကိုလည်း စနစ်တကျ သိပ္ပံနည်းကျ သုတေသနပြုထားမည်ဆိုပါက ကျွန်တော်တို့နိုင်ငံ တစ်မျိုးသားလုံး ညီညွတ်မှုဖြင့် ကိုဗစ်–၁၉ ရောဂါကို ကာကွယ်တိုက်ထုတ်နိုင်ပါသည်။ ကျောင်းသား ကျောင်းသူများ၊ စေတနာရှင်လုပ်အားပေးများနှင့်အတူ ကျောင်းသားသမဂ္ဂအဖွဲ့ဝင် ကျောင်းသား ကျောင်းသူများပါ ပူးပေါင်းပါဝင် လုပ်အားပေး၍ ဤရောဂါကို အမြစ်ပြတ်အောင် တိုက်ထုတ်ကြပါစို့ဟူ၍ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# မောက်မယ်မြို့၌ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မောက်မယ် မေ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇နာရီက မြို့အဝင်/အထွက်ဂိတ်များ၊ လမ်းဆုံလမ်းခွနေရာများတွင် သွားလာနေသောပြည်သူများ၊ ယာယီပျံကျဈေးတွင် ဈေးရောင်းဈေးဝယ်ပြည်သူများ နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်ရေး အသိပညာပေးပြီး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းများကို ပဥ္စမအကြိမ်မြောက် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အဆင့်ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်သူရနှင့် ကော်မတီဝင်များ၊ ရဲမှူးမျိုးကြည်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

## မေ ၁၇ ရက်တွင် မြဝတီ တံတားအမှတ် (၂)မှ မြန်မာနိုင်ငံသား ၉၀ ဆက်လက်ဝင်ရောက်




**မြဝတီ မေ ၁၇**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၉၀ သည် မြဝတီ အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် ကရင်ပြည်နယ်မှ ၂၀၊ မွန်ပြည်နယ်မှ ၁၃ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ကိုးဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ငါးဦး၊ မန္တလေးတိုင်းဒေသကြီးမှ ငါးဦး၊ နေပြည်တော်မှ လေးဦး၊ ရှမ်းပြည်နယ်မှ ခြောက်ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှတစ်ဦး၊ ရခိုင်ပြည်နယ်မှ တစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှသုံးဦး စုစုပေါင်း ၉၀ ဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်တွင် ၆၀၊ မေ ၂ ရက်တွင် ၅၄ ဦး၊ မေ ၃ ရက်တွင် တစ်ဦး၊ မေ ၄ ရက်တွင် ၄၄ ဦး၊ မေ ၅ ရက်တွင် ၂၃ ဦး၊ မေ ၆ ရက်နှင့် မေ ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ မေ ၈ ရက်တွင် ၁၀၀၊ မေ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ မေ ၁၀ ရက်တွင် ၄၄ ဦး၊ မေ ၁၁ ရက်တွင် ၁၃ ဦး၊ မေ ၁၂ ရက်တွင် ၄၁ ဦး၊ မေ ၁၃ ရက်တွင် ၁၆ ဦး၊ မေ ၁၄ ရက်တွင် ၃၈ ဦး၊ မေ ၁၅ ရက်တွင် ၁၂၀၊ မေ ၁၆ ရက်တွင် ၇၆ ဦး၊ ယနေ့တွင် ၉၀ ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၇၂၀ အထိ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ထိန်လင်းအောင်(ပြန်/ဆက်)



## ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်သွားလာရေး အသိပေးနှိုးဆော်ခြင်းနှင့် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကော့ကရိတ် မေ ၁၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ အများပြည်သူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေး ကြိုတင်ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်သွားလာရေး အသိပညာပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းကို ယနေ့နံနက် ၈ နာရီက ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ လူစည်ကားရာနေရာများတွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ခြင်းကို ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များက လူစည်ကားရာနေရာများနှင့် ယာယီဈေးတွင် ပြည်သူများအား အပြင်ထွက်ခြင်း၊ ခရီးသွားလာခြင်း၊ လိုင်းကားများစီးရာတွင် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်သွားလာရေးနှင့် လက်ဆေးဆပ်ပြာရည်များ ယူဆောင်အသုံးပြုရေး၊ နှာခေါင်းစည်းအား ရေရှည်အသုံးပြုနိုင်ရေးအတွက် အဝတ်ပိတ်ဖြင့် ကိုယ်တိုင်ချုပ်လုပ်တပ်ဆင်ရေး၊ လူထူထပ်သောနေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ရေးတို့ကို အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှ ထုတ်ဝေသည့် ကိုဗစ်-၁၉ မပြန့်ပွားဖို့ မိမိကစ၍ ကာကွယ်စို့ သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

ခင်မျိုးဝင်း(ပြန်/ဆက်)

## ပေါင်းတည်တွင် ကိုဗစ်-၁၉ ကူးစက်မှု သတိပြုကာကွယ်နိုင်ရန် ပညာပေးဖျော်ဖြေမှု ပြုလုပ်

**ပေါင်းတည် မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် သဲကုန်းမြို့နယ်မှ ကြက်ခြေနီမောင်မယ်များက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းကာ ကိုဗစ်-၁၉ ပညာပေး တေးသီချင်းများဖြင့် သရုပ်ပြဖျော်ဖြေခြင်း ပညာပေးလှုပ်ရှားမှုများကို ပြည်ခရိုင်အတွင်းရှိ ပေါင်းတည်မြို့သို့ ယနေ့နံနက်ပိုင်းက လူစည်ကားရာနေရာများဖြစ်သည့် မြို့မဈေးကြီးရှေ့၊ အထကကျောင်းစောင့်ကြည့်စင်တာနှင့် ကရုဏာရှင်ကူညီမှုအသင်း ကျန်းမာရေးစစ်ဆေးရေးဂိတ်ရှေ့တို့တွင် လှုံ့ဆော်ရေးအစီအစဉ်အဖြစ် လိုက်လံသရုပ်ပြဖျော်ဖြေခြင်းကို ပြုလုပ်ဆောင်ရွက်ပြီး မြို့နယ်တာဝန်ရှိများက အလှူငွေ၊ အအေးနှင့်မုန့်များကို ပြန်လည်ပေးအပ်ကျွေးမွေးခဲ့ကြောင်း သိရသည်။

တင်ဝင်းဇော်(မင်းသားကြီး)

## ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဝယ်လိုအားကျဆင်းမှုကြောင့် ဖရဲစိုက်တောင်သူများ အရှုံးပေါ်



**ရပ်စောက် မေ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်အတွင်း ဝင်ငွေရသီးနှံဖြစ်သော ဖရဲစိုက်ပျိုးခြင်းလုပ်ငန်းကို မြင်တောင်ကျေးရွာအုပ်စု တောရကျေးရွာတွင် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ ဖြစ်ထွန်းလျက်ရှိသော်လည်း ဝယ်လိုအားကျဆင်းမှုကြောင့် အရှုံးပေါ်လျက်ရှိသည်။

ဖရဲစိုက်တောင်သူ ဦးဝင်းမြင့်က "ဒီနှစ် ဖရဲသီးနှံကို ပြည်ပဈေးကွက် ထိုးဖောက်ရောင်းချနိုင်အောင်လုပ်မယ်ဆိုပြီး ဒီရွာမှာ မြေခြောက်ဧကလောက်ငှားရမ်းစိုက်ပျိုးခြင်းဖြစ်ပါတယ်။ မြေ၊ ရေအဆင်ပြေပြီး သီးနှံလည်း ဖြစ်ထွန်းအောင်မြင်ပါတယ်။ ဈေးကွက်တင်ပို့ရခါနီးမှ ကပ်ရောဂါဖြစ်ပွားချိန်နဲ့ကြုံရတော့ မြေယာထွန်ယက်ခတွေ၊ မျိုးစေ့ဖိုးတွေ၊ မြေဩဇာဖိုးတွေ၊ ပိုးသတ်ဆေးအားဆေးဖိုးတွေ၊ အလုပ်သမား ငှားရမ်းအသုံးပြုခတွေ အားလုံးအရင်းပြန်မရတဲ့အပြင် အခုရှိနေတဲ့ အသီးတွေတောင် ကျပ် ၁၀၀၀၊ ၁၅၀၀ နဲ့ မနည်းရောင်းနေရတယ်။ ပြည်တွင်းဝယ်လိုအားလည်း မရှိဘူး။ ဈေးတွေကိုပို့ပြီးရောင်းမယ်ဆိုတော့လည်း ရောဂါကြောင့်ပိတ်ထား၊ ပွဲလမ်းသဘင်တွေလည်းကန့်သတ်ထားတော့ ခြံထဲလာဝယ်သူတွေကိုပဲ လက်လီရောင်းနေရလို့ အရှုံးပေါ်နေတယ်"ဟု ပြောသည်။

ရပ်စောက်မြို့နယ်တွင် ယခင်က ယခုကဲ့သို့ ဖရဲသီးနှံကို စိုက်ပျိုးမှုမရှိဘဲ ယခုမှစတင်စိုက်ပျိုးခြင်းဖြစ်ရာ ဖြစ်ထွန်းအောင်မြင်မှုများရှိသော်လည်း ကုန်သည်ပွဲစားများ ဝင်ရောက်မှုမရှိဘဲ ဝယ်လိုအားများကျဆင်းနေမှုကြောင့် ဖရဲစိုက်တောင်သူများ အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

ဇော်ဝင်းလှိုင်(ရပ်စောက်)

## ထိုင်းနိုင်ငံမှ နေရပ်ပြန်မြန်မာနိုင်ငံသား ၁၁၄ ဦး ထားဝယ်မြို့သို့ ရောက်ရှိ



**ထားဝယ် မေ ၁၇**

ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံရပြီးနောက် ပြစ်ဒဏ်ကာလကုန်ဆုံးသွားပြီးဖြစ်သော တိုင်းဒေသကြီးပြည်နယ်အသီးသီးမှ နေရပ်ပြန်မြန်မာနိုင်ငံသား ၁၁၄ ဦးသည် မြိတ်မြို့နယ်မှတစ်ဆင့် မော်တော်ယာဉ် ၁၀ စီးဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ယနေ့ညနေပိုင်းက ရောက်ရှိခဲ့ကြောင်း သိရသည်။

ထို့နောက် ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ နေရပ်ပြန်မြန်မာနိုင်ငံသား ၁၁၄ ဦးအား မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီအဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကြေညာချက်များ၊ ဒေသအတွင်းထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များ၊ ဝင်ရောက်လာသူများမှ လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက ထားဝယ်ခရိုင်မှ နေရပ်ပြန်မြန်မာနိုင်ငံသား ၁၃ ဦးအား သက်ဆိုင်ရာမြို့နယ်ရှိ ကန့်သတ်စောင့်ကြည့်မှု ၂၁ ရက်ထားရှိမည့်မြို့နယ်များသို့ ပို့ဆောင်ပေးခဲ့ပြီး ကျန်ရှိသော တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ နေရပ်ပြန်မြန်မာနိုင်ငံသား ၁၀၁ ဦးကို ရွှေဝယ်သီရိအားကစားကွင်းအတွင်း သတ်မှတ်ထားသော ကန့်သတ်စောင့်ကြည့်မှု ထားရှိမည့်နေရာများတွင် ညအိပ်ထားရှိခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးပြည်နယ်အသီးသီးမှ နေရပ်ပြန်မြန်မာနိုင်ငံသား ၁၀၁ ဦးအား မေ ၁၈ ရက် နံနက်ပိုင်းတွင် ရွှေဝယ်သီရိအားကစားကွင်းမှ မော်တော်ယာဉ် ၁၀ စီးဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးပြည်နယ်များရှိ ကန့်သတ်စောင့်ကြည့်မှု ထားရှိမည့်နေရာများသို့ အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပို့ဆောင်ပေးသွားမည်ကြောင်း သိရသည်။

ထားဝယ်(ပြန်/ဆက်)

# ပါတော်မူအပြီး ၁၀ လမျှ အကြာ

**ဆူးငှက်**

မန္တလေးတောင် ဆုတောင်းပြည့်ဘုရား ရင်ပြင်တော်မှ ပတ်ဝန်းကျင်တစ်ခွင် လှမ်းမျှော်ကြည့်လိုက်လျှင် မန္တလေးသည် မြူထဲ၌ လူးလွန့်နေ၏။ တစ်ခါတစ်ရံ အဆောက်အအုံသစ်တချို့၏ သွပ်မိုးပြောင်ပြောင်သည် မှန်ထိုးပြနေသဖြင့် တဖျပ်ဖျပ်…။ မန္တလေးကို ပတ်လည်ဝန်းရံနေတာက ရေရိပ်၊ လယ်ရိပ်များသာ ဖြစ်ခဲ့ကြောင်း အစွန်းအထင်း အစအနတွေ တွေ့နေရပါသေးသည်။ အရင်ကတော့ … အောင်ပင်လယ်ကန်၊ နန္ဒာကန်တွေမှာ ရေရိပ်သန်းခဲ့မှာပေါ့…။ အရင်ကတော့ ငွေတော်ကြည်ကုန်း၊ သင်ပန်းကုန်း၊ ထွန်တုံး၊ ရဲမွန်တောင်နှင့် ကံကောက်နယ်တစ်ကြောမှာ လယ်ရိပ် စိမ်းမြမြပင်လယ်ပြင်ကြီး ဖြစ်မှာပေါ့။

### ကွန်ကရစ်ရိပ်၊ မှန်ရိပ်၊ ကြွေရိပ်

အခုတော့ … ထို ရေရိပ်၊ လယ်ရိပ်များဆီမှ သွပ်မိုးပြောင်ပြောင်များ တဖျပ်ဖျပ် မှန်ရိပ်ထိုးပြနေပြန်သည်။ ကုန်လွန်ခဲ့သော ကာလများဆီကတော့ သစ်ရိပ်ဝါးရိပ်တွေအောက်က ဣန္ဒြေကြီးသော မန္တလေး…။ ဒီကနေ့တော့ နိုင်လွန်ကတ္တရာလမ်းနှင့် ကွန်ကရစ်တောမှာ လျှပ်ပေါ်လော်လည်သော စမတ်စီးတီး မန္တလေး…။ မန္တလေးမှာ သစ်၊ ဝါး အတွေ့အထိတွေ ချည့်နဲ့ပါးလျားစ ပြုလာ၏။ သစ်၊ ဝါးသည် ဧည့်ခန်းဆောင် ကြမ်းခင်းပါကေးများအဖြစ် ပေါလစ်ရောင်အောက်မှာပဲ ပွတ်သပ်ကြည့်ရတော့မည်။ တန်ဖိုးမြင့်တက်သွားတာလား…။ ရှားပါးသွားတာလားမသိ…။ မန္တလေးတောင်ထိပ် ဆုတောင်းပြည့်ရင်ပြင်မှာပင် … ကွန်ကရစ်ရိပ်၊ မှန်ရိပ်၊ ကြွေရိပ်များနှင့် ခေတ်ပေါ်များကို ဆင်မြန်းထားချေပေ့…။ ရင်ပြင်တော်ပေါ်မှာ မှန်ရိပ်ကိုနောက်ခံပြု …၊ ကြွေရိပ်ပေါ်မှာ ခြေစုံရပ်ကာ သံမဏိပိုက်ဝရန်တာမှတစ်ဆင့် မန္တလေး၏ အပြောင်းအလဲတွေကို ဆင်ခြင်မိရင်း ဟို…အနောက်ဘက် မင်းဝံတောင်ရိုးဆီ လှမ်းမျှော်ကြည့်မိသည်။ မင်းဝံတောင်ရိုး …၊ ဧရာဝတီ၊ ဟောဟိုအုပ်အုပ်က ရှင်အရဟံသိမ်ဖြစ်မှာပေါ့…။ အဲဒီဘေးက ကူကြီးကုန်းဖြစ်မှာပေါ့…။ တောင်ဘက်နားက ထီးတစောင်းဘုရား…၊ ဒီဘက်မှာက ပြည်တိုက်…။ ဟိုဟာ ဧညောင်ကွဲ….။

### ရှေးဟောင်းခေါင်းတိုင်မြင့်မြင့်ကြီးမှ

တောင်ပေါ်မှသည် အောက်ခြေက နေရာတွေကို အခုလို မှန်းဆလက်ညှိုးထိုးရတာ ပျော်စရာကောင်းသော အလုပ်ဖြစ်၏။ ဆုတောင်းပြည့်ရင်ပြင်ကို မက်မောရတာကလည်း အခုလို လက်ညှိုးထိုးချင်လို့ ဖြစ်ပါသည်။ ထိုအခါ အဝေးဘုရားဖူးများဖြစ်စေ ….၊ မိမိနှင့်အတူပါလာသူက ဖြစ်စေ… နေရာတစ်နေရာကို ညွှန်ကာ "အဲဒါ ဘာလဲဟင်" ဟု မေးမှာ သေချာပေါက်ဖြစ်ပါသည်။ ထိုအရာသည် ဧညောင်ကွဲရပ်၊ ကွင်းပြင်ကြီးတွေ၊ ငါးကန်ကြီးတွေ ကလနားသတ်မှာပဲဖြစ်၏။ အုတ်နီရောင် ရှေးဟောင်းခေါင်းတိုင်မြင့်မြင့်ကြီးမှ မီးခိုးတွေအူထွက်နေတာ ဖြစ်ပါသည်။ ထိုအခါ အဲဒါ "ဖြစ်စက်ပေ့ါ" ဟု အငမ်းမရဖြေရတာက အရသာရှိလှသည်။ ဒါနဲ့မပြီး …။

"ဖြစ်စက်ဆိုတာ ဘာလဲ" ဟု သေချာပေါက် မေးခွန်းတစ်ခုလည်း လာချေဦးမည်။ "ဘီယာစက်ရုံလေ" ဟု ဖြေလိုက်လျှင် မေးခွန်းရှင်က ကျေနပ်သွားကြမည်။ ဒါပါပဲလေ…။ တောင်ပေါ်က ဆီးကြည့်ရတဲ့ အရသာ။

### ရတနာပုံခေတ်ကတည်းက

တကယ်တော့ မန္တလေးသားတွေက "ဖြစ်စက်" ဟု နှုတ်ကျိုးနေကြသည့် ဘီယာနှင့် အရက်ချက်စက်ရုံသည် ယခင်က အရက်ချက်စက်ရုံ မဟုတ်။ ရတနာပုံခေတ်ကတည်းက မြန်မာနိုင်ငံကို ခေတ်မီနိုင်ငံတစ်ခု ဖြစ်မြောက်ရေးကို ရှေးရှုလျက် ငွေကြေးများစွာ အကုန်အကျခံ မြေစမ်းခရမ်းပျိုး တည်ထောင်ခဲ့သည့် မြန်မာ့စက်ရုံ၊ အလုပ်ရုံများအနက် လက်နက်စက်ရုံတစ်ရုံအဖြစ် ကနဦးတည်ထောင်ခဲ့သည်။

"ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး ပုံရိုက်လုပ်ဆောင်ရသော ဒင်္ဂါးစက်ရုံတော်၊ ထည်မျိုး အုပ်မျိုး ရက်လုပ်သော ရက်ကန်းရုံတော်၊ စပါးအမျိုးမျိုး ကြိတ်လုပ်သော ဆန်ကြိတ်စက်ရုံတော်၊ အမြောက်ကြီးငယ် လုံးစာအမျိုးမျိုး၊ ဗုံးဆန်၊

> **ရတနာပုံခေတ်ကတည်းက**
>
> **မြန်မာနိုင်ငံကို ခေတ်မီနိုင်ငံတစ်ခုဖြစ်မြောက်ရေး ရှေးရှုလျက် ငွေကြေးများစွာ အကုန်အကျခံ မြေစမ်းခရမ်းပျိုး တည်ထောင်ခဲ့သည့် မြန်မာ့စက်ရုံ၊ အလုပ်ရုံများအနက် လက်နက်စက်ရုံတစ်ရုံအဖြစ် ကနဦးတည်ထောင်ခဲ့ . . .**



ရတနာပုံခေတ်တုန်းက အမြောက်လက်နက်စက်ရုံတော်

အမြောက်ဆန်၊ တူဆန်အမျိုးမျိုးသွန်းလုပ်သော စက်ရုံတော်၊ သစ်ပျဉ်များကို တိုက်ခွဲသော လွှစက်ရုံတော်၊ သကြားချက်လုပ်သော စက်ရုံတော်၊ မဲနယ်ချက်လုပ်သော စက်ရုံတော်မှစ၍ စက်ရုံအမျိုးမျိုး ဦးရေ ငါးဆယ်ကျော်…"ဟူ၍ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် ရေးသားခဲ့သော စက်ရုံများတွင် အပါအဝင်ဖြစ်၏။

ရက်ကန်းစက်ရုံ၊ သဘော်စက်ရုံ၊ လွှစက်၊ သကြားစက်၊ သံရည်ကျိုစက်၊ ဒင်္ဂါးစက်၊ မဲနယ်စက်၊ စစ်ကိုင်းသံဖိုစက်ရုံ တို့ကဲ့သို့ ထင်ရှားလုပ်အားကောင်းခဲ့သော စက်ရုံတစ်ရုံလည်း ဖြစ်ပါသည်။ ရတနာပုံခေတ်က စက်ရုံများကို ခရစ်နှစ် ၁၈၅၈ ခုနှစ်မှ ၁၈၇၄ ခုနှစ်အတွင်း တည်ထောင်ခဲ့ခြင်းဖြစ်သည်။

### ဗြိတိသျှပိုင် ဈေးကွက်တစ်ခုအဖြစ်သာ

ထိုအချိန်က အောက်မြန်မာပြည်ကို သိမ်းပိုက်ထားရှိသော ဗြိတိသျှအစိုးရသည် အထက်မြန်မာပြည်တွင် မြန်မာရှင်ဘုရင်က ယခုကဲ့သို့ စက်ရုံ၊ အလုပ်ရုံများ ထူထောင်ခြင်းကို လိုလားလှသည်မဟုတ်။ အထက်မြန်မာပြည်ကို ကုန်ကြမ်းများ လွတ်လပ်စွာ ဝယ်ယူခွင့်ရရှိရေး၊ ကုန်ချောများကို ဗြိတိသျှထံမှပဲ လုံးဝမှီခိုရေးဆိုသည့် ဗြိတိသျှပိုင် ဈေးကွက်တစ်ခုအဖြစ်သာ လိုလားသည်။ ထို့ကြောင့် စက်ရုံများတည်ဆောက်ရေးကို အောက်မြန်မာပြည်က အမျိုးမျိုးနှောင့်ယှက်၏။ အရည်အသွေးကို သတိပြု၏။ စက်ရုံများရှိ နိုင်ငံခြားသား အတတ်ပညာရှင်များထံမှလည်း စက်ရုံများသတင်းထောက်လှမ်း၏။ ယခုကဲ့သို့ စက်ရုံကြီးများ ထူထောင်ကြသောအခါ မြန်မာတို့၏ တစ်ပွဲထိုး ကောက်ရိုးမီးစိတ်ဓာတ်နှင့်မို့ အောင်မြင်မှာမဟုတ် ဟုလည်း အထင်သေး၏။

လက်နက်နှင့် စစ်ပစ္စည်းဝယ်ယူခွင့်ကို ဗြိတိသျှအစိုးရက ပိတ်ပင်ထားသဖြင့် မခံချင်စိတ်နှင့် လုပ်ကြခြင်းပဲဟု ကောက်ချက်ချ၏။ ဤကဲ့သို့ နဂိုကတည်းက ရတနာပုံ စက်ရုံကြီးများအပေါ် အမြင်မကြည်လင်ရှိခဲ့သော ဗြိတိသျှအစိုးရသည် အထက်မြန်မာပြည်ကို သိမ်းပိုက်ပြီးသောအခါ မူလစက်ရုံများ၏ ထုတ်လုပ်မှုကို ရပ်ဆိုင်းပြီး သံတိုသံစ ဘဝ လျှောကျသွားအောင် လုပ်ဆောင်တော့သည်။

### ဖြစ်ချက်စက်ရုံအဖြစ်

၁၈၈၆ ခုနှစ်တွင် မန္တလေးရှိ စက်ရုံများကို အသုံးပြုလိုသူ၊ ဝယ်ယူလိုသူများထံ ငှားရမ်းရောင်းချရန် စီစဉ်ထားတော့သည်။ ထို့ကြောင့် မန္တလေးမြို့ မြောက်ပြင် အမရစံခေါ်ရပ် ရွှေတချောင်းမြောင်းဘေးရှိ အမြောက်လက်နက်စက်ရုံကို ဗြိတိသျှအစိုးရက ၉၄၁ ပေါင်စတာလင် (မြန်မာငွေ ၁၂၁၈၆ ကျပ် ၁၀ ပဲ ၈ ပိုင်) အဖိုးဖြတ်၏။ ထို့ကြောင့် တန်ဖိုးငွေကျပ် ၁၃၀၀၀ နှင့် ရောင်းချမည့်အကြောင်း ကြေညာသည်။ အမြောက်စက်ရုံအနီးရှိ သေနတ်စက်ရုံက စက်ပစ္စည်းကိရိယာများကိုလည်း ၈၂၉ ပေါင်စတာလင် (၁၁၀၅၃ ကျပ် ၅ ပဲ ၄ ပိုင်) တန်ဖိုးဖြတ်ကာ ကျပ် ၁၀၀၀၀ နှင့်ရောင်းမည်ဟု ကြော်ငြာသည်။

ထို့နောက် ဗြိတိသျှအစိုးရသည် အမြောက်သေနတ်စက်ရုံများကို ဆင်မလာမြို့နှင့် ဖြစ်ချက်သမား မစ္စတာ ဒိုင်ယာ(E.J.R Dyer) သို့ ဖြစ်ချက်စက်ရုံအဖြစ် အသုံးပြုရန်အတွက် ၁၈၈၆ ခု စက်တင်ဘာလတွင် ငှားရမ်းလိုက်တော့သည်။ လေးဧကကျယ်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ ဆောက်ပြီးဆောက်ဆဲ အဆောက်အအုံများကို ဒိုင်ယာကုမ္ပဏီက အလိုရှိရာ ပြုပြင်အသုံးပြုခွင့်ပေး၏။ စက်များကိုမူ တန်ဖိုးပေးမှသာ သုံးရမည်ဟု စာချုပ်ချုပ်သည်။ စာချုပ်သည် နှစ်၂၀ စာချုပ်ဖြစ်သည်။ ၁၈၈၇ ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့မှစ၍ နှစ် ၂၀အတွက် ကုမ္ပဏီက အစိုးရသို့ အရစ်ကျ ငွေပေးသွင်းရသည်။ ပထမငါးနှစ်အတွက် နှစ်စဉ် ငွေကျပ် ၁၀၀၀။ ဒုတိယငါးနှစ်အတွက် နှစ်စဉ် ကျပ်၂၅၀၀ ။ ကျန် ၁၀ နှစ်အတွက် နှစ်စဉ်ငွေကျပ် ၄၀၀၀ ဖြစ်သည်။ စာချုပ်သက်တမ်း နှစ် ၂၀ ပြည့်သွား၍ ထပ်မံကာအသစ်ချုပ်ဆိုလိုသော် တစ်နှစ်လျှင် ငှားရမ်းခ ကျပ် ၇၀၀၀ ထက်မပိုသော ငှားရမ်းနှုန်းဖြင့်သာ ငှားရမ်းနိုင်ကြောင်း သဘောတူညီကြသည်။

ဤသို့ဖြင့် ရတနာပုံခေတ် လက်နက်စက်ရုံတော်ကြီးကား ဖြစ်စက်ရုံအဖြစ် ပြောင်းလဲခဲ့လေ၏။ ထို့ကြောင့် ပါတော်မူအပြီး ၁၀ လမျှအကြာ ၁၈၈၆ ခုနှစ် စက်တင်ဘာလတွင် စတင်ခဲ့သော ဖြစ်ရည်ကား မန္တလေးသားတို့၏ စိတ်ကူးစိတ်သန်းမဟုတ်။

■

---

**နန်းယွန်းမြို့နယ်ရှိ ပြောင်းစိုက်ခင်းများတွင် ငမြှောင်တောင်ပိုးကျရောက်၍ နှိမ်နင်းရေးလုပ်ငန်းများ လုပ်ဆောင်**

**နန်းယွန်း မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်အတွင်း မိုးသီးနှံအဖြစ် စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများတွင် ငမြှောင်တောင်ပိုးများကျရောက်သဖြင့် နှိမ်နင်းရေးလုပ်ငန်းများလုပ်ဆောင်လျက်ရှိကြောင်း နန်းယွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးထံမှ သိရသည်။

"ဒီဒေသမှာ ပြောင်းစိုက်ပျိုးရေးကို လွန်ခဲ့တဲ့နှစ်လလောက်က စိုက်ခဲ့တာဖြစ်ပါတယ်၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အတွက် ပိုးကျတယ်ဆိုတာကို ပြီးခဲ့တဲ့ငါးရက်လောက်ကမှ စသိရတာဖြစ်တဲ့အတွက် ပိုးနှိမ်နင်းတာတွေကို အမြန်ဆုံး လုပ်ဆောင်နေတာဖြစ်ပါတယ်၊ ပိုးကျတဲ့နေရာတွေက တောင်သူတွေကိုပိုးသတ်ဆေးဖျန်းတဲ့ပုံးတွေ၊ ဓာတုပိုးသတ်ဆေးတွေပေးပြီး ဖျန်းခိုင်းတယ်၊ ရိုးရာပိုးသတ်နည်းတွေနဲ့လည်း နှိမ်နင်းနေတာတွေ လုပ်ဆောင်နေပါတယ်၊ ပြီးခဲ့တဲ့နှစ်ကလည်း အခုလိုပိုးကျတာ ရှိခဲ့တယ်" ဟု နန်းယွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောသည်။

နန်းယွန်းမြို့နယ်အတွင်း၌ ပြောင်းသီးနှံကို ဒေသမျိုး၊ ရေဆင်းမျိုးနှင့် ကေရီမျိုးများကို ဧက ၂၀၀၀ ကျော် စိုက်ပျိုးထားကြောင်း၊ ၎င်းမြို့နယ်အတွင်း စားသုံးရန်အတွက် အဓိက စိုက်ပျိုးသည့် သီးနှံတစ်မျိုးဖြစ်ကြောင်းနှင့် ပြောင်းခင်းများတွင် ငမြှောင်တောင်ပိုးကျရောက်မှုကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများပူးပေါင်းကာ ဓာတုပိုးသတ်ဆေးဖျန်းခြင်း၊ အပင်များအတွင်းမှ ပိုးကောင်များကို လက်ဖြင့်ကောက်ယူခြင်း၊ ပြာမှုန့်၊ ဖုန်မှုန့်များထည့်ကာ ရေဖျန်းနှိမ်နင်းခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး**
**(ဧယျာတိုင်း)**

# ဆေးပစ္စည်းကိရိယာဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

၃၀။ မူလပိုင်ရှင်၊ လုပ်ပိုင်ခွင့်လွှဲအပ်ခံရသော ကိုယ်စားလှယ်၊ ထုတ်လုပ်သူ သို့မဟုတ် ဖြန့်ဖြူး ရောင်းချသူသည် ဆေးပစ္စည်းကိရိယာများတွင် အောက်ပါ အခြေအနေတစ်ရပ်ရပ်ကို သိရှိသတိပြုမိပါက ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ သတင်းပေးပို့အကြောင်းကြားရမည် -

(က) ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းမှုမရှိခြင်း၊

(ခ) ထုတ်လုပ်သူ၏ သုံးစွဲရန်ရည်ရွယ်ချက်အတိုင်း လုပ်ငန်းစွမ်းဆောင်နိုင်မှုမရှိခြင်း၊

(ဂ) ပြင်းထန်သော ဆိုးကျိုးဖြစ်ရပ်ဖြစ်ပေါ်ခြင်း။

၃၁။ ဆေးပစ္စည်းကိရိယာကို အသုံးပြုသူ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဆေးပစ္စည်းကိရိယာနှင့်စပ်လျဉ်း၍ ပြင်းထန်သောဆိုးကျိုးဖြစ်ရပ် တစ်စုံတစ်ရာတွေ့ကြုံပါက ဦးစီးဌာနသို့ သတင်းပေးပို့အကြောင်းကြားရမည်။ ဦးစီးဌာနသည် ပုဒ်မ ၃၀ နှင့် ၃၁ အရ သတင်းလက်ခံရရှိပါက မှန်ကန်မှု ရှိ၊ မရှိကို စစ်ဆေး၍ ဆိုးကျိုးဖြစ်ရပ်ဖြစ်ပွားမှုမှန်ကန်ပါက ပုဒ်မ ၂၇ နှင့်အညီ ဆောင်ရွက်ရမည်။

၃၂။ ဦးစီးဌာနသည် အသုံးပြုရန်မသင့်သော ဆေးပစ္စည်းကိရိယာနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို အများပြည်သူသိရှိရန် အသိပေးကြေညာနိုင်ရေးအတွက် ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

**အခန်း (၁၃)**

**စီမံခန့်ခွဲမှုနည်းလမ်းအရအရေးယူခြင်း**

၃၃။ ဦးစီးဌာနသည် မူလပိုင်ရှင်၊ လုပ်ပိုင်ခွင့်လွှဲအပ်ခံရသောကိုယ်စားလှယ်၊ ထုတ်လုပ်သူ၊ ပြည်တွင်းသို့တင်သွင်းသူ သို့မဟုတ် ဖြန့်ဖြူးရောင်းချသူက ပုဒ်မ ၂၉ နှင့် ၃၀ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင်ဖြစ်စေ၊ ဦးစီးဌာနက ဤဥပဒေအရထုတ်ပြန်ထားသော အမိန့် သို့မဟုတ် ညွှန်ကြားချက်ကိုဖောက်ဖျက်လျှင်ဖြစ်စေ ထိုသူကို အောက်ပါစီမံခန့်ခွဲရေးအမိန့် တစ်ရပ်ရပ်ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလသတ်မှတ်ချက်ဖြင့် ယာယီပိတ်သိမ်းခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကိုပယ်ဖျက်ခြင်း။

၃၄။ ဦးစီးဌာနသည် မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ပယ်ဖျက်ခြင်း သို့မဟုတ် ယာယီပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူတို့ကို မိမိတို့၏သက်ဆိုင်ရာ ဆေးပစ္စည်းကိရိယာများအား ဈေးကွက်မှပြန်လည်သိမ်းဆည်းစေခြင်းနှင့် ဤဥပဒေအရထုတ်ပြန်သောအမိန့်၊ အမိန့်ကြော်ငြာစာ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲစေခြင်းပြုရမည်။

၃၅။ ပုဒ်မ ၃၃ ပုဒ်မခွဲ (ခ) သို့မဟုတ် (ဂ) အရစီမံခန့်ခွဲမှုနည်းလမ်းဖြင့် အရေးယူခြင်းခံရသူသည် ဆေးပစ္စည်းကိရိယာကို ဆက်လက်ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုလျှင် ထိုသူအား ဤဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဦးစီးဌာနက ဆက်လက်ဆောင်ရွက်ရမည်။

**အခန်း (၁၄)**

**ဆေးပညာဆိုင်ရာစူးစမ်းစမ်းသပ်မှုများပြုလုပ်ခြင်း**

**(Clinical Investigation)**

၃၆။ မူလပိုင်ရှင်၊ လုပ်ပိုင်ခွင့်လွှဲအပ်ခံရသောကိုယ်စားလှယ်၊ ထုတ်လုပ်သူ သို့မဟုတ် ထောက်ပံ့ပေးသူသည်-

(က) ဆေးပစ္စည်းကိရိယာကိုအသုံးပြု၍ ဆေးပညာဆိုင်ရာ စူးစမ်းစမ်းသပ်မှုပြုလုပ်လိုပါက ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူရမည့်အပြင် ဤဥပဒေအရ ထုတ်ပြန်ထားသောနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာဆောင်ရွက်ရမည်၊

(ခ) ဆေးပညာဆိုင်ရာ စူးစမ်းစမ်းသပ်မှုတစ်ခုကို ခေတ္တဆိုင်းငံ့ခြင်း သို့မဟုတ် စောစီးစွာ အဆုံးသတ်ခြင်း ပြုလုပ်လိုလျှင် ထိုသို့ပြုလုပ်ရသည့်အကြောင်းရင်းများကို ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်။

၃၇။ ဦးစီးဌာနသည် ဆေးပညာဆိုင်ရာ စူးစမ်း စမ်းသပ်မှုတစ်ခုကို ငြင်းပယ်ခြင်း သို့မဟုတ် ရပ်တန့်စေခြင်းပြုလုပ်လိုလျှင် ယင်းသို့ငြင်းပယ်ခြင်း သို့မဟုတ် ရပ်တန့်စေခြင်းပြုရသည့်အကြောင်းပြချက်ကို ဝန်ကြီးဌာန၏အတည်ပြုချက်ဖြင့် မူလပိုင်ရှင်၊ ထုတ်လုပ်သူ၊ လုပ်ပိုင်ခွင့်လွှဲအပ်ခံရသော ကိုယ်စားလှယ် သို့မဟုတ် ထောက်ပံ့ပေးသူတို့အား အကြောင်းကြားရမည်။

**အခန်း (၁၅)**

**အယူခံခြင်း**

၃၈။ ပုဒ်မ ၃၃ အရ ဦးစီးဌာန၏ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။

၃၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၃၃ အရ ဦးစီးဌာန၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းပြုလုပ်နိုင်သည်။

၄၀။ ဝန်ကြီးဌာန၏ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်စေရမည်။

**အခန်း (၁၆)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၄၁။ (က) မည်သူမျှ ပုဒ်မ ၁၈ ပါ ကင်းလွတ်ခွင့်ရရှိခြင်း သို့မဟုတ် ပုဒ်မ ၁၉ (က)ပါ ယာယီအသုံးပြုခွင့်ရရှိခြင်းမှတစ်ပါး အောက်ဖော်ပြပါ ဆေးပစ္စည်းကိရိယာများကို ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် ကြော်ငြာခြင်းမပြုရ-

(၁) ပြည်တွင်း၌ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးပစ္စည်းကိရိယာ၊

(၂) ဦးစီးဌာန၏ အရည်အသွေးသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော ဆေးပစ္စည်းကိရိယာ၊

(၃) အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော ဆေးပစ္စည်းကိရိယာ၊

(၄) မှတ်ပုံတင်ပယ်ဖျက်ခြင်း၊ ကာလသတ်မှတ်ချက်ဖြင့် ယာယီပိတ်သိမ်းခြင်းခံထားရသည့် ဆေးပစ္စည်းကိရိယာ၊

(၅) ရောင်းချမှု၊ သုံးစွဲမှုနှင့် ဝန်ဆောင်မှုပေးခြင်းကို တားမြစ်ခံထားရသည့် ဆေးပစ္စည်းကိရိယာ၊

(၆) သုံးစွဲရန်ရည်ရွယ်ချက်နှင့် အညွှန်းအတိုင်း အသုံးပြုစဉ်တွင် လူနာ သို့မဟုတ် သုံးစွဲသူ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းမှုကို ထိခိုက်စေသော ဆေးပစ္စည်းကိရိယာ၊

(၇) ကျန်းမာရေးအတွက် သုံးစွဲရန်မသင့်ကြောင်း ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသော ဘေးအန္တရာယ်ရှိသည့်ဆေးပစ္စည်းကိရိယာ။

(ခ) မည်သူမဆို ပုဒ်မခွဲ(က)ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိ ငွေဒဏ်လည်းချမှတ်ရမည်။

၄၂။ (က) မည်သူမျှ ဦးစီးဌာန၏ ယာယီအသုံးပြုခွင့်ရရှိခြင်းမှတစ်ပါး လိုင်စင်မရှိဘဲ ဆေးပစ္စည်းကိရိယာများကို ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရ၊

(ခ) မည်သူမဆို ပုဒ်မခွဲ(က)ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၃၀၀ ထိ ငွေဒဏ်လည်းချမှတ်ရမည်။

၄၃။ (က) မည်သူမျှ ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ဆေးပညာဆိုင်ရာ စူးစမ်း စမ်းသပ်မှုများ မပြုလုပ်ရ၊

(ခ) မည်သူမဆို ပုဒ်မခွဲ(က)ပါ ပြစ်မှုကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း၂၀၀ ထိ ငွေဒဏ်လည်းချမှတ်ရမည်။

၄၄။ (က) မည်သူမျှ ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) မည်သူမဆို ပုဒ်မခွဲ(က) ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၇)**

**အထွေထွေ**

၄၅။ ပြည်တွင်းသို့တင်သွင်းရန်ဖြစ်စေ၊ ပြည်ပသို့တင်ပို့ရန်ဖြစ်စေ ခွင့်ပြုချက်ထုတ်ပေးခွင့်ရှိသော သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေအရ မှတ်ပုံတင်ထားသော ဆေးပစ္စည်းကိရိယာများကိုသာ တင်သွင်းခွင့် သို့မဟုတ် တင်ပို့ခွင့်ပြုနိုင်သည်။

၄၆။ ဤဥပဒေ ပုဒ်မ ၄၂၊ ၄၃၊ ၄၄ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာန၊ အာဏာပိုင်အဖွဲ့နှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

## ကာလိမြို့၌ ပိုးသတ်ဆေးဖျန်း

**ကာလိ မေ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကာလိမြို့တွင် လျှပ်စစ်ကုမ္ပဏီမှ ပိုးသတ်ဆေးဖျန်းစက် ယာဉ်ငယ်နှစ်စီးဖြင့် ယနေ့ နံနက် ၉ နာရီက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးများ ပက်ဖျန်းပေးသည်။



အဆိုပါ ပိုးသတ်ဆေးပက်ဖျန်းခြင်းကို ကာလိမြို့ပေါ်ရှိ ပြည်ထောင်စုလမ်းမကြီး၊ ပြည်သူ့ဆေးရုံ၊ ဘုန်းတော်ကြီးကျောင်းများ၊ မြို့မဈေးပတ်လည်နှင့် ရပ်ကွက်အတွင်းရှိ လမ်းများတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ခဲ့ကြရာ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်စော၊ ကာလိမြို့ အုပ်ချုပ်ရေးမှူး ဦးရဲမင်းထွန်းနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကျော်**

**(ပြန်/ဆက်)**



**ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်နေ အိမ်ထောင်စု ၆၅၀ တို့အား အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန်နီ ၅၀ ကျပ်သားနှင့် အိုင်အိုဒင်းဆား တစ်ထုပ်စီကို သုခမ္မမဏိဇောတာရေ ဦးဝင်း-ဒေါ်သိန်း၊ (သား) ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် နေမင်းခမိသားစုက မေ ၁၈ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဝေငှစဉ်။** တင်ဝင်းတင်

# သံဃာတော်များနှင့် သီလရှင်များအား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ဆွမ်းဆန်တော်လှူဒါန်း



**မင်းဘူး မေ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နှင့် စကုမြို့ပေါ်ရှိ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်းအပါး ၇၂၀ တို့အား ယနေ့ နံနက် ၇ နာရီခွဲက ဆွမ်းဆန်၊ ဆီ၊ ပဲ၊ ကြက်သွန်နီ၊ နဝကမ္မဝတ္ထုငွေများလှူဒါန်းခြင်းကို မင်းဘူးခရိုင်အားကစားခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး မင်းဘူးခရိုင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းဌေးက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

"မင်းဘူးမြို့မှာ ဘုန်းကြီးကျောင်း ၅၃ ကျောင်းရှိပြီး စကုမြို့မှာတော့ ၃၁ ကျောင်းရှိပါတယ်၊ သီလရှင်စာသင်တိုက်ပေါင်း ၁၇ တိုက်ရှိပြီး ကျောင်းတိုက်ပေါင်း ၁၀၀ ကျော်မှာ ရဟန်း၊ သာမဏေ၊ သီလရှင်အပါး ၇၂၀ ရှိပါတယ်၊ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဆရာတော်တွေနဲ့ သီလရှင်တွေအားလုံး ဝါတွင်းသုံးလကာလပတ်လုံးမှာ ဆွမ်း၊ ကွမ်း အခက်အခဲများမဖြစ်ပေါ်စေဖို့အတွက် ခရိုင်အတွင်း တာဝန်ရှိပုဂ္ဂိုလ်တွေ၊ မြို့မိ/မြို့ဖတွေ၊ အနယ်နယ်အရပ်ရပ်က စေတနာရှင် အလှူရှင်တွေနဲ့ တိုင်ပင်ပြီး လှူဒါန်းဖြစ်ခဲ့တာပါ။ စုစုပေါင်းလှူဒါန်းငွေကျပ် ၃၆၁ သိန်းကျော်လှူဒါန်းပေးသွားမှာဖြစ်ပါတယ်၊ ကျောင်းတိုက်အရောက် လှူဒါန်းပေးသွားမှာဖြစ်ပါတယ်" ဟု မင်းဘူးခရိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းဌေးက ပြောသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ရှိ ဆည်းဆာရိပ်တို့၏ခိုလှုံရာ ဘိုးဘွားရိပ်သာ တည်ဆောက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုးဝင်း (မင်းဘူး)၊ မောင်မောင် (မင်းဘူး)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ရွှေဘိုခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီက စိုင်နိုင်ကွေ့-မင်းကျီ-ကျတောက်တိုင်-မြင်းသည်-ကွန်ဆိပ်လမ်းအား ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရွာတော်ကုန်းကျေးရွာ အဆင့်မြင့်လယ်ယာမြေဖော်ဆောင်ခြင်းလုပ်ငန်းများပြီးစီးမှုအခြေအနေနှင့် ကမ္ဘာ့အမွေအနှစ် ရှေးဟောင်းနယ်မြေ ဟန်လင်းမြို့ဟောင်း ထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့သည် မုံရွာ-အရာတော်-ရွှေဘို လမ်းမကြီးနှင့်ဆက်သွယ်လျက်ရှိသော ဝက်လက်မြို့နယ် စိုင်နိုင်ကွေ့-မင်းကျီ-ကျတောက်တိုင်-မြင်းသည်-ကွန်ဆိပ်လမ်းအား ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး မှာကြားသည်။

အဆိုပါ စိုင်နိုင်ကွေ့-မင်းကျီ-ကျတောက်တိုင်-မြင်းသည်-ကွန်ဆိပ်လမ်းသည် ၂၀ ဒသမ ၄၂၄ ကီလိုမီတာ ကွာဝေးပြီး မူလကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေရာ အဆိုပါလမ်း ပြီးစီးသွားပါက ကျေးရွာပေါင်း ၁၂ ရွာရှိ အိမ်ခြေ ၃၃၂၁ အိမ်၊ လူဦးရေပေါင်း ၁၄၁၂၂ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာဖြင့် သွားလာနိုင်ပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ အရှိန်အဟုန်မြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝက်လက်မြို့နယ် ရွာတော်ကုန်းကျေးရွာတောင်သူများအတွက် စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်းအဖြစ် အဆင့်မြင့်လယ်ယာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရွာတော်ကုန်းကျေးရွာ အဆင့်မြင့်လယ်ယာမြေဖော်ဆောင်ခြင်းလုပ်ငန်းကို JICA (ODA Loan) မှ ထောက်ပံ့ပေးလျက်ရှိပြီး တောင်သူ ၆၇ ဦး၏ လယ်ယာမြေဧရိယာ စုစုပေါင်း ၃၁၅ ဒသမ ဝ၉ ဧကကို စုပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ထို့နောက် ကမ္ဘာ့အမွေအနှစ် ရှေးဟောင်းစာရင်းဝင် ဟန်လင်းမြို့ဟောင်းသို့ရောက်ရှိပြီး ရှေးဟောင်းသုတေသနလုပ်ငန်းများ တူးဖော်ဆောင်ရွက်ထိန်းသိမ်းထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ထွန်းကိုကို (ယင်းမာပင်)**





# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တာမွေမြို့နယ်အတွင်း ကျန်းမာရေးစစ်တမ်းကောက်ယူနေမှုများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည်ယနေ့ နံနက် ၉ နာရီတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေး တာမွေမြို့နယ်အတွင်းရှိ ရပ်ကွက်များအလိုက် ကျန်းမာရေးစစ်တမ်းကွင်းဆင်းကောက်ယူနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် တာမွေမြို့နယ် တာမွေကြီး (ခ)ရပ်ကွက် ၁၆၄ လမ်း၊ မေတ္တာညွှန့်ရပ်ကွက်ရှိ လက်ဝဲမင်းဒင်လမ်းတို့၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့က ကျန်းမာရေးစစ်ဆေးသည့် စက်ပစ္စည်းများတပ်ဆင်ထားသော မော်တော်ယာဉ်များဖြင့် တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

စစ်တမ်းကောက်ယူရာတွင် သတ်မှတ်စုရပ်လေးနေရာတွင် ကျန်းမာရေးစစ်ဆေးသည့်စက်ပစ္စည်းများတပ်ဆင်ထားသော မော်တော်ယာဉ်များဖြင့် စစ်ဆေးပေးလျက်ရှိကြောင်းနှင့် တာမွေမြို့နယ်အတွင်း ရပ်ကွက် ၁၆ ရပ်ကွက်၊ အိမ်ထောင်စု ၂၆၇၅၂ စု၊ လူဦးရေ ၁၁၆၇၄၉ ဦးတို့အား ကျန်းမာရေးစစ်ဆေးပေးကာ ကျန်းမာရေးစစ်တမ်းကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် တာမွေမြို့နယ် စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေး အင်းစိန်၊ လှိုင်သာယာ၊ တာမွေမြို့နယ်များရှိ ပြည်သူများအား ကျန်းမာရေးစစ်တမ်းကွင်းဆင်းကောက်ယူ စစ်ဆေးပေးခဲ့သည့်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# သုဝဏ္ဏာဈေး၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏာဈေးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ဦးဆောင်ကာ သင်္ဃန်းကျွန်းမြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက ပိုးသတ်ဆေးဖျန်းခြင်း၊ ဈေးရောင်း ဈေးဝယ်သူများ နှာခေါင်းစည်းများတပ်ကြရန် နှိုးဆော်ခြင်း၊ ဈေးဝယ်သူများ တစ်ဦးနှင့်တစ်ဦး သုံးပေအကွာမှ ဝယ်ယူနိုင်အောင် စည်းဝိုင်းများဆွဲခြင်း၊ ဈေးဝယ်လာသူများကို ကိုယ်အပူချိန်များ တိုင်းတာပေးခြင်းတို့ကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရဲမင်းထွန်း(ပြန်/ဆက်)**

## လယ်ယာဖွံ့ဖြိုးမှုလုပ်ငန်းများ မိုးရာသီအမီပြီးစီးနိုင်ရေး ကွင်းဆင်းကြည့်ရှု

**ရေတာရှည် မေ ၁၇**
ပဲခူးတိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက တောင်ငူမြို့နယ်အတွင်း စစ်တောင်းမြစ်ရေကြီးမှုမှကာကွယ်နိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကမ်းနီ-မိုးကောင်းတာဖို့ခြင်း လုပ်ငန်းကို ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် ကံရိုးကျေးရွာအနီးရှိ တောင်ငူခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး တည်ဆောက်မှုလုပ်ငန်းများနှင့် မဟင်ကျေးရွာအုပ်စုအတွင်း စနစ်ကျလယ်ယာမြေဖော်ထုတ်ထားမှုကိုလည်းကောင်း၊ မုံစလင်ရေတံခါး တည်ဆောက်ထားမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေတာရှည်မြို့နယ် ကျောက်အိုးကျေးရွာမြောက်ဘက်တွင် မိုးစပါးစိုက်ဧက ၅၀၀ ကျော် အားအောင်ရေပေးနိုင်ရန် တည်ဆောက်ထားသော ကျောက်အိုးရေလွှဲဆည်ကို ကြည့်ရှုခဲ့ပြီး ညောင်ပင်သာကျေးရွာအနီးရှိ စနစ်ကျလယ်ယာမြေ ဧက ၂၀၀ ဖော်ထုတ်ပြီးစီးမှုများကို ကွင်းဆင်းကြည့်ရှုသည်။

ယင်းနောက် ရေတာရှည်မြို့အနောက်ဘက်ရှိ ခင်တန်းကြီးကျေးရွာအနီးတွင် စနစ်ကျ လယ်ယာမြေဖော်ထုတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့ပြီး မိုးရာသီကာလတစ်လျှောက် လယ်မြေများ ရေကြီးနစ်မြုပ်မှုမရှိစေရေးအတွက် စမိုးချောင်းတစ်လျှောက် ဆောင်ရွက်နေသည့် တံတား၊ လျှိုပိတ်တမံ၊ ရေပိုလွှဲ၊ ရေထုတ်ပြွန်တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုခဲ့ပြီးနောက် နန်ချွန်ကျေးရွာအနီးရှိဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်းဒေသကြီး (၂) တောင်ငူရုံးသို့သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ စက်ယန္တရားများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကိုလွင် (ဆွာ)**



## စက်ရုံရှိ လုပ်သားအင်အားအပေါ်မူတည်၍ ကိုဗစ်-၁၉ကာလ ချေးငွေရရှိမှု ကွာခြား

**ရန်ကုန် မေ ၁၇**
ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေးအရထိခိုက်လာနိုင်သည့် လုပ်ငန်းများကို ကျပ်ဘီလီယံ ၁၀၀ ထုတ်ချေးရေးအစီအစဉ်တစ်ရပ် ဆောင်ရွက်ခဲ့ရာ စက်ရုံရှိ လုပ်သားအင်အားပေါ်မူတည်၍ ချေးငွေရရှိမှုပမာဏမှာ ကွာခြားမှုရှိကြောင်း မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးအေးဝင်းက ပြောပြသည်။

"ဒီချေးငွေကိုလျှောက်ကြတဲ့နေရာမှာ အမျိုးအစားသုံးခုရှိပါတယ်။ အသေးစား၊ အလတ်စားလို့ခေါ်တဲ့ SMEs လုပ်ငန်းတွေ၊ ဟိုတယ်လုပ်ငန်းတွေ၊ ပြီးတော့ CMP လို့ခေါ်တဲ့ အထည်ချုပ်လုပ်ငန်းတွေဖြစ်ပါတယ်။ လျှောက်တဲ့အထဲမှာ SMEs လုပ်ငန်းတွေက အများဆုံး၊ ဒုတိယအများဆုံးက ဟိုတယ်လုပ်ငန်းတွေ၊ တတိယကတော့ CMP တွေပါ။ ဒါပေမယ့် CMP လို့ခေါ်တဲ့ အထည်ချုပ်လုပ်ငန်းတွေကတော့ ချေးငွေရရှိမှုပမာဏ အများဆုံးဖြစ်ပါတယ်။ စက်ရုံတစ်ရုံကို လူထောင်ချီပြီးရှိပါတယ်။ ဒီအတွက် ချေးငွေရရှိမှုပမာဏကလည်း များပါတယ်။ ဟိုတယ်တို့၊ SMEs တို့ကတော့ လုပ်သားအင်အားနည်းတဲ့အတွက် ချေးငွေရရှိမှုမှာလည်း နည်းရခြင်းဖြစ်ပါတယ်" ဟု ဦးအေးဝင်းက ကုန်သည်စက်မှုအသင်းချုပ်၌ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါချေးငွေထုတ်ပေးရခြင်း၏ရည်ရွယ်ချက်မှာ စီးပွားရေးလုပ်ငန်းများ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်သွားခြင်းမဖြစ်အောင် ထုတ်ပေးရခြင်းဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်း၌ လုပ်ငန်းများချဲ့ထွင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းတို့အတွက် ထုတ်ချေးခြင်းမဟုတ်ကြောင်း၊ အဓိကအားဖြင့် လုပ်ငန်းများ ဆက်လက်လည်ပတ်ပြီး ဝန်ထမ်းများအား လစာအနည်းဆုံး သုံးလစာပေးနိုင်ရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကာလ ချေးငွေဘီလီယံ ၁၀၀ ထုတ်ချေးပေးရေးအတွက် အချို့လုပ်ငန်းများအနေဖြင့် လုပ်ငန်းပမာဏကြီးသော်လည်း ခန့်ထားသောလုပ်သားအင်အားအရေအတွက်မှာ အထည်ချုပ်လုပ်ငန်းများကဲ့သို့ ဝန်ထမ်းဦးရေမများလွန်းသည့်အတွက်ကြောင့် ချေးငွေရရှိမှုမှာလည်း လျော့နည်းခဲ့ရခြင်းဖြစ်သည်။

အဆိုပါချေးငွေနှင့်ပတ်သက်၍ ယခုလက်ရှိအချိန်အထိ လုပ်ငန်းရှင် ၃၀၀ အား ချေးငွေများထုတ်ချေးထားပြီဖြစ်ကြောင်း၊ တန်ဖိုးအားဖြင့် ကျပ် ၁၃ ဘီလီယံအထိရှိကြောင်း၊ ကျန်ရှိနေသောလုပ်ငန်းရှင်များ၏ ချေးငွေလျှောက်လွှာများကို အမြန်ဆုံးစိစစ်ပြီး မေလကုန်ပိုင်းတွင် ထုတ်ချေးနိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေလျှောက်လွှာများကို မတ် ၃၀ ရက်မှ ဧပြီ ၉ ရက်အတွင်း ဖိတ်ခေါ်ခဲ့ရာ စုစုပေါင်းလျှောက်ထားသူ ၄၂၅၈ ဦးရှိကြောင်း၊ ယင်းတို့အနက်မှ လုပ်ငန်းရှင် ၃၀၀ ကျော်အား ကနဦးထုတ်ပေးခဲ့ကြောင်း၊ ဆက်လက်၍လည်း စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**မြင့်မောင်စိုး**

## ကျေးရွာလည်ပတ်ရန်ပုံငွေ ပြန်လည်ထုတ်ပေး

**ညောင်တုန်း မေ ၁၇**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စားကျက်ကျေးရွာ မြစိမ်းရောင် စီမံကိန်းကျေးရွာ၏ လည်ပတ်ရန်ပုံငွေကို ယမန်နေ့ နံနက် ၉ နာရီက အမက (စားကျက်) ၌ ပြန်လည်ထုတ်ပေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်အောင်နှင့် ဝန်ထမ်းများကကြီးကြပ်၍ မြစိမ်းရောင်စီမံကိန်းကျေးရွာလည်ပတ်ရန်ပုံငွေကျပ် ၄၅၅၀၀၀၀ ကို စားကျက်ကျေးရွာအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅၄ ဦးတို့ကို ချေးငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်း ကျေးရွာလည်ပတ်ရန်ပုံငွေပေးအပ်ရာတွင် ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းတပ်ဆင်စေခြင်း၊ လက်ဆေးစေခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာသတ်မှတ်၍ စနစ်တကျထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဝဠာနိုင် (ညောင်တုန်း)**

## နှာခေါင်းစည်းတပ်ဆင်ခြင်းရှိ-မရှိ ရှားတောတွင် စစ်ဆေး

**ရှားတော မေ ၁၇**
ကယားပြည်နယ် ရှားတောမြို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေးအတွက် နေအိမ်မှပြင်ပသို့ထွက်ခွာပါက နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေပေးခြင်းကို မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင်ဆောင်ရွက်ပြီး ယနေ့နံနက်ပိုင်းတွင် နှာခေါင်းစည်းတပ်ဆင်ရေးကို ပြည်သူများ လိုက်နာဆောင်ရွက်ခြင်းရှိ-မရှိ စစ်ဆေးဆောင်ရွက်ကြသည်။

မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်မောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များက လူသွားလူလာများသော မြို့တွင်း ဘုရင့်နောင်လမ်း၊ ဗိုလ်ချုပ်လမ်းနှင့် ဦးအောင်ဇေယျလမ်းတို့တွင် နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိဘဲ နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာနေသည့် ပြည်သူ ၁၆ ဦးအား နှာခေါင်းစည်းနှစ်ခုကို ငွေကျပ် ၁၀၀၀ ဖြင့် ချက်ချင်းဝယ်ယူတပ်ဆင်စေခြင်းကိုပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းအောင်**
**(ပြန်/ဆက်)**

## နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတွင် အရေးပါလာသော မုဒုံ-ချောင်းနှစ်ခွ-မဲသရော-လှိုင်ကွယ်-ကော့ကရိတ်လမ်း

**ဘားအံ မေ ၁၇**
ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကိုချိတ်ဆက်ပေးထားပြီး မြဝတီကုန်သွယ်ရေးဇုန်၊ အရှေ့အနောက်စီးပွားရေးစင်္ကြံ အာရှအဝေးပြေးလမ်းမကြီးတို့နှင့် ချိတ်ဆက်နေသော မုဒုံ-ချောင်းနှစ်ခွ-မဲသရော-လှိုင်ကွယ်-ကော့ကရိတ်လမ်း (မဲသရော-လှိုင်ကွယ်အပိုင်း) သည် စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နိုင်ငံတကာကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုအပိုင်းတွင် ကရင်ပြည်နယ်အတွက်သော်လည်းကောင်း၊ မြန်မာနိုင်ငံအတွက်သော်လည်းကောင်း အရေးပါသော လမ်းပိုင်းတစ်ခုဖြစ်လာသည်။

ထိုလမ်းသည် ကရင်ပြည်နယ်အပိုင်းဖြစ်သော မဲသရော-လှိုင်ကွယ်အထိ အရှည် ၂၆ မိုင် ၃ ဖာလုံ၊ အကျယ် ၂၃ ပေရှိပြီး ကတ္တရာကွန်ကရစ်လမ်းအမျိုးအစားဖြစ်သည်။ နေ့စဉ်ပျမ်းမျှ ကုန်တင်ယာဉ်အစီး ၂၀၀ ကျော်ခန့် ဖြတ်သန်း၍ မုဒုံ-ချောင်းနှစ်ခွ -မဲသရော-လှိုင်ကွယ်-ကော့ကရိတ်လမ်း ( မဲသရော-လှိုင်ကွယ်အပိုင်း ) ကို အသုံးပြုသွားလာနေကြပြီဖြစ်သည်။

ထိုလမ်းပိုင်းသည် မဲသရော၊ ထီးဟူးသံ၊ ဝင်းက၊ လောင်းကိုင်၊ နောင်တလာ၊ တောင်ကြာအင်း၊ မြောက်ကြာအင်း၊ လှိုင်ကွယ်ကျေးရွာများကို ဖြတ်သန်းသွားပြီး ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည့်အတွက် ဒေသခံတို့၏ လယ်ယာ၊ ဥယျာဉ်ခြံမြေနှင့် လူနေအိမ်များ တစ်စုံတစ်ရာထိခိုက်ဆုံးရှုံးမှုမရှိဘဲ ယာဉ်ကြီး၊ ယာဉ်ငယ်များ အချိန်တိုအတွင်း ဖြတ်သန်းသွားလာ၍ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝများစွာကို အကျိုးပြုနေပြီဖြစ်သည်။

အဆိုပါလမ်းပိုင်းနှင့်ပတ်သက်၍ ကရင်ပြည်နယ်လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၁) ဒေါ်ခင်မာချိုက "ဒီမုဒုံ-ချောင်းနှစ်ခွ-မဲသရော-လှိုင်ကွယ်-ကော့ကရိတ်လမ်း (မဲသရော-လှိုင်ကွယ်အပိုင်း) ဟာ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်ကို ချိတ်ဆက်ထားပြီး ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် အဓိကရည်ရွယ်ပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်၊ ကုန်စည်စီးဆင်းမှုဟာလည်း အရင်ကထက်ပိုပြီးတော့ လွယ်ကူမြန်ဆန်လာပါတယ်၊ ဒီလမ်းရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ ပြည်သူတွေဟာ အရင်ကဆိုရင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် သွားရေးလာရေးမလွယ်ကူတဲ့အခြေအနေကနေ အခုဆိုရင် သွားရေးလာရေးလွယ်ကူတယ်၊ နောက်ပြီးတော့ စီးပွားရေး၊ ကုန်စည်စီးဆင်းမှုနဲ့ လူနေမှုအဆင့်အတန်းကအစ တိုးတက်လာတာကို မြင်တွေ့ရပါတယ်" ဟု ပြောသည်။

မုဒုံ-ချောင်းနှစ်ခွ-မဲသရော-လှိုင်ကွယ်-ကော့ကရိတ်လမ်း(မဲသရော-လှိုင်ကွယ်အပိုင်း) သည် မြဝတီ၊ မော်လမြိုင်၊ ဘုရားသုံးဆူ၊ ကြာအင်းဆိပ်ကြီး၊ မုဒုံ၊ ကော့ကရိတ်မြို့တို့သို့ ဆက်သွယ်သွားလာနိုင်ပြီး နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုလျင်မြန်စေရေးအတွက် အကျိုးပြုရုံသာမက ဒေသခံတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေကာ ကုန်သွယ်မှုပမာဏ ပိုမိုမြင့်မားတိုးတက်လာစေ၍ ကရင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အရေးပါသော ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို တစ်စိတ်တစ်ဒေသအထောက်ကူပြုလျက်ရှိသော လမ်းတစ်လမ်းအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။



**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

# မေ ၁၈ ရက်မှစ၍ ရထားလမ်းပိုင်းသုံးခု၌ ရထားတစ်စင်းစီ တိုးချဲ့ပြေးဆွဲမည်



**ရန်ကုန် မေ ၁၇**

ရထားစီးခရီးသည်များ အဆင်ပြေလွယ်ကူစွာသွားလာနိုင်စေရန်အတွက် မြန်မာ့မီးရထားမှ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများအား ပြေးဆွဲပေးလျက်ရှိရာ နံနက်ပိုင်းနှင့် ညနေပိုင်း ရုံးချိန်များအတွက် မေ ၁၈ ရက်မှ စ၍ ရထားလမ်းပိုင်းသုံးခု၌ ရထားတစ်စင်းစီ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား တိုင်းဒေသကြီး အမှတ် (၇) မန်နေဂျာ (သွားလာရေး/တိုင်း) ဦးဇော်လွင်ထံမှ သိရသည်။

ရန်ကုန်-လှော်ကားလမ်းပိုင်း၊ အင်းစိန်-မင်္ဂလာဒုံ-ရန်ကုန်လမ်းပိုင်းနှင့် ရန်ကုန်-တိုးကြောင်ကလေး-အုတ်ဖိုစုလမ်းပိုင်းတို့၌ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အမှတ် (၇) မန်နေဂျာ (သွားလာရေး/ တိုင်း) ဦးဇော်လွင်က ပြောသည်။

ရန်ကုန်-လှော်ကားလမ်းပိုင်း၌ ပြေးဆွဲမည့် မြို့ပတ်ရထားတွဲဆိုင်းမှာ လှော်ကားဘူတာမှ နံနက် ၇ နာရီ မိနစ် ၂၀ တွင် စတင်ထွက်ခွာပြီး ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီတွင် ရောက်ရှိမည်ဖြစ်ကာ ညနေပိုင်းတွင် ရန်ကုန်ဘူတာကြီးမှ ညနေ ၆ နာရီထွက်ခွာပြီး လှော်ကားဘူတာသို့ ည ၇ နာရီ မိနစ် ၄၀ တွင် ရောက်ရှိမည်ဖြစ်သည်။

အင်းစိန်-မင်္ဂလာဒုံ-ရန်ကုန်လမ်းပိုင်း၌ပြေးဆွဲမည့် မြို့ပတ်ရထားတွဲဆိုင်းမှာ အင်းစိန်ဘူတာမှ နံနက် ၇ နာရီ ၂၅ မိနစ်၊ မင်္ဂလာဒုံဘူတာမှ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ထွက်ခွာ၍ ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကာ ညနေပိုင်း၌ ရန်ကုန်ဘူတာကြီးမှ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ထွက်ခွာပြီး မင်္ဂလာဒုံဘူတာသို့ ည ၆ နာရီ မိနစ် ၅၀ နှင့် အင်းစိန်ဘူတာသို့ ည ၇ နာရီ ၃၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

ရန်ကုန်-တိုးကြောင်ကလေး-အုတ်ဖိုစုလမ်းပိုင်း၌ပြေးဆွဲမည့် မြို့ပတ်ရထားတွဲဆိုင်းမှာ အုတ်ဖိုစုဘူတာမှ နံနက် ၇ နာရီ ၃၅ မိနစ်တွင် ထွက်ခွာပြီး ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကာ ညနေပိုင်း၌ ရန်ကုန်ဘူတာကြီးမှ ညနေ ၅ နာရီ မိနစ် ၅၀ တွင် ထွက်ခွာပြီး အုတ်ဖိုစုဘူတာသို့ ည ၇ နာရီ ၂၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်းနှင့် ရထားပြေးဆွဲမှုအခေါက်ရေ ၁၂ ခေါက်ရှိမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ထုတ်ပြန်ထားချက်အရ သိရသည်။

ယင်းအပြင် ရထားစီးခရီးသည်များ ကြိုတင်သိရှိနိုင်ရေးအတွက် ရထားအချိန်စာရင်း အသေးစိတ်များကို သက်ဆိုင်ရာဘူတာအသီးသီး၌ အသိပေးကြေညာပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

## မြို့ခင်းသာတောင်ကျောင်းသို့ ရေလှူ

**ဂန့်ဂေါ မေ ၁၇**

ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက်ရှိ မြို့ခင်းသာတောင်ကျောင်း ပရိယတ္တိစာသင်တိုက်ဘုန်းတော်ကြီးကျောင်းသို့ ယမန်နေ့ နံနက် ၈ နာရီက ဂန့်ဂေါခရိုင်မီးသတ်ဦးစီးဌာန ဒုမီးသတ်ဦးစီးမှူး ဦးမြတ်သူအောင်ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၅၄၀၀ လှူဒါန်းခဲ့သည်။

မြို့နယ်အတွင်းရှိပြည်သူများ သောက်သုံးရေရှားပါးပြတ်လပ်မှုနှင့် ကြုံလာပါက ဌာနပိုင်ရေသယ်ယာဉ်ဖြင့် အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **ထင်အောင်နိုင်(ဂန့်ဂေါ)**

## ကျေးရွာများသို့ ရေဖြန့်ဝေလှူဒါန်း

**ရေကြည် မေ ၁၇**

ရေဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်းရှိ ရေအခက်အခဲရှိသော တောင်နှစ်လုံးကျေးရွာသို့ ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေဂါလန် ၁၆၀၀ လှူဒါန်းခဲ့သည်။

တောင်နှစ်လုံးကျေးရွာသည် အိမ်ခြေ ၃၈ အိမ်၊ လူဦးရေ ၁၀၃ ဦးရှိကြောင်း သိရသည်။ **ဆန်းတင့် (ရေကြည်)**

## တာချီလိတ်မြို့၌ ဘီပိုးကာကွယ်ဆေး အခမဲ့ထိုးနှံ

**တာချီလိတ် မေ ၁၇**

တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ တတိယအကြိမ်မြောက် ဘီပိုးကာကွယ်ဆေးအခမဲ့ထိုးနှံပေးခြင်းကို တတိယမြောက်နေ့အဖြစ် ယမန်နေ့ နံနက်ပိုင်းမှ စတင်၍ ညန ၄ နာရီအထိ ထိုးနှံပေးလျက်ရှိသည်။

ဘီပိုးကာကွယ်ဆေးထိုးနှံပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်မှုအနေဖြင့် လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ကဦးဆောင်၍ အရန်မီးသတ်၊ ကြက်ခြေနီနှင့် စေတနာရှင်ပရဟိတအဖွဲ့တို့က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

# ဒလမြို့နယ်ရှိ လယ်ယာမြေဧက ၂၀၀၀ ကျော်အား ရေကြီးရေလျှံမှုမှ ကာကွယ်ပေးနိုင်မည့် ခနောင်ရေထိန်းတံခါး

**ရန်ကုန် မေ ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်ရှိ ဒေသခံတောင်သူများ၏ လယ်ယာမြေဧက ၂၀၀၀ ကျော်ကို ရေကြီးရေလျှံမှုမှ ကာကွယ်ပေးနိုင်ရန်နှင့် မိုးနှောင်းကာလတွင် ရေပိုရေလျှံများကို သိုလှောင်ကာ နွေစပါးသီးနှံများ စိုက်ပျိုးရန်အတွက် ခနောင်ရေထိန်းတံခါးကို တည်ဆောက်လျက်ရှိရာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



အဆိုပါရေထိန်းတံခါးသည် ဒလမြို့နယ်အရှေ့ဘက်ခြမ်းရှိ ခနောင်ချောင်းပေါ်တွင် ဆောက်လုပ်ထားပြီး ၄ ပေ x ၆ ပေ အကျယ်ရှိ ရေထိန်းတံခါးပေါက် သုံးပေါက်ပါရှိသည်။ ရန်ကုန်မြစ်တွင်းသို့ အမြင့်ဆုံး ဒီရေတက်လာပါက ချောင်းမြောင်းများအတွင်း ဆားငန်ရေဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်၊ နုန်းအနည်ထိုင်ပို့ချမှုလျော့ကျစေရန်နှင့် မိုးနှောင်းကာလတွင် ရေချိုသိုလှောင်ထားရှိပြီး ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်တည်ဆောက်ခြင်းဖြစ်သည်။

ခနောင်ရေထိန်းတံခါး တည်ဆောက်ခြင်းကြောင့် ခနောင်ရှမ်းစုကျေးရွာ၊ ခနောင်ခနိုတောကျေးရွာ၊ ခနောင်ရွာမကျေးရွာ၊ ခနောင်တောထဲကန်ကျေးရွာ၊ ခနောင်ချောင်းဝကျေးရွာ၊ ခနောင်မီးခြစ်စက်ကျေးရွာနှင့် ခနောင်အထက်ကျေးရွာတို့ရှိ လယ်မြေဧကပေါင်း ၂၀၀၀ ကျော်ကို ရေကြီးရေလျှံမှုဘေးမှကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိုးရာသီ သိုလှောင်ရေဖြင့် နွေစပါးစိုက်ပျိုးမှု၊ ဆောင်းသီးနှံနှင့် ဟင်းသီးဟင်းရွက်များစိုက်ပျိုးနိုင်ရန် မျှော်မှန်းထားကြောင်း၊ ယခင်က ရခိုင်ချောင်းရေထိန်းတံခါးမှ ရေချိုသိုလှောင်မှုဖြင့် သရောတန်းကျေးရွာ၊ ကျွဲလူးအိုင်ကျေးရွာနှင့် သမ္ဘာန်ချောင်းကျေးရွာတို့ရှိ လယ်မြေများကိုသာ နွေစပါးသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်။ ခနောင်ရေထိန်းတံခါး တည်ဆောက်ပြီးစီးသွားပါက ခနောင်ကျေးရွာ ခုနစ်ရွာအတွင်းရှိ တောင်သူများ၏ လယ်ယာမြေများအတွက် နွေစပါးသီးနှံများ ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းသူဟန်က ပြောသည်။

ခနောင်ရှမ်းစုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအေးကျော်က “ရေထိန်းတံခါးတည်ဆောက်ပေးလို့ ဒေသခံတောင်သူတွေရဲ့ လယ်ယာမြေတွေ ရေကြီးနစ်မြုပ်မှုမဖြစ်ပေါ်တော့ဘူး၊ လာမယ့်နွေရာသီမှာဆိုရင်လည်း လယ်ထဲက ပိုလျှံတဲ့ရေတွေကို ချောင်း၊ မြောင်းအတွင်းကနေ ရေတံခါးထဲကို သိုလှောင်ပေးနိုင်မှာဖြစ်လို့ ချောင်း၊ မြောင်းနဲ့ နီးစပ်တဲ့နေရာတွေမှာ ရေလုံလုံလောက်လောက်ရနိုင်မှာပါ၊ အဲဒီအချိန်မှာ နွေစပါးစိုက်ပျိုးနိုင်မယ်၊ ပဲစိုက်မယ်၊ သစ်သီးဝလံတွေစိုက်ပျိုးမယ့် တောင်သူတွေရှိပါတယ်၊ အရင်က တစ်သီးစားပဲစိုက်ပျိုးနိုင်တာ၊ အခု နှစ်သီးစား စိုက်ပျိုးနိုင်တော့မှာဖြစ်လို့ အတိုင်းမသိ ဝမ်းသာပါတယ်” ဟုပြောသည်။

ဒလမြို့နယ်အတွင်းရှိ ကျေးရွာများ၌ နှစ်စဉ်ကြုံတွေ့နေရသော လယ်မြေများ ရေနစ်မြုပ်ခြင်း၊ စိုက်ပျိုးစပါးများပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့် ဒေသခံတောင်သူများ၏ အခက်အခဲဒုက္ခများကို ဖြေလျော့ဆောင်ရွက်ပေးနိုင်ရေးအတွက် ချောင်းကော၊ မြောင်းကောများပြန်လည်တူးဖော်ခြင်းနှင့် ရေထိန်းတံခါးများ ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများကို နှစ်စဉ် ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ်၌ လယ်ယာမြေပေါင်း ၄၆၈၂၁ ဧကရှိပြီး ယခင်က ရခိုင်ချောင်းရေထိန်းတံခါးမှ ရခိုင်ချောင်းချောင်းအတွင်း ရေချိုသိုလှောင်မှုဖြင့် နွေစပါး ၇၇၁ ဧကကိုသာ စိုက်ပျိုးနိုင်ခဲ့ရာ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလ၌ ရေချိုရရှိမှုအပေါ် မူတည်၍ နွေစပါးဧကပေါင်း ၂၀၀၀ ခန့် လျာထားစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသူထံမှ သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# လေဘေးဒဏ်ခံရသည့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေပေးအပ်

**ကျောက်ကြီး မေ ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်အတွင်း လေဘေးဒဏ်ခံရသည့် အိမ်ထောင်စုဝင်များအား မေ ၁၅ ရက် ညနေ ၅ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

ကျောက်ကြီးမြို့နယ်၌ မေ ၁၃ ရက် ည ၇ နာရီက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စုနှစ်စုတို့တွင် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၊ သာသနာ့ဧည့်ဂေဟာတစ်လုံးနှင့် လူနေအိမ် ၅၆ လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါပျက်စီးဆုံးရှုံးမှုများအတွက် ထောက်ပံ့ငွေကျပ် ၁၉၀၆၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့်အတူ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတာဝန်ခံ ဦးစီးအရာရှိ ဦးအာကာကိုကိုတို့က သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများထံ ထောက်ပံ့ပေးအပ်ခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားသည့် မြို့ပေါ်ရပ်ကွက်ရှိ အိမ်ထောင်စုဝင်များအား ကွင်းဆင်းကြည့်ရှုကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **ကိုသားကြီး (ကျောက်ကြီး)**



## ဖြူးချောင်းဆည်ရေဖြင့် သုံးသီးစားစမ်းသပ်စိုက်ပျိုးမှု အောင်မြင်



**ဖြူး မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် ကျီးမနိုးကျေးရွာအုပ်စု၊ ချင်းခင်ကျေးရွာအုပ်စုနှင့် ကျီးရိုးကျေးရွာအုပ်စုတို့တွင် ဖြူးချောင်းဆည်ရေဖြင့် သုံးသီးစားစမ်းသပ်စိုက်ပျိုးရာ အောင်မြင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာအုပ်စုသုံးအုပ်စုတွင် ဧက ၁၅၀၀ ကို မိုးစပါး၊ ဆောင်းပဲတီစိမ်း၊ နွေစပါးတို့ကို တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း တောင်သူများထံမှ သိရသည်။

လူငယ့်အားမာန်စိုက်ပျိုးရေးသမဝါယမ အသင်း ဥက္ကဋ္ဌ ဦးထွန်းလှိုင်က ယခင်နှစ်က ၁၅ ဧကစမ်းသပ်စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက ၃၀ စိုက်ပျိုးခဲ့ကြောင်း၊ ဖြူးဆည်ရေသောက်စနစ်ကြောင့် ဝင်ငွေတိုးခဲ့ကြောင်း၊ နောင်နှစ်တွင်လည်း ဧက ၃၀၀ ကျော်စိုက်ပျိုးမည်ဖြစ်ကြောင်း ပြောသည်။

ယခုပဲတီစိမ်းရိတ်သိမ်းပြီး တတိယသီးနှံအဖြစ် စိုက်ပျိုးထားသော နွေစပါးများကိုလည်း ယခုတစ်ပတ်အတွင်း ရိတ်သိမ်းမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ဖြူးချောင်းဆည်ရေပေးဝေရေးဌာနမှ ဖြူးမြို့နယ် ကျေးရွာအတွင်းသို့ လက်ဝဲမြောင်းမကြီး၊ လက်ယာမြောင်းမကြီးတို့ဖြင့် လယ်ယာမြေများသို့ ရေပေးဝေလျက်ရှိကြောင်း၊ ဖြူးချောင်းဆည်မှ ရေများဖြင့် လယ်ဧက ၅၀၀၀ ကျော် စိုက်ပျိုးနိုင်ကြောင်း၊ နောင်နှစ်တွင် လယ်ဧကအပြည့် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများကို တိုက်တွန်းစည်းရုံးသွားမည်ဖြစ်ကြောင်း ဖြူးမြို့နယ် ဆည်မြောင်းရေပေးဝေရေးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်ဇော်က ပြောသည်။

ဆည်ရေသောက်စနစ်ပြီးစီးသည့် နေရာများမှ တောင်သူများအနေဖြင့် ယခုကဲ့သို့ သုံးသီးစားစမ်းသပ်စိုက်ပျိုးနိုင်သည့်အတွက် မြေမတိုးသော်လည်း ဝင်ငွေတိုးကြောင်း သိရသည်။

**မန္တယ်**

**(ပြန်/ဆက်)**

## သထုံမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၄၄၀၀၀ ပျိုးထောင်ထား

**သထုံ မေ ၁၇**

မွန်ပြည်နယ် သထုံမြို့တွင် မိုးရာသီကာလအတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများ ပျိုးပင်အခမဲ့ရယူစိုက်ပျိုးနိုင်ရန် သထုံမြို့နယ် မြေနီကုန်းကျေးရွာ ပျိုးဥယျာဉ်အတွင်း သထုံမြို့နယ်သစ်တောဦးစီးဌာနက သစ်ပင်ပျိုးပင်ပေါင်း ၄၄၀၀၀ ကို ပျိုးထောင်ထားကြောင်း သိရသည်။

"သထုံမြို့နယ်သစ်တောဦးစီးဌာနက မြေနီကုန်းကျေးရွာပျိုးဥယျာဉ်မှာ ပျိုးပင်ပေါင်း ၄၄၀၀၀ ရှိပြီး ကျွန်း၊ မန်ကျည်းရှား၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ ပိတောက်၊ ကုက္ကို၊ သက်န်း၊ မဲဇလီ၊ ခရေ၊ ငုပင်(ငုရွှေဝါ)၊ စိန်ပန်း(စိန်ပန်းအနီ) အမျိုးအစား အပင်တွေ ပါဝင်ပါတယ်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလကတည်းက စတင်ပျိုးထောင်ထားရှိပါတယ်။ အခုပျိုးထောင်ထားရှိတဲ့ ပျိုးပင်တွေကို သတ်မှတ်ထားတဲ့နေရာတွေမှာ စိုက်ပျိုးထားမှာဖြစ်ပြီး ဘုန်းတော်ကြီးကျောင်းတွေ၊ မြို့နယ်ဌာနဆိုင်ရာတွေ၊ တပ်ရင်းတပ်ဖွဲ့တွေ၊ ပြည်သူတွေ၊ အဖွဲ့အစည်းတွေ၊ စာသင်ကျောင်းမြေတွေအတွင်း စိုက်ပျိုးချင်သူတွေကို ပျိုးပင်တွေ အခမဲ့ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ သစ်ပင်စိုက်ပျိုးခြင်းကြောင့် မြေဆီမြေသြဇာတိုးပွားစေခြင်း၊ ရာသီဥတုအပူချိန် ထိန်းညှိပေးခြင်း၊ ရေလွှမ်းမိုးမှုထိန်းသိမ်းပေးနိုင်ခြင်း စတဲ့အကျိုးကျေးဇူးတွေကို ရရှိမှာဖြစ်ပါတယ်" ဟု သထုံမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းထက်က ပြောသည်။

ယခုနှစ်ပျိုးထောင်ထားသည့် အပင်အရေအတွက်မှာ ကျွန်း ၄၄၀၀၊ မန်ကျည်းရှား ၁၄၃၀၀၊ မဟော်ဂနီ ၁၃၂၀၀၊ ပျဉ်းကတိုး ၃၃၀၀၊ ပိတောက် ၃၃၀၀၊ ကုက္ကို ၁၁၀၀၊ သက်န်း ၂၂၀၀၊ မဲဇလီ ၅၅၀၊ ခရေ ၅၅၀၊ ငုပင်(ငုရွှေဝါ) ၅၅၀၊ စိန်ပန်း(စိန်ပန်းအနီ) ၅၅၀ စသည့်အပင် ၁၁ မျိုး ပျိုးပင်ပေါင်း ၄၄၀၀၀ ကို မြေနီကုန်းကျေးရွာရှိ ပျိုးဥယျာဉ်တွင် ပျိုးထောင်ထားပြီးဖြစ်ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**



## မိုင်းယောင်း၌ မျှစ်ခါးရှာဖွေရောင်းချသူများ မိသားစုဝင်ငွေအဆင်ပြေ

**မိုင်းယောင်း မေ ၁၇**

ဒေသအစားအစာတစ်မျိုးဖြစ်သော မျှစ်ခါးသည် ကဆုန်၊ နယုန်တွင် လှိုင်လှိုင်ပေါ်နေပြီဖြစ်ရာ မိုင်းယောင်း၌ မျှစ်ခါးရှာဖွေရောင်းချသူများ မိသားစုဝင်ငွေအဆင်ပြေနေကြောင်း သိရသည်။

မျှစ်ခါးသည် တောတောင်လျှိုမြောင်တွင် သဘာဝအလျောက် အလေ့ကျပေါက်ရောက်ကြောင်း၊ မိုးရေရရှိပြီးနောက် မျှစ်ခါးပင်စည်အခြေရှိ မျှစ်ခါးအစို့သည် မြေပေါ်သို့ထွက်ပေါ်လာကြောင်း၊ မျှစ်ခါးအား အမျိုးမျိုးချက်ပြုတ်စားသုံးနိုင်ကြောင်း၊ မျှစ်ခါးငါးချောင်းပါတစ်စည်းလျှင် ကျပ် ၁၀၀၀ ရောင်းရကြောင်း သိရသည်။

မိုင်းယောင်းမျှစ်ခါးသည် အရသာကောင်းမွန်၍ ဝယ်ယူစားသုံးသူများခြင်းကြောင့် တစ်ရက်လျှင် ကျပ် ၅၀၀၀၀ ကျော်ဖိုး ပုံမှန်ရောင်းရသဖြင့် မျှစ်ခါးရှာဖွေရောင်းချသူများ မိသားစုဝင်ငွေအဆင်ပြေနေကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း (ပြန်/ဆက်)**

## ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် အပူဒဏ်လျော့ကျစေရေး မိုးရာသီတွင် ပျိုးပင်ပေါင်း ၃၅၀၀၀ စိုက်ပျိုးမည်

**ဟသ်ာတ မေ ၁၇**

ဟသ်ာတမြို့နယ် သစ်တောဦးစီးဌာနက ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် အပူဒဏ် လျော့ကျစေရေးတို့အတွက် ယခုနှစ်မိုးရာသီတွင် ပျိုးပင်ပေါင်း ၃၅၀၀၀ ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပျိုးပင်များကို မေလစတုတ္ထပတ်ကစတင်ပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများကတစ်ဆင့် စိုက်ပျိုးမည့်ပြည်သူများကို အသိပေးအကြောင်းကြား၍ နီးစပ်ရာပျိုးခြံများမှ ဖြန့်ဝေပေးသွားပြီး သစ်တောတာဝန်ခံဝန်ထမ်းများက မှတ်တမ်းရယူခြင်းနှင့် ရှင်သန်အောင်စိုက်ပျိုးနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကုန်းမြင့်ဒေသနှင့် မြေနိမ့်ဒေသများတွင် လေနှင့်ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် ကတ္တီပါမြက်၊ သိုက်ဝါးနှင့် ဝါးပိုးဝါးစသည့် စိုက်ပျိုး၍ရသည့် အပင်များကို သီးခြားထပ်မံပျိုးထားကြောင်း၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် အောက်ဆီဂျင်ထုတ်လွှတ်ပေးနိုင်ရန်ရည်ရွယ်ပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးအရာရှိ ဦးလှခိုင်ထံမှ သိရသည်။

ဟသ်ာတမြို့နယ်သစ်တောဦးစီးဌာနက ကျွန်းပင် ၇၁၀၀၊ ပျဉ်းကတိုး ၃၁၀၀၊ မန်ကျည်းရှား ၁၅၅၀၀၊ မဟော်ဂနီ ၅၁၀၀၊ ယူကလစ် ၂၁၀၀၊ စိန်ပန်းကြီး ၃၀၀၊ စိန်ပန်းကလေး ၃၀၀ နှင့် ငုစပ် ၄၀၀ တို့ကို မြို့မ(၁)၊ မြို့မ(၂) နှင့် တလုတ္တော် စသည့်ပျိုးဥယျာဉ်ခြံသုံးနေရာတွင် ပျိုးထောင်ထားကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



## မော်လမြိုင်ကျွန်းတွင် သစ်ပင်မျိုးစုံ ၆၀၀၀၀ စိုက်ပျိုးမည်

**မော်လမြိုင်ကျွန်း မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် သစ်တောဦးစီးဌာနမှဦးစီး၍ သစ်ပင်စိုက်ပျိုးရာသီတွင် တစ်မြို့နယ်လုံး စိုက်ပျိုးသွားရန်အတွက် မြို့နယ်ယာယီပျိုးထောင်ဥယျာဉ်တွင် ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇော်သိန်းထွဋ်နှင့် သစ်တောဦးစီးဌာန ဝန်ထမ်းများက ပျိုးပင်ငယ်များအား နေ့စဉ် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ယင်းမြို့နယ်သစ်တောဦးစီးဌာန ယာယီပျိုးထောင်ဥယျာဉ်တွင် ပျိုးထောင်ထားသော ပျိုးပင်ငယ်များမှာ ကျွန်းပျိုးပင် ၁၀၀၀၀၊ ဝါးပျိုးပင် ၁၀၀၀၀၊ မဟော်ဂနီပျိုးပင် ၂၀၀၀၀၊ မန်ကျည်းရှားပျိုးပင် ၂၀၀၀၀ စုစုပေါင်း ပျိုးပင်ငယ် ၆၀၀၀၀ တို့ဖြစ်သည်။

အဆိုပါပျိုးပင်ငယ် ၆၀၀၀၀ ကို ဇွန်လပထမပတ်မှစ၍ မော်လမြိုင်ကျွန်းမြို့နယ်လုံးရှိ ရပ်ကွက်/ကျေးရွာများတွင် ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်သည်။

**မော်ကျွန်းမြင့်အောင်**

## တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်ရန် မျိုးစေ့နှင့် ပျိုးပင်များ အခမဲ့ဖြန့်ဝေ

**တာချီလိတ် မေ ၁၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးကာလအတွင်း ပြည်သူများ လူဦးရေထူထပ်သည့် ဈေးများသို့ သွားရောက်ဝယ်ယူခြင်းကို လျော့ချနိုင်ရန်၊ မိမိအိမ်ခြံဝင်းအတွင်း အာဟာရပြည့်ဝပြီး သန့်ရှင်းလတ်ဆတ်သည့် စားပင်သီးပင်များ စိုက်ပျိုး၍ ဆွတ်ခူးစားသုံးနိုင်ရန်နှင့် ပိုလျှံသည့်အသီးအနှံများကို ရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိစေရန်အတွက် ရပ်ကွက်/ကျေးရွာနေပြည်သူများအား တာချီလိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့နှင့် ပျိုးပင်များကို ယမန်နေ့က အခမဲ့ဖြန့်ဝေပေးခဲ့သည်။

မျိုးစေ့နှင့် ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးခြင်းနှင့်ပတ်သက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုင်းခင်ဇော်လတ်က "စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလမှာ Home Gardening စိုက်ပျိုးနိုင်ရေးအတွက် ပြည်သူတွေကို နည်းပညာ၊ မျိုးစေ့၊ ပျိုးပင်၊ မြေသြဇာနဲ့ လက်ကမ်းစာစောင်တွေ အခမဲ့ဖြန့်ဝေပေးခြင်းဖြင့် အရည်အသွေးပြည့်ဝပြီး အာဟာရရှိတဲ့၊ လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်တွေကို စားသုံးနိုင်မယ်၊ လူစုလူဝေးကိုလည်း ရှောင်ပြီးသားဖြစ်မယ်" ဟု ပြောသည်။

တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စော၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုင်းခင်ဇော်လတ်နှင့် စိုက်ပျိုးရေးဝန်ထမ်းများက တာချီလိတ်မြို့ ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများအား တစ်အိမ်ထောင်လျှင် မျိုးစေ့ငါးမျိုးကို အိမ်ထောင်စု ၂၇၄၀ အတွက် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မြောင်မြို့နယ်၌ GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် မိုးကြိုပဲတီစိမ်းစိုက်ကွင်းအတွင်းသို့ ဥကပ်ပါးနကျယ်များလွှတ်

**မြောင် မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် တွင်းကြီးကျေးရွာအုပ်စု IHTDVကျေးရွာတွင်စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP)စနစ်ဖြင့် စိုက်ပျိုးထားသည့် မိုးကြိုပဲတီစိမ်းစိုက်ကွင်းအတွင်းသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ဥကပ်ပါးနကျယ်များလွှတ်ခြင်းကို ယနေ့ နံနက် ၇ နာရီတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

''ကျွန်မတို့အနေနဲ့ နွေသီးနှံ စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းမှုမရှိစေဖို့ နွေစပါး၊ မိုးကြိုပဲတီစိမ်းတွေကို မြေအောက်ရေနဲ့ ပိုမိုစိုက်ပျိုး အကောင်အထည်ဖော်လျက်ရှိပါတယ်။ IHTDV ကွင်းအမှတ် ၁၉၄ မိုးကြိုပဲတီစိမ်း ဧက ၃၀ တစ်ကွင်းတစ်စပ်တည်း တောင်သူတွေနဲ့ပူးပေါင်းပြီး ဇီဝနည်းနဲ့ ဥကပ်ပါးနကျယ်တွေ လွှတ်ပါမယ်၊ ဒီဥကပ်ပါးနကျယ်ကောင်တွေ လွှတ်ခြင်းဟာ ပိုးသတ်ဆေးသုံးစွဲမှုကို လျှော့ချနိုင်ပြီး သစ်ပင်အတွက် အကျိုးပြုအင်းဆက်ပိုးများ တိုးပွားလာကာ ပတ်ဝန်းကျင်သဘာဝဂေဟစနစ်မျှတမှုရှိပြီး ပတ်ဝန်းကျင် ညစ်ညမ်းမှု လျော့ကျလာမှာဖြစ်ပါတယ်''ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စန်းစန်းဝင်းက ပြောသည်။

တစ်ဧကလျှင် ဥကပ်ပါးနကျယ်အကောင်ရေ ၁၀၀၀ ပါကတ် ၄၀ ကို တစ်ခုနှင့်တစ်ခုအကွာ ပေ ၃၀ ထားရှိပြီး ဥကပ်ပါးမလွှတ်ခင်တစ်ပတ်နှင့် လွှတ်ပြီးတစ်ပတ်အတွင်း ပိုးသတ်ဆေးလုံးဝမဖျန်းစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စိုက်ကွင်းတာဝန်ခံက တောင်သူများအား အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ကိုကို(မြောင်)**





# ကျောင်းကုန်းမြို့နယ် ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီ ညှိနှိုင်းဆွေးနွေး

**ကျောင်းကုန်း မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အေးချမ်းသာယာခန်းမ၌ ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီ အစည်းအဝေး (၁/၂၀၂၀)ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးဦးမျိုးလွင်က ကျောင်းကုန်းမြို့နယ်အစုအဖွဲ့သို့ လုပ်ကိုင်ခွင့်ပြုသော အင်းများအနက် ၂၀၂၀-၂၀၂၂ ခုနှစ် အင်းရာသီ(၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ် အင်းလုပ်ကိုင်ခွင့်ကို ဒါးလယ်ကွင်း၊ စခန်းကြီး-လဟာကြိုက်-မကျီးစင်(၃)ဂရန်တွဲ၊ အရှေ့ချောင်းနှင့် ကညွတ်ကွင်းအင်းများမှ အစုအဖွဲ့များလျှောက်ထားမှုကိုလည်းကောင်း၊ ကျန်ရှိသော အစုအဖွဲ့ ၁၅ ဖွဲ့ အင်းလုပ်ကိုင်ခွင့်လျှောက်ထားမှုများ၊ စာရင်းရှင်အပ်ငွေစာအုပ်နောက်ဆုံးတင်ပြရမည့်နေ့ရက် သတ်မှတ်ပေးရန် ပြောကြားခဲ့ပြီး တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေးဆုံးဖြတ်**

ကျန်အင်းများအနေဖြင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် အစုအဖွဲ့များ ငွေကြေးအကျပ်အတည်းဖြစ်ပေါ်နေသဖြင့် ငွေစုစာအုပ်၊ စာရင်းရှင်အပ်ငွေ နောက်ဆုံးတင်ပြရမည့်ရက်ကို တစ်ပတ်နောက်ဆုတ်၍ မေ ၂၂ ရက်အထိ စောင့်ဆိုင်းသွားမည်ဟု ဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီး လျှောက်ထားသောစာရင်းရှင်အပ်ငွေ၊ ငွေစုစာအုပ်နောက်ဆုံးတင်ပြမည့်ရက်ကို ဇွန် ၂ ရက်သို့ သတ်မှတ်လိုက်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# နမ္မတူမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၁၀၉၄၀၀ ပျိုးထောင်ထား

**နမ္မတူ မေ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တောများ ပြုန်းတီးမှုကြောင့် ကြုံတွေ့ရမည့် သဘာဝဘေးအန္တရာယ်များ လျော့နည်းလာစေရေးအတွက် နမ္မတူမြို့နယ်အတွင်း မိုးရာသီစိုက်ပျိုးရန် ပျိုးပင်ပေါင်း ၁၀၉၄၀၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

ထိုသို့ပျိုးထောင်ထားရှိရာတွင် နမ္မတူမြို့နယ်အတွင်း လူထုဖြန့်ဝေစိုက်ပျိုးရန် ကျွန်း၊ မဲဇလီ၊ ရေသင်းဝင်၊ မန်ကျည်းရှားပင် ၂၈၀၀၀၊ မန်တုံမြို့နယ်အတွင်း လူထုဖြန့်ဝေစိုက်ပျိုးရန် ကျွန်း၊ ထင်းရှူး၊ မန်ကျည်းရှား၊ ထောပတ်ပင် ၁၃၄၀၀၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်း ၄၅၈ ဒသမ ၅ ဧကအတွက် မဲဇလီ၊ ယူကလစ်ပင် ၆၈၀၀၀ စုစုပေါင်း အပင် ၁၀၉၄၀၀ အား မိုးရာသီစိုက်ပျိုးရန် ပျိုးထောင်ထားရှိကြောင်း နမ္မတူမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးချမ်းမြေ့အောင်၏ ပြောကြားချက်အရ သိရသည်။

**လူမော်**
**(ပြန်/ဆက်)**



# မြို့သစ်မြို့နယ်၌ GAP စနစ်ဖြင့် မိုးသီးနှံ ဧက ၆၀၀၀ ကျော် စိုက်ပျိုး

**မြို့သစ် မေ ၁၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ တောင်သူများ ဘေးကင်းသောစားသောက်ကုန်များ ထုတ်လုပ်နိုင်ရေး စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP)စနစ်ဖြင့် ၂၀၂၀ ပြည့်နှစ် မိုးရာသီအတွက် မိုးနှမ်းဧက ၆၀၀၀၊ မိုးမြေပဲဧက ၁၀၀ နှင့် မိုးပဲတီစိမ်းဧက ၅၀ စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဒေသနဲ့ သင့်တော်ပြီး အရည်အသွေး ပြည့်ဝဘေးကင်းတဲ့ စိုက်ပျိုးစားသောက်ကုန်တွေ ထုတ်လုပ်နိုင်ဖို့အတွက် ကောင်းမွန်တဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေကို စံချိန်စံညွှန်းသတ်မှတ်ချက်တွေနဲ့အညီ လေ့ကျင့်ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးထုတ်လုပ်မှု အခန်းကဏ္ဍမှာ အဓိကပါဝင်နေတဲ့စိုက်ပျိုးထုတ်လုပ်သူတွေကိုယ်တိုင် GAP ရဲ့ ထုတ်ကုန်အာမခံချက်အပေါ် သိရှိလိုက်နာကျင့်သုံးနိုင်စေဖို့ ပညာပေးစာအုပ်တွေ ဖြန့်ဝေတာ၊ စိုက်ကွင်းမြေတွေမှာ သတ္တုပါဝင်မှု ရှိ/ မရှိ မြေနမူနာစစ်ဆေးတာနဲ့ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေအတွက် ဈေးကွက်ကောင်းရရှိရေးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနဲ့ချိတ်ဆက်ပြီး ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက ပြောသည်။



လေးတိုင်စင်ကျေးရွာမှ တောင်သူ ဦးကျော်သန်းလွင်က "ကျွန်တော်တို့ဒေသမှာ ယခင်ကမိုးသီးနှံတွေ စိုက်တဲ့အခါမှာ မိုးရေသောက်ယာမြေတွေမှာ မိုးကြို/မိုးတွင်း စိုက်ပျိုးကြပါတယ်။

သဲဆန်တဲ့ ယာမြေတွေဖြစ်တဲ့အတွက် မြေဆွေးနဲ့ မြေဩဇာသွင်းအားစုတွေ အများကြီးထည့်သွင်းရပါတယ်။ ပေါင်းကောက်/ပေါင်းနုတ်လုပ်သားစရိတ်တွေ အချိန်မီအသုံးပြုရတဲ့အတွက် စိုက်ပျိုးစရိတ်တွေလည်း မြင့်မားပါတယ်။ ယခုလို စားသောက်ကုန်ထုတ်လုပ်မှု အာမခံချက်ပေးတဲ့စနစ်နဲ့ စိုက်ပျိုးသီးနှံတွေ ထွက်ရှိမယ်ဆိုရင် ဈေးကွက်ကောင်းရရှိနိုင်ဖို့ မျှော်လင့်မိပါတယ်" ဟု ပြောသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

# သုံးခွမြို့၌ ရေရှားပါးသော ရပ်ကွက်နှင့် ကျေးရွာများသို့ သောက်သုံးရေများ လှူဒါန်း

**သုံးခွ မေ ၁၇**

ကိုဗစ်-၁၉ရောဂါ ကာလအတွင်း ပူပြင်းခြောက်သွေ့သော နွေရာသီတွင် ပြည်သူများ သောက်သုံးရေ အခက်အခဲမရှိစေရန်နှင့် ပြတ်လပ်မှုရှားပါးမှုမရှိစေရန်အတွက် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရာဇသောက်ရေသန့် မိသားစုက သောက်သုံးရေဂါလန် ၈၉၀၀ အား ရပ်ကွက်နှင့် ကျေးရွာများသို့ ယမန်နေ့ နံနက်ပိုင်းက လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းသို့လှူဒါန်းရာတွင် သုံးခွမြို့ အမှတ် (၉) ရပ်ကွက်ရှိ အောင်မင်္ဂလာလမ်း၊ အောင်ချမ်းသာလမ်း၊ အမှတ် (၄) ရပ်ကွက် ရဲစခန်းဝင်း၊ အမှတ် (၂) ရပ်ကွက်ရှိ သဇင်လမ်းနှင့် ပတုပ်ကြီးကျေးရွာ ကျောင်းစုပတုပ်ကျေးရွာများသို့ သောက်သုံးရေဂါလန် ၈၉၀၀ လှူဒါန်းခြင်းကို ချမ်းမြေ့မေတ္တာ အထူးကုဆေးရုံမှလုပ်အားဒါနကုသိုလ်ရှင်များ၊ သန်လျင်မြို့ ကရုဏာပျိုးခင်းပရဟိတလူငယ်များ၊ ကရုဏာစံအိမ်ပရဟိတအသင်းနှင့် We Love Thongwa တို့က ရေများလိုက်လံလှူဒါန်းခြင်းကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**


# မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသားနည်းပြကို ခန့်အပ်ရန် စီစဉ်

ရန်ကုန် မေ ၁၇
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို နည်းပြအပြောင်းအလဲပြုလုပ်ရန် စီစဉ်ထားပြီး နယ်သာလန်နိုင်ငံသား နည်းပြ ဗစ်တာဟာမန်စ်ကို ခန့်အပ်ရန် စီစဉ်နေသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ယခုနှစ်အတွင်း အာဆီယံဖူဆယ်ပြိုင်ပွဲတစ်ခုသာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲမတိုင်မီ ခန့်အပ်ရန် စီစဉ်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နှစ်ဆန်းပိုင်းကတည်းက နိုင်ငံခြားသားနည်းပြ ခန့်အပ်ရန် စီစဉ်နေခြင်းဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့် ကာလဖြစ်သောကြောင့် ကြန့်ကြာနေခြင်းဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် ၂၀၁၆ ခုနှစ်က လမ်းခွဲခဲ့သည့် အီရန်လူမျိုးနည်းပြဆာအိကို နိုင်ငံခြားသားနည်းပြခန့်အပ်ရန် စီစဉ်နေခြင်းဖြစ်သည်။ မြန်မာဖူဆယ်အသင်း နည်းပြချုပ်အဖြစ် ၂၀၁၆ ခုနှစ်နောက်ပိုင်း ဦးငွေးမြင့်က ဆောင်ရွက်ခဲ့ပြီး ၎င်းကိုင်တွယ်ခဲ့သည့်ကာလတွင် အာဆီယံဖူဆယ်ပြိုင်ပွဲ၌ ပထမဆုံး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သလို ဒုတိယတစ်ကြိမ်၊ တတိယတစ်ကြိမ် ရယူပေးနိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ၂၀၀၆ ခုနှစ်မှစတင်ကာ နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ဒုတိယတစ်ကြိမ်၊ တတိယနှစ်ကြိမ် ရရှိခဲ့သည်။ မြန်မာဖူဆယ်အသင်းသည် ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း နိုင်ငံခြားသားနည်းပြ ခန့်အပ်ခဲ့သော်လည်း ဆုတံဆိပ်ရရှိခဲ့သည့် သုံးကြိမ်စလုံးတွင် မြန်မာနည်းပြများက ကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြသစ်အဖြစ် အာဆီယံဖူဆယ်လောကတွင် ကျင်လည်ခဲ့ဖူးပြီး ထိပ်သီးအသင်းများကို ကိုင်တွယ်ခဲ့သည့် နယ်သာလန်နိုင်ငံသား ဗစ်တာဟာမန်စ်ကို ခန့်အပ်ရန် စီစဉ်နေခြင်းဖြစ်သည်။ ဗစ်တာဟာမန်စ်သည် ၁၉၉၀ ပြည့်နှစ်တွင် နည်းပြအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး နယ်သာလန် ဖူဆယ်လက်ရွေးစင်ဟောင်းတစ်ဦးလည်းဖြစ်သည်။ ၎င်းသည် ၁၉၉၀ မှ ၁၉၉၂ ခုနှစ်အထိ နယ်သာလန်လက်ရွေးစင်အသင်း လက်ထောက်နည်းပြ၊ ၁၉၉၂ မှ ၁၉၉၆ ခုနှစ်အထိ ဟောင်ကောင်လက်ရွေးစင်အသင်းနည်းပြချုပ်၊ ၁၉၉၆ ခုနှစ်တွင် မလေးရှားလက်ရွေးစင်အသင်းနည်းပြချုပ်၊ ၁၉၉၇ ခုနှစ် ၂၀၀၀ ပြည့်နှစ်အထိ နယ်သာလန်လက်ရွေးစင်အသင်း လက်ထောက်နည်းပြ၊ ၂၀၀၁ ခုနှစ်တွင် အီရန်လက်ရွေးစင်အသင်းနည်းပြချုပ်၊ ၂၀၀၁ မှ ၂၀၀၇ ခုနှစ်အထိ နယ်သာလန်လက်ရွေးစင်အသင်းနည်းပြချုပ်၊ ၂၀၀၉ မှ ၂၀၁၁ ခုနှစ်အထိ မော်လ်တာလက်ရွေးစင်အသင်းနည်းပြချုပ်၊ ၂၀၁၂ မှ ၂၀၁၆ ခုနှစ်အထိ ထိုင်းလက်ရွေးစင်အသင်းနည်းပြချုပ်၊ ၂၀၁၇ မှ ၂၀၁၈ ခုနှစ်အထိ အင်ဒိုနီးရှားလက်ရွေးစင်အသင်းနည်းပြချုပ်နှင့် ၂၀၁၈ ခုနှစ်တွင် မော်လ်တာလက်ရွေးစင်အသင်းနည်းပြချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

ရှိုင်းထက်ဇော်




# မေ ၁၈ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် 8 Ball ပြိုင်ပွဲတွင် ဘုန်းမြင့်ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၁၇
တရုတ်နိုင်ငံတွင် ပြိုင်ပွဲများ ယှဉ်ပြိုင်နေသည့် မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော် (ခ) မောင်မောင်သည် မေ ၁၈ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် 8 Ball ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဘုန်းမြင့်ကျော်သည် Chinese 8 Ball ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသော်လည်း ပထမအဆင့်အုပ်စုနောက်ဆုံးပွဲမတိုင်မီ နှစ်ပတ်နီးပါး ပွဲမရှိသောကြောင့် ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲကို ဘုန်းမြင့်ကျော်အား စပွန်ဆာပေးထားသည့် Ar K Club က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး 8 Ball ပြိုင်ပွဲကို 9 Ball ခုံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ဘုန်းမြင့်ကျော်က အတည်ပြုခဲ့သည်။ ယင်းပြိုင်ပွဲတွင် ပထမမှ တတိယအထိရရှိသည့် ကစားသမားများကို ဆုကြေးငွေများချီးမြှင့်မည်ဖြစ်ပြီး မြန်မာကျပ်ငွေဖြင့် တွက်ချက်ပါက ပထမဆု ကျပ်သိန်း ၆၀၊ ဒုတိယဆု ကျပ်သိန်း ၂၀၊ တတိယဆု ကျပ် ၁၀ သိန်း ရရှိမည်ဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ၂၀၁၄ ခုနှစ်ကတည်းက တရုတ်နိုင်ငံတွင် ပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး ထိုက်သင့်သည့် အောင်မြင်မှုများလည်း ရယူနိုင်ခဲ့သည်။

ဘုန်းမြင့်ကျော်သည် လက်ရှိဝင်ရောက်ယှဉ်ပြိုင်နေသည့် Chinese 8 Ball ပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိထားပြီး ခြောက်ပွဲကစား ခြောက်ပွဲနိုင် ရမှတ် ၃၇၀၀၀ ဖြင့် ဒုတိယအဆင့်သို့ စောစီးစွာ တက်ရောက်နိုင်ခဲ့သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-စိုးညွန့်

# ထိုင်းလိဂ်-၂ ကလပ် ချိုင်းနတ်အသင်းနှင့် မြတ်ကောင်းခန့် နှစ်ဦးသဘောတူလမ်းခွဲ

ရန်ကုန် မေ ၁၇
ထိုင်းလိဂ်-၂ ကလပ် ချိုင်းနတ်အသင်းတွင် သွားရောက်ကစားနေသည့် မြန်မာကွင်းလယ်ကစားသမား မြတ်ကောင်းခန့်သည် ပြီးခဲ့သည့်ရက်ပိုင်းက အသင်းနှင့် နှစ်ဦးသဘောတူလမ်းခွဲလိုက်ပြီဖြစ်သည်။

ယခုရက်ပိုင်းအတွင်း ထိုင်းကလပ်အသင်းများတွင် သွားရောက်ကစားနေသည့် မြန်မာကစားသမားအချို့သည် အသင်းများနှင့် နှစ်ဦးသဘောတူလမ်းခွဲမှုများ ဆက်တိုက်ဖြစ်ပေါ်နေပြီး ထိုင်းလိဂ်-၁ ကလပ် ဆူခိုထိုင်းအသင်းနှင့် လမ်းခွဲခဲ့သည့် တိုက်စစ်မှူးကျော်ကိုကိုမှာမူ ရက်ပိုင်းအကြာမှာပင် အသင်းသစ်ရခဲ့သည်။ မြတ်ကောင်းခန့်မှာမူ ယခုလအတွင်း ထိုင်းကလပ်အသင်းနှင့် နှစ်ဦးသဘောတူလမ်းခွဲရသည့် ဒုတိယမြောက် မြန်မာကစားသမားဖြစ်လာခဲ့သည်။ မြတ်ကောင်းခန့်သည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ခြေစွမ်းပြနိုင်ခဲ့သောကြောင့် ပြည်ပကလပ်အသင်းများ၏ စိတ်ဝင်စားခြင်းကိုခံခဲ့ရကာ ချိုင်းနတ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ မြတ်ကောင်းခန့်သည် ယခုရာသီ ချိုင်းနတ်အသင်းကစားထားသည့် လိဂ်ပွဲလေးပွဲတွင် နှစ်ပွဲကစားခွင့်ရထားပြီး တစ်ပွဲမှာ ပွဲထွက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ မြတ်ကောင်းခန့်သည် တစ်ရာသီစာချုပ်ထားသော်လည်း လပိုင်းဖြင့် လမ်းခွဲခဲ့ရပြီး စာချုပ်လျော်ကြေး သုံးလစာရရှိမည်ဖြစ်သည်။

မြတ်ကောင်းခန့်သည် ယခုရာသီအစတွင် ပြောင်းရွှေ့ခဲ့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် လိဂ်ပြိုင်ပွဲရပ်နားထားသည့်ကာလအတွင်း ချိုင်းနတ်အသင်းက ဘတ်ဂျက်လျှော့ချရန် ကစားသမားအချို့နှင့် နှစ်ဦးသဘောတူလမ်းခွဲခဲ့ရာ မြတ်ကောင်းခန့်ပါ ပါဝင်ခဲ့ခြင်းဖြစ်သည်။

မြတ်ကောင်းခန့်သည် ချိုင်းနတ်အသင်းနှင့် လမ်းခွဲခဲ့သောကြောင့် ထိုင်းကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် ကြိုးပမ်းနေပြီး အဆင်မပြေပါက မြန်မာနေရှင်နယ်လိဂ်တွင် ပြန်လည်ကစားမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-စိုးညွန့်




# ဗန်ဟားလ်ကို ထုတ်ပယ်ခဲ့ခြင်းဟာ မန်ယူရဲ့ ကြီးမားတဲ့အမှားဟု မန်ယူအသင်းရဲ့ တိုက်စစ်မှူးဟောင်း ရွန်းနီ ပြောကြား

မန်ယူအသင်းအနေနဲ့ နည်းပြ ဗန်ဟားလ်ကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့တာဟာ ကြီးမားတဲ့အမှားတစ်ခုကို ပြုလုပ်ခဲ့တာဖြစ်တယ်လို့ မန်ယူအသင်းရဲ့ တိုက်စစ်မှူးဟောင်း ရွန်းနီက ပြောကြားခဲ့ပါတယ်။



နည်းပြ ဗန်ဟားလ်ရဲ့လက်ထက်မှာ မန်ယူအသင်းအတွက် အကောင်းဆုံးရလဒ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တာကြောင့် နယ်သာလန်နိုင်ငံသား ဗန်ဟားလ်ကို မန်ယူအသင်းရဲ့ အကောင်းဆုံးနည်းပြတွေထဲက တစ်ဦးအပါအဝင်အဖြစ် တိုက်စစ်မှူး ရွန်းနီက အသိအမှတ်ပြုခဲ့တာ ဖြစ်ပါတယ်။

ဗန်ဟားလ်ဟာ အေဂျက်အသင်း၊ ဘာစီလိုနာအသင်း၊ နယ်သာလန်အသင်း၊ ဘိုင်ယန်မြူးနစ်အသင်းနဲ့ မန်ယူအသင်းတို့မှာ နည်းပြအဖြစ်နဲ့ တာဝန်ယူခဲ့တာဖြစ်ပြီး ၂၀၁၄ ခုနှစ်မှာ မန်ယူအသင်းကို ရောက်ရှိလာခဲ့ပြီး အင်္ဂလန်အသင်းခေါင်းဆောင် ရွန်းနီနဲ့ တွဲဖက်ကာ မန်ယူအသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့ကာ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီမှာ အက်ဖ်အေဖလားကို ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

# မန်ယူကွင်းလယ်ကစားသမား ပေါ့ဘာကို ဂျူဗင်တပ်အသင်းက ပြန်လည်ခေါ်ယူမည်




ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် မူဆယ်မြို့၊ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့တို့မှ စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထားခရီးစဉ်ဖြင့် မေ ၆ ရက်မှစတင် ပို့ဆောင်ပေးလျက်ရှိရာ မေ ၁၇ ရက်တွင် နေရပ်ပြန်ပြည်သူ အမျိုးသား ၂၃၃ ဦး၊ အမျိုးသမီး ၁၇၅ ဦး စုစုပေါင်း ၄၀၈ ဦးအား စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၄၀၈ ဦးတွင် မကွေးတိုင်းဒေသကြီးမှ ၈၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၈၄ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၄၂ ဦး၊ နေပြည်တော်မှ ငါးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၄၀၊ ကချင်ပြည်နယ်မှ ခြောက်ဦး၊ ချင်းပြည်နယ်မှ ခုနစ်ဦး၊ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❒

ကြေးမုံ အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

### ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။


ကြေးမုံ ယနေ့ ဖတ်စရာ

မိုးကြိုကာလတွင် သဘာဝဘေးအန္တရာယ်များကို သတိပြုစေလို
စာမျက်နှာ » ၆

ကာတာနိုင်ငံ၌ အများပြည်သူကြား နှာခေါင်းစည်း မတပ်သူများကို ထောင်ဒဏ်သုံးနှစ်အထိ အပြစ်ပေးမည်
စာမျက်နှာ » ၁၁

အမြန်ခြေရာခံခြင်း၊ စမ်းသပ်စစ်ဆေးခြင်းက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကို များစွာလျော့နည်းစေခဲ့ဟု တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း ပြော
စာမျက်နှာ » ၁၂

တရုတ်နိုင်ငံမှ နိုင်ငံတကာသို့ တင်ပို့သည့် နှာခေါင်းစည်းအရေအတွက် ဘီလီယံ ၅၀ ကျော်ရှိပြီဖြစ်
စာမျက်နှာ » ၁၃

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်း နည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသား နည်းပြကို ခန့်အပ်ရန် စီစဉ်
စာမျက်နှာ » ၂၆

ကြေးမုံ အထူးကဏ္ဍ
မေ ၁၈၊ ၂၀၂၀ (တနင်္လာနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# ပြည်သူများအားလုံး ပါဝင်နိုင်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ကြိုးပမ်းဖော်ဆောင်နေသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

သတင်းဆောင်းပါး - သီသီမင်း၊ ဓာတ်ပုံ - တင်စိုး(ပဲခူး)

**ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုး တိုးတက်မှုရရှိစေမည့် မြို့ပြကျေးလက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး မဟာဗျူဟာများ၊ ဒေသန္တရစီမံကိန်းများကို နိုင်ငံတော်အစိုးရမှ ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။**



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း

"စတုတ္ထ (၁) နှစ်တာကာလမှာ နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေနဲ့အညီ အထူးသဖြင့် ၂၀၃၀ အတွင်းချမှတ်ထားတဲ့ တိုးတက်ပြောင်းလဲရေးတွေကို အခြေခံတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ ညွှန်ကြားချက်နဲ့အညီ တိုင်းဒေသကြီးလွှတ်တော်နဲ့ ပေါင်းစပ်ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေကို အခြေပြုပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြောသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် စတုတ္ထ (၁) နှစ်တာကာလအတွင်း အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး စသည့် မဏ္ဍိုင်ကြီး (၃) ရပ်အပြင် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများကို အလေးထားဆောင်ရွက်ခဲ့သည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဦးစားပေးကဏ္ဍများအနေဖြင့် (၁) လျှပ်စစ်ဓာတ်အားပိုမိုရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးလက်မြို့ပြဖွံ့ဖြိုးရေးကဏ္ဍများ၊ (၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ (၃) စက်မှုကဏ္ဍ (အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ)၊ (၄) အထူးစီးပွားရေးဇုန်များ ပေါ်ထွန်းလာရေး၊ (၅) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ (၆) ကုန်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေး၊ (၇) လယ်ယာမြေ သစ်တောနှင့် အခြားသဘာဝသယံဇာတများ စီမံခန့်ခွဲမှု၊ (၈) ဒေသတွင်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မြင့်မားရေး၊ (၉) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ (၁၀) အခွန်အကောက်များ စနစ်တကျမှန်ကန်စွာ ကောက်ခံရရှိရေး၊ (၁၁) အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အဂတိလိုက်စားမှုများ တိုက်ဖျက်ရေးကဏ္ဍ၊ (၁၂) ပါဝင်ပတ်သက်သူများ Stake-holders များနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်မြင့်မားရေး စသည့်ကဏ္ဍများကို ဆောင်ရွက်လျက်ရှိသည်။

### အုပ်ချုပ်ရေးမဏ္ဍိုင်

အုပ်ချုပ်ရေးမဏ္ဍိုင်၏ ပြုပြင်ပြောင်းလဲရေးအတွက် အစိုးရအဖွဲ့ ဖွဲ့စည်းပုံအရ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးဌာနအား ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ထို့ပြင် အခြေခံကျသော ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများအတွက် စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများကို မြို့နယ်အသီးသီးတွင် ပို့ချနိုင်ခဲ့သည်။ ဒီမိုကရေစီနှင့် ပတ်သက်သော အလေ့အကျင့်ကောင်းများ တိုးတက်စေရန် ပြည်သူလူထုတွေ့ဆုံပွဲများ၊ ဒေသဖွံ့ဖြိုးရေးခရီးစဉ်များနှင့် ဌာနဆိုင်ရာ အစည်းအဝေးများကို လိုက်နာကျင့်သုံးရေး ဆွေးနွေးပြောကြားနိုင်ခဲ့သည့်အပြင် တိုင်းဒေသကြီးအတွင်း Citizen Budget သုံးစွဲမှုနှင့် ပတ်သက်ပြီး Bago Region Government Website ၌ လွှင့်တင်နိုင်ခဲ့သည်။

### တရားစီရင်ရေးမဏ္ဍိုင်

တရားစီရင်ရေးမဏ္ဍိုင်၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ငါးနှစ်တာ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈ - ၂၀၂၂) ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်အနေဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် ပြည်သူကိုဗဟိုပြုသော ဥပဒေအထောက်အကူပြုရုံးများ ဖွင့်လှစ်ခြင်း၊ တရားရုံးသို့ လာရောက်သောအမှုသည်များ၊ ပြည်သူများ တရားရုံး၏သတင်းအချက်အလက်များကို အလျင်အမြန် သိရှိနိုင်စေရန်အတွက် ရုံးတိုင်းတွင် Information Counter များ ဖွင့်လှစ်ပေးခြင်း၊ အမှုများ တရားစွဲတင်ရာတွင် အဆင်ပြေ ချောမွေ့လွယ်ကူစေရန်အတွက် Intake Counter များ ထားရှိဆောင်ရွက်ခြင်းတို့ကို ရုံးပေါင်း ၃၃ ရုံးတို့တွင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ တရားရုံးအသုံးပြုသူများ ဝန်ဆောင်မှုသင်တန်းကို ၂၁-၁၂-၂၀၁၉ ရက်နေ့နှင့် ၂၂-၁၂-၂၀၁၉ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၌ တာဝန်ရှိသူများက ပို့ချဆောင်ရွက်ခဲ့သည်။ ထို့ပြင် မီဒီယာများ တရားရုံးသတင်းရယူရာတွင် လွယ်ကူ

အထူးကဏ္ဍ [ ခ] သို့ »»

**စတုတ္ထ (၁)နှစ်တာကာလအတွင်း အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး စသည့် မဏ္ဍိုင်ကြီး (၃)ရပ်အပြင် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများကို အလေးထား ဆောင်ရွက်ခဲ့**



ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးရွာများသို့ ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

လျင်မြန်စေရန်အတွက် တရားရုံးတိုင်းတွင် Court Information Officer– CIO တစ်ဦးစီ ခန့်အပ်ထားရှိပြီး Media Room များ သတ်သတ်မှတ်မှတ် ထားရှိဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ဥပဒေပြုရေးမဏ္ဍိုင်**

ဥပဒေပြုရေးမဏ္ဍိုင်၏ ပြုပြင်ပြောင်းလဲမှုအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေနှင့်အညီ အများပြည်သူအတွက် အထောက်အကူပြုနိုင်စေရန် ဥပဒေအထောက်အကူပြုအဖွဲ့များကို တိုင်းဒေသကြီး/ ခရိုင် ၄ ခရိုင်နှင့် မြို့နယ် ၂၈ မြို့နယ်တို့တွင် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ စတင်ဆောင်ရွက်လျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အဆိုပါအဖွဲ့များအတွက် ရုံးများ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ယခု ပဲခူးတိုင်းဒေသကြီး မြေယာခွန်ဥပဒေနှင့် တိုင်းဒေသကြီး အကျိုးတူ ပူးပေါင်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်းဥပဒေတို့ကို တိုင်းဒေသကြီးလွှတ်တော်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်သည်။

**တရားဥပဒေစိုးမိုးရေး**

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်သူလူထုတစ်ရပ်လုံး တရားဥပဒေစိုးမိုးရေး၊ တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုအောက်တွင် ချမ်းမြေ့သာယာပျော်ရွှင်စွာ နေထိုင်စားသောက်နိုင်ရေးအတွက် မှုခင်းများ အမြန်ဖော်ထုတ်အရေးယူပြီး ပြစ်မှုကျူးလွန်သူများ ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များရရှိရေးအတွက် တရားစွဲတင်ပို့ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ စတုတ္ထ (၁) နှစ်တာကာလအတွင်း ၁-၁-၂၀၁၉ ရက်နေ့မှ ၃၁-၁၂-၂၀၁၉ ရက်နေ့အထိ အမှုကြီး အမျိုးအစား ၁၀ မျိုးမှ အမှုပေါင်း ၃၀၆ မှုကို စုံစမ်းဖော်ထုတ်စစ်ဆေးပြီး တရားစွဲ တင်ပို့နိုင်ခဲ့သည်။ မူးယစ်ဆေးဝါး နှိမ်နင်းရေးအနေဖြင့် ၁-၁-၂၀၁၉ ရက်နေ့မှ ၃၁-၁၂-၂၀၁၉ ရက်နေ့အထိ ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းဖြူ၊ ဘိန်းစိမ်း၊ အိုက်စ်နှင့် ကက်တမင်း စသည့် မူးယစ်ဆေးဝါးများနှင့် ဆက်စပ်တရားခံပေါင်း ၂၃၆ ဦး ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

ထို့ပြင် မူးယစ်ဆေးဝါး အသိပညာပေးဟောပြောခြင်းကို အခြေခံပညာကျောင်းများတွင် (၁၀၅)ကြိမ် ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပြီး လူမှောင်ခိုကာကွယ်တားဆီးရေးနှင့် လူကုန်ကူးမှု အသိပညာပေး ဟောပြောပွဲလုပ်ငန်းများကို (၇၃)ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေး**

တိုင်းဒေသကြီးအတွင်းရှိ မြို့ပြကျေးလက်ဒေသ ဆက်သွယ်သွားလာမှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ပြီး တိုင်းဒေသကြီး ရန်ပုံငွေမှ ၅၀ ရာခိုင်နှုန်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေး၊ ကုန်ထုတ်လမ်းများနှင့် တံတားများ တည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကျေးလက်ဒေသ သောက်သုံးရေရရှိရေး၊ မဟာ




စစ်တောင်းမြစ်ကူးတံတား တည်ဆောက်နေမှုကို တွေ့ရစဉ်။

ဓာတ်အားလိုင်းပြင်ပ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသ အိမ်ရာတည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်နိုင်ရန် အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးရေးလုပ်ငန်း ဆောင်ရွက်ခြင်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း ၄၆၃၈ ဒသမ ၄၃၆၈ သန်းကျော် အသုံးပြုပြီး ကျေးလက်လမ်းအရှည် ၉၃/၇ ဒသမ ၉၉ မိုင်ကျော်နှင့် ကျေးလက်ကုန်ထုတ်တံတား ၁၃၃ စင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကျေးလက်မီးလင်းရေး အိမ်သုံးဆိုလာစနစ်အနေဖြင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၁၀ ဒသမ ၆၈၄၉ သန်း အသုံးပြုပြီး ကျေးရွာ ၁၅ ရွာရှိ အိမ်ထောင်စု ၅၂၇ စုအတွက် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် ကျေးလက် ရေရရှိရေး လုပ်ငန်းများအတွက် ရေတွင်းရေကန်စသည့် လုပ်ငန်းပေါင်း ၃၃၂ ခုကို ငွေကျပ်သန်းပေါင်း ၃၃၅၁ ဒသမ ၆၂၇၀ အသုံးပြုဆောင်ရွက်လျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်မီးလင်းရေးကဏ္ဍများ ဖြည့်ဆည်းဆောင်ရွက်ရာတွင် အစိုးရအဖွဲ့အနေဖြင့် Budget အနေအထား၊ စီမံကိန်းအနေအထားအလိုက် ဆောင်ရွက်ပေးရာတွင် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၁၀၅/၇ ဒသမ ၁၇၇ မိုင်၊ ကတ္တရာလမ်း ၁၁/၆ ဒသမ ၈၆ မိုင်၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၇/၅ ဒသမ ၂၅ မိုင်၊ ကျောက်လမ်း ၁၃၆/၃ ဒသမ ၂၂၂ မိုင်၊ ဂျင်း/ဂဝံလမ်း ၁၄၈/၄ ဒသမ ၀၁ မိုင်၊ မြေသားလမ်း ၅၂/၇ ဒသမ ၂၄၈ မိုင် စုစုပေါင်း လမ်းမိုင်ပေါင်း ၄၆၃/၁ ဒသမ ၇၆၇ မိုင်နှင့် တံတားအစင်း ၁၆၀ ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးသည် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်သို့ ဆက်သွယ်သည့် လမ်းမကြီးများ၊ မီးရထားလမ်းပိုင်းများနှင့် ရေလမ်းကြောင်းဖြစ်သည့် ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် ဆက်သွယ်သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေး အချက်အချာကျသည့် တိုင်းဒေသကြီးလည်း ဖြစ်သည်။

ထို့အတွက် မီးရထားလမ်းပိုင်း ပြုပြင်မှုအနေဖြင့် JICA နှင့် ပူးပေါင်းဆောင်ရွက်နေပြီး ညောင်လေးပင်မှ စတင်ပြုပြင်နေသည်။ အာဆီယံလမ်းမအနေဖြင့် ဝေါ - ပဲခူး - ရန်ကုန်မြို့ လမ်းနှင့် စစ်တောင်းမြစ် ဖြတ်ကူးတံတားကြီးများ ဆောက်လုပ်နေသည့်အတွက် ကရင်၊ ကယား၊ မွန်၊ ရန်ကုန်တို့နှင့် ဆက်သွယ်မှု ပိုမိုကောင်းမွန်လာမည် ဖြစ်သည်။

မီးလင်းရေးလုပ်ငန်းများတွင် တိုင်းဒေသကြီးအတွင်း ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် NEP (၂)မိုင်အတွင်း ကျေးရွာပေါင်း ၁၄၆၀၊ ဆိုလာစနစ် ၂၄၁၀ ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် NEP (၂)မိုင်အတွင်း ကျေးရွာ ၁၂ ရွာ၊ NEP (၅)မိုင်အတွင်းကျေးရွာ ၁ ရွာ၊ NEP (၅)မိုင်အထက် ကျေးရွာ ၆ ရွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မြို့နယ်များတွင် စည်ပင်သာယာရေးအဖွဲ့များရှိပြီး မြို့နှင့် ကျေးရွာများတွင် စည်ပင်သာယာရေးအဖွဲ့များ မရှိသည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကော်မတီများ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး အရည်အသွေးပြည့်မီရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအောက်တွင် Bago Region Construction Board (BRCB(T)) အဖွဲ့ QC အဖွဲ့များဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

**ကျန်းမာရေးကဏ္ဍ**

ပြည်သူ့ကျန်းမာရေး ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး ပြည်သူများ ကိုယ်တိုင်ကျခံသုံးစွဲရသည့် ကျန်းမာရေးဆိုင်ရာ ငွေကြေးအခက်အခဲများ လျော့နည်းကျဆင်းစေရန် ဆောင်ရွက်ခြင်း၊ ပြည်သူ့ဆေးရုံများတွင် နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေးနှင့် အရည်အသွေးပြည့်ဝသော ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ပဲခူးဆေးရုံကြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးနိုင်ခဲ့မှုများအနေဖြင့် ခုတင် (၅၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်နိုင်ခဲ့သည့်အတွက် ဆေးကုသဌာန ၁၇ ခုမှ ၂၇ ခုအထိ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

ပဲခူး ပြည်သူ့ဆေးရုံဝင်းအတွင်း အောင်သုခဓမ္မရိပ်သာ ဆရာတော်ကြီး၏ လှူဒါန်းငွေဖြင့် (၄)ထပ် တိုးချဲ့ လူနာဆောင်တစ်ဆောင်ကို ဆောက်လုပ်ခဲ့ရာ ၇၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးခဲ့ပြီး ဆက်လက်၍လည်း ပဲခူးမြို့နယ် ကလိကျေးရွာအုပ်စုရှိ မြေဧရိယာ ၂၅ ဧကပေါ်တွင် (၆)ထပ်ဆေးရုံ အဆောက်အအုံကို နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၄၀၀ ဖြင့် စတင်ဆောက်လုပ်ခဲ့ရာ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဆေးရုံလုပ်ငန်းများ ဆောင်ရွက်ရာ၌ ထိရောက်ကောင်းမွန်သော အကြံဉာဏ်ကောင်းများနှင့် အထောက်အကူများ ရရှိစေနိုင်ရန်နှင့် ပြောင်းလဲလာသော ခေတ်စနစ်နှင့် ညီညွတ်စေရန် ဖွဲ့စည်းထားသော ဆေးရုံအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ သွေးလှူရှင်များအသင်း၊ ပရဟိတအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများနှင့် အမျိုးသမီးရေးရာအဖွဲ့များ စသည့် လူမှုရေးအသင်းအဖွဲ့များနှင့်ချိတ်ဆက်ပြီး သွေးလှူဒါန်းခြင်းလုပ်ငန်းများ၊ မျက်စိခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ၊ ဆေးရုံတက်ရောက်ကုသနေသော လူနာများ အာဟာရဒါန ကျွေးမွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၉ ခုနှစ်အတွင်း ကြို့ပင်ကောက်၊ ညောင်လေးပင်နှင့် ပေါင်းတည်မြို့တို့တွင် (၁၆) ခုတင်ဆံ့ တိုက်ရင်းဆေးရုံများ ဖွင့်လှစ်နိုင်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၄) နှစ်တာကာလအတွင်း ခုတင်(၅၀)ဆံ့ ဆေးရုံ ၁ ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်ရင်းဆေးရုံ ၅ ရုံနှင့် တိုက်ရင်းဆေးဌာန ၁ ခုတို့ကို ဖွင့်လှစ်နိုင်ခဲ့သည်။

"တိုင်းဒေသကြီးအတွင်းမှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တွေမှာ ကျန်းမာရေးကြီးကြပ်မှုကော်မတီတွေ ဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြောသည်။

**ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ**

ပဲခူးတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဲခူးခရိုင်တွင် ဟိုတယ်တစ်လုံး၊ ပြည်ခရိုင်တွင် ဟိုတယ်လေးလုံး၊ တောင်ငူခရိုင်တွင် တစ်လုံး၊ စုစုပေါင်း ခြောက်လုံး တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ် (၄၅)ကို သင်တန်းသား သင်တန်းသူ ၈၄ ဦးဖြင့် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဲခူးဒေသတွင် ဟိုတယ် ၂ လုံး၊ ပြည်ဒေသတွင် ဟိုတယ် ၇ လုံး စုစုပေါင်း ၉ လုံး တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့၍ စုစုပေါင်း ဟိုတယ် ၈၂ လုံး၊ အခန်းပေါင်း ၂၀၉၇ ခန်းအထိ တိုးတက်လာပြီး ပြည်တွင်းပြည်ပ တည်းခိုမှုနှင့် ဝင်ငွေရရှိမှာ ငွေကျပ် ၂၃၅၂၈ ဒသမ ၀၄ သန်းအထိ တိုးတက်ရရှိခဲ့သည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ထင်ရှားသည့် ဟံသာဝတီမြို့ဟောင်း ကျုံးမြို့ရိုးတူးဖော်သည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် ရွှေကျင်မြို့နယ်တွင်ရှိသည့် ကျိုက်ထီးရိုးလေးစေတီကို ဘုရားဖူးခရီးသွားပြည်သူများ ဖူးမြော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း နိုင်ငံခြားသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ခရီးစဉ်သစ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရေတာရှည်မြို့နယ် နန်ချွန်ကျေးရွာအနီး အမှတ်(၁)မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်းအတွင်းရှိ ဒုတိယ ကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သော စစ်သုံးလေယာဉ်ကွင်းငယ်နှင့် မြေကတုတ်များ တူးဖော်ဆောင်ရွက်၍ ခရီးစဉ်တစ်ခုအဖြစ် တိုးချဲ့ပြသနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ပြည်ခရိုင်အတွင်းရှိသရေခေတ္တရာ ပျူမြို့ဟောင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၊ အိုးလုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ ပန်းပုလုပ်ငန်း စသည့် လက်မှုလုပ်ငန်းများ လေ့လာရန်နေရာများအပြင် ရေလမ်းခရီးဖြင့် သွားလာရာတွင် ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းရှိ ပြည်မြို့နှင့် အနောက်ဘက်ခြမ်းရှိ ပန်းတောင်းမြို့နယ် (ရွှေဘုံသာမုနိ)ကမ်းနှစ်ဖက်နေရာနှင့် မိုးယွန်းကြီးအင်းအတွင်းရှိ ဇီဝမျိုးကွဲ သားငှက်တိရစ္ဆာန်နှင့် ဘေးမဲ့တောအတွင်း လေ့လာနိုင်ရန် အနီးဝန်းကျင်ကျေးရွာများတွင် လူထုအခြေပြု ခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**သယံဇာတ၊ သစ်တော၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ**

သစ်တောကဏ္ဍအနေဖြင့် အာရှဒေသအဆင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာရေးသင်တန်းကျောင်း (AfoCo RETC)တွင် ဒေသခံပြည်သူ့ဖွံ့ဖြိုးမှု အစီအစဉ်အရ ဒေသခံပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးလက်မှုပစ္စည်းများ ပြုလုပ်နည်းသင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

အထူးကဏ္ဍ [ ဂ ] သို့ »»»

**ကျေးလက်မီးလင်းရေး အိမ်သုံးဆိုလာစနစ်အနေဖြင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၁၀ ဒသမ ၆၈၄၉ သန်း အသုံးပြုပြီး ကျေးရွာ ၁၅ ရွာရှိ အိမ်ထောင်စု ၅၂၇ စုအတွက် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် ကျေးလက် ရေရရှိရေးလုပ်ငန်းများအတွက် ရေတွင်းရေကန်စသည့် လုပ်ငန်းပေါင်း ၃၃၂ ခုကို ငွေကျပ်သန်းပေါင်း ၃၃၅၁ ဒသမ ၆၂၇၀ အသုံးပြု ဆောင်ရွက်လျက်ရှိ**

»»» အထူးကဏ္ဍ [ ခ ] မှ



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသို့ စက်ယန္တရားများ ပေးအပ်ပွဲ တက်ရောက်စဉ်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မင်းတိုင်ပင်နှင့် ညောင်ရွှေမြို့နယ်တို့တွင် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည့် ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းနှင့် လူထုအခြေပြု ခရီးသွားလုပ်ငန်းများသို့ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်တို့မှ ဒေသခံပြည်သူ ၁၀ ဦးကို သွားရောက်လေ့လာခွင့်ပြုခဲ့သည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့် ပဲခူးမြို့နယ်အတွင်း ပရတိုင်းရင်းဆေးပင်များ ဥယျာဉ်ခြံကို ဖွင့်လှစ်နိုင်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း သစ်တောဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့နှင့် Helvetas ၊ NAG နှင့် IUCN တို့ ပူးပေါင်း၍ မုတ္တမပင်လယ်ကွေ့စီမံခန့်ခွဲမှုစီမံကိန်း (Gulf of Mottama Management Plan Project) (2015–2024) ကို သက်ဆိုင်ရာဌာနများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ကမ်းပါးပြိုမှုကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်မှု လေ့လာဆန်းစစ်ခြင်း၊ သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအသိပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ သောက်ရေကန်များ တူးဖော်ခြင်းနှင့် သောက်ရေကန်များ အဆင့်မြှင့်တင်ခြင်း၊ ကျေးရွာအဆင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ်လျှော့ချရေး လုပ်ငန်းအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ငါးလုပ်ငန်းနှင့်ပတ်သက်သော အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ပြည်ခရိုင် နတ်မောက်ဆင်စခန်းတွင် ဆင်နှင့် ပတ်သက်သော ဗဟုသုတရစေရန်အတွက် ၂၀၁၉ ခုနှစ် မတ်လ ၅ ရက်တွင် ဆင်ပြတိုက် တစ်ခုကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၏ (၄) နှစ်တာကာလအတွင်း တိုးတက်မှုများအနေဖြင့် ၂၀၁၈ – ၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလအထိ ဆင်စခန်း ၈ ခုမှ ဝင်ငွေကျပ် ၁၆၁၆ ဒသမ ၃၄ သန်း ရရှိခဲ့သည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ**

၂၀၁၈ – ၂၀၁၉ ခုနှစ် နွေစပါးစိုက်ပျိုးလျာထားဧက ၂၃၁၉၈၄ ရှိသည့်အနက် အမှန်စိုက်ပျိုးပြီးစီးမှု ၂၆၉၂၅ ဧကရှိခဲ့ပြီး မိုးစပါးစိုက်ပျိုးလျာထားဧက ၃၃၇၉၇၃ ဧက ရှိသည့်အနက် စိုက်ပျိုးဧက ၃၃၆၇၈၁ ဧကတို့ကို စိုက်ပျိုးနိုင်ခဲ့သည်။ ဂျပန်နိုင်ငံ JICA အကူအညီဖြင့် တောင်ညိုဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အထိ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဆည်ရေသောက်စနစ် ပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းများကို ရေအသုံးပြုသူ တောင်သူများအဖွဲ့ WUG အဖွဲ့များ WUA စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ခဲ့သဖြင့် ၎င်းအဖွဲ့များ၏ ညှိနှိုင်းဦးဆောင်မှုဖြင့် သီးနှံပုံစံချမှတ်ခြင်း၊ ရေစနစ်တကျသုံးစွဲခြင်း၊ ရေအခွန်များပေးဆောင်ခြင်း၊ တူးမြောင်းများပြုပြင်ခြင်း၊ သီးထပ်သီးညှပ်များ အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ခြင်းတို့ကြောင့် ဒေသတွင်း တောင်သူလယ်သမားများ လူမှုဘဝတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၈–၂၀၁၉ ခုနှစ်တွင် ညောင်လေးပင်မြို့နယ် ရှမ်းရွာစုအနီး ဝေါပတောချောင်း ရေလွှဲပြွန်တပ်ဆင်ခြင်း၊ စရစ်ဆန်ရေနုတ်မြောင်း ပေပေါင်း ၆၀၀ တွင် Cheak Star Chure တည်ဆောက်ခြင်းနှင့် ပြည်မြို့နယ် မတောက်တလယ်ယာ မြောင်းမကြီးတွင် တံတားတစ်စင်း တည်ဆောက်ခဲ့သည်။ ပဲခူးမြို့နယ်အတွင်းရှိ ဆည်များအတွင်းမှ နွေစပါးစိုက်ပျိုးရေးအတွက် ရေပေးဝေမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေတာရှည်မြို့နယ် ဆွာချောင်းပိတ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရန်အတွက် ကဝမြို့နယ်ရှိ တာထမ်းဘိုးများ တူးဖော်ခြင်း၊ ကန်အောင်ချောင်း ပိတ်တမံပြုလုပ်ခြင်း၊ အောင်မေတ္တာရေငန်တာတမံ လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ အော်ဂဲနစ်စိုက်ခင်းများ စိုက်ပျိုးခြင်း၊ အော်ဂဲနစ်စိုက်ဧက ၁၁၉ ဧကနှင့် အော်ဂဲနစ်စက်ကိရိယာ အရောင်းဆိုင် ၂၁ ဆိုင် ဖွင့်လှစ်နိုင်ခဲ့ပြီး စိုက်ပျိုးရေး သင်တန်းကျောင်း ၉ ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း ခေတ်အဆက်ဆက်ရှိခဲ့သည့် မြေယာပြဿနာများကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံတော် မူဝါဒအရ ၁၉၈၈ ခုနှစ်နောက်ပိုင်း မြေသိမ်းဆည်းမှုပြဿနာများ ဦးစားပေးရှင်းလင်းပေးလျက်ရှိပြီး မြေ/စစ်မူဝါဒ (၅၂) ချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိအချိန်ထိ ဗဟိုမြေ/စစ်မှ ပေးပို့သည့် အမှုတွဲ ၈၅၈ တွဲအနက် (၄၁၉+ ၈၈) ၅၀၇ တွဲ ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိသည့်အမှုတွဲ ၃၅၁ တွဲ အပြီးပြတ်ဖြေရှင်းပေးရန် တစ်ပတ်တစ်ကြိမ် အစည်းအဝေးများ ပြုလုပ်လျက်ရှိသည်။ ထို့ပြင် တိုင်းမြေ/စစ်နှင့် အခြားအဖွဲ့ထံ တိုင်ကြားသည့် အမှုတွဲ ၈၂၂ တွဲကို စိစစ်ဆောင်ရွက်လျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း မြေယာအယူခံဝင်ရောက်သည့် အငြင်းပွားမှုပေါင်း ၁၉၂ မှ လက်ခံထားရှိခဲ့ပြီး တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပြီးစီးသည့် အမှုတွဲပေါင်း ၁၂၅ တွဲ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်သဖြင့် ဖြေရှင်းရန်ကျန် အမှုတွဲပေါင်း ၆၇ တွဲသာ ကျန်ရှိကြောင်းနှင့် ကျန်ရှိသည့် အမှုအပေါ် တိုင်းဒေသကြီးလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လစဉ်(၁)လ တစ်ကြိမ် အစည်းအဝေးခေါ်ယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ စီမံချက်ချမှတ်ထုတ်ပေးထားရှိခဲ့ရာတွင် ပုံစံ(၇)များ ပြင်ဆင်ခြင်းများ၊ ဖျက်ထားခြင်းများ၊ မှားယွင်းထုတ်ပေးထားရှိကြောင်း တိုင်ကြားစာများနှင့် ပတ်သက်၍ တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက်ပုံစံ(၇) စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့် ပတ်သက်၍ အခြားကြုံတွေ့ရသည့် ပြဿနာများမှ သမဝါယမဦးစီးဌာန မြေလွှဲပြောင်းအသုံးချမှုပြဿနာ၊ သစ်တောကျူးပြဿနာ၊ တခြားအာဏာပိုင်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများမှ သိမ်းဆည်းမှုပြဿနာ၊ ၄/၇၈ အရ သိမ်းဆည်းခံရမှု ရှင်းလင်းရမှု အများဆုံးဖြစ်ပြီး အောက်ခြေတွင်ရှိသည့် ဝန်ထမ်းများ၏ အားနည်းချက်များကြောင့် ဖြေရှင်းပေးရသည့် ပြဿနာများရှိကြောင်း သိရသည်။

**စည်ပင်သာယာရေးကဏ္ဍ**

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြို့ပြတံတားကွန်ကရစ် ၁၀၆ စင်းကို ငွေကျပ်သန်းပေါင်း ၅၂၅ ဒသမ ၀၅၉၈ သန်းနှင့် မြို့ပြရေပေးရေးလုပ်ငန်းအနေဖြင့် စက်ရေတွင်း ၄ ခု၊ အခြား ၂၃ ခု စုစုပေါင်း ၂၇ ခုအတွက် ငွေကျပ်သန်းပေါင်း ၉၈ ဒသမ ၅၈၅၀၀ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မြို့ပြလမ်းများအနေဖြင့် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်လွန်ကတ္တရာ (၀/ ၃ ဒသမ ၀၂) မိုင်၊ ကွန်ကရစ် (၁၄/၇ ဒသမ ၈) မိုင်၊ ကတ္တရာ (၆၁/၁ ဒသမ ၅၉)မိုင်၊ ကျောက် (၆/၅ ဒသမ ၇၈)မိုင်၊ ဂဝံ (၃၅/၄ ဒသမ ၅၂)မိုင်၊ မြေ(၁/၃ ဒသမ ၈၇) မိုင် စုစုပေါင်း (၁၂၀/၂ ဒသမ ၅၅)မိုင် ငွေကျပ်သန်းပေါင်း ၇၉၈၂ ဒသမ ၈၉၀၁၃၅ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ရှေ့လုပ်ငန်းစဉ်များအနေဖြင့် ပဲခူးမြို့ ကလိတပ်ကလေးကျေးရွာရှိ ရန်ကုန်–မန္တလေး ကားလမ်းဟောင်းနှင့် မြို့ရှောင်လမ်းဆုံရာနေရာတွင် ကလိလက်ကားဈေး (Whole Sale Centre) တည်ဆောက်ရေး စီမံကိန်းကြီးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ**

တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း အလုပ်ရုံ ၁၁၃၀ နှင့် အလုပ်သမား ၂၁၇၃၄၆ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၂၈၈၉ ဒသမ ၇၈ သန်း၊ ၂၀၁၉ ခုနှစ်တွင် အလုပ်ရုံ ၂၀၈ ရုံရှိ အလုပ်သမား ၃၆၈၅၂ ဦးအတွက် ငွေကြေး အကျိုးခံစားခွင့် ငွေကျပ် ၈၆၃ ဒသမ ၂၅ သန်း ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာရန် သက်မွေးပညာကျောင်းများကို ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်းပညာကာလတိုသင်တန်း ၃၆ ကြိမ်၊ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်များ (ဓာတု/ဇီဝ) ဓာတ်ခွဲစမ်းသပ်မှု သင်တန်း ၃၈ ကြိမ်နှင့် မှတ်ပုံတင်လုပ်ငန်း ၁၆၅ ခု ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့ပြင် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်း (၄၄)ကြိမ် ဖွင့်လှစ်ခဲ့ပြီး စားသောက်ကုန် လူသုံးကုန်၊ အလှကုန်များ (ဓာတု/ဇီဝ) ဓာတ်ခွဲမှုစမ်းသပ်မှု ၄၆ ကြိမ်နှင့် မှတ်ပုံတင်လုပ်ငန်း ၆၈ ခု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ရွှေတောင်မြို့တွင် ပေ (၄၀ x ၃၀ x ၃၀) RC (၂)ထပ်သင်တန်းခန်းမ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ပြီး ကာလတိုသင်တန်းနှင့် လက်ရက်ကန်း(၆)လ သင်တန်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

"ပဲခူးတိုင်းဒေသကြီးအတွင်း စက်မှုဇုန်အကြီးကြီးတွေ မရှိသေးတဲ့ချိန်မှာ ပဲခူးမြို့စက်မှုနယ်မြေ၊ ပြည်စက်မှုနယ်မြေ စတဲ့ နေရာတွေအပြင် SME လုပ်ငန်းတွေ တွန်းအားပေးဆောင်ရွက်နေသလို Skill Labour တွေ Electric အခြေခံကျွမ်းကျင်မှု သင်တန်းတွေ ပေးပြီး လူ့စွမ်းအားအရင်းအမြစ်တွေ ပေါ်ထွက်လာအောင် မွေးထုတ်ပေးလျက်ရှိပါတယ်"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြောသည်။

**လျှပ်စစ်ကဏ္ဍ**

ပဲခူးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ကဏ္ဍအနေဖြင့် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဇောင်းတူမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ၃၃ ကေဗွီ ပဲခူး–အဆိပ်တောင် ဓာတ်အားလိုင်း ၂၂ ဒသမ ၆၃ မိုင်အနက် ပထမအဆင့် ၁၀ ဒသမ ၀၃ မိုင် တည်ဆောက်ခြင်း၊ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ အဆိပ်တောင် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ အေးသုခမြို့ ၃၃/၁၁ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတွင် 33 KV Switch Bay (1)Set နှင့် 12 KV Switch Gear Panel များတပ်ဆင်ခြင်း၊ ကျောက်ကြီး–နတ်သံကွင်း ၃၃ ကေဗွီ စစ်တောင်းမြစ်ကျော် ဓာတ်အားလိုင်း ရေတိုက်စားနေမှုကြောင့် Suspension Type Concrete (18) Meter 4–Pole တစ်ခု၊ (12) Meter 4–Pole Tension Type Concrete တစ်ခု ကမ်းပါးမှ နောက်ဆုတ်တည်ဆောက်ခြင်းနှင့် အတူတကွ တစ်ဖက်ကမ်းတွင် (18) Meter Suspension Type

အထူးကဏ္ဍ [ ဃ ] သို့ »»»



ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဝက်ဘော်ဆင်စခန်းသို့ လာရောက်လေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

Concrete 2-Pole တစ်ခု ရွှေ့တိုးတည်ဆောက်ခြင်း၊ မုန်းမြို့ ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ Control Building (45' x 30') အဆောက်အအုံ Compound Forcing (904') နှင့် Concrete Road (155') တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဖောင်းတူမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ၃၃ ကေဗွီ ပဲခူး-အဆိပ်တောင် ဓာတ်အားလိုင်း ဒုတိယအဆင့် (၁၂)မိုင် တည်ဆောက်ခြင်း၊ သနပ်ပင်-ကဝ ၃၃ ကေဗွီလိုင်း ၁၄ ဒသမ ၅ မိုင်၊ ကဝတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံတည်ဆောက်ခြင်း၊ မုန်းတွင် ၃၃/၁၁ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ ဇရပ်ကြီး-မုန်း ၃၃ ကေဗွီလိုင်း ၁၂ မိုင်တည်ဆောက်ရန် Survey တိုင်းတာခြင်း၊ ဖြူးမြို့ရှိ ၃၃/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ ရေလွတ်ရာသို့ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီးရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၄၄ ဒသမ ၆၄၄ မိုင်၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၅၂ ဒသမ ၆၁ မိုင်နှင့် ၁၁ ဒသမ ၀၄ ကေဗွီ ထရန်စဖော်မာ (၆၄)လုံး တည်ဆောက်ခြင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၇၂ ဒသမ ၉၉ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၄၂ ဒသမ ၀၃၂ မိုင်နှင့် ၁၁ ဒသမ ၀၄ ကေဗွီ ထရန်စဖော်မာအလုံး ၉၀ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီးအတွင်း NEP စီမံကိန်းပါ ကျေးရွာများ လျှပ်စစ်မီးရရှိနိုင်ရေးနှင့် (၅)မိုင်အတွင်း မပါဝင်သော ကျေးရွာများ မီးလင်းရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီး ဝေးလံခေါင်းပါး ဒေသများအတွက် ဆိုလာစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မီးလင်းရေးလုပ်ငန်းများတွင် ပဲခူးတိုင်းဒေသကြီး အတွင်း ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် NEP (၂)မိုင်အတွင်း ကျေးရွာ ၁၄၆၀ ၊ ဆိုလာ ၂၄၁၀၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် NEP (၂)မိုင်အတွင်း ကျေးရွာ ၁၂ ရွာ၊ NEP(၅) မိုင်အတွင်း ၁ ရွာ၊ NEP (၅)မိုင်အထက် (၆)ရွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့ပြင် ပဲခူးမြို့နယ် ကလိကျေးရွာတစ်လျှောက်နှင့် အင်းတကော် မြို့တစ်လျှောက်တွင် လျှပ်စစ်မီးတိုင်များ မီးလင်းနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

### ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများ

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းပေါင်း ၉၉၁ ခုအတွက် ငွေကျပ် ၁၅၂ ဒသမ ၄၇၆ ဘီလီယံ၊ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းပေါင်း ၄၆၁ ခု အတွက် ငွေကျပ် ၈၅ ဒသမ ၀၁၁ ဘီလီယံ စသည်ဖြင့် ဆောင်ရွက်ရန် လျာထားခဲ့ပြီး လက်ရှိအချိန်အထိ တိုင်းဒေသကြီးအတွင်း ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏသည် ၂၀၁၉ ခုနှစ် ဩဂုတ်လအထိ စုစုပေါင်း ၁၀၀ ရှိကာ စက်မှုကဏ္ဍရင်းနှီးမြှုပ်နှံမှုသည် ၈၁ ခုရှိပြီး အများဆုံးဖြစ်သည်။ စက်မှုလက်မှုလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပဲခူးမြို့နယ် ကလိတပ်ကလေးနှင့် ပြည်မြို့နယ်တို့တွင် အိမ်ရာစီမံကိန်းများ ဖော်ထုတ်ခြင်း၊ Town Plan ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏအနေဖြင့် ကဏ္ဍ ၁၂ ခုတွင် အရေအတွက် ၁၁၃ ခုမှ အမေရိကန်ဒေါ်လာ ၁၉၇၁ ဒသမ ၉၅၅ သန်းနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအရေအတွက် ၃၉ ခုမှ တန်ဖိုးငွေကျပ် ၉၅၃ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမှုရှိသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် စက်မှုကဏ္ဍ၌ လုပ်ငန်း ၉၃ ခုမှ အမေရိကန်ဒေါ်လာ သန်း ၁၅၈၄ ဒသမ ၆၆၆ သန်းနှင့် အများဆုံးဖြစ်ပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု၌ စက်မှုဇုန်တည်ဆောက်ရေးကဏ္ဍတွင် လုပ်ငန်း (၄)ခုမှ ငွေကျပ်ဘီလီယံ ၃၈၆၂၂၇ ဒသမ ၇၆၀ ကျော် အများဆုံးရင်းနှီးမြှုပ်နှံလျက်ရှိသည်။

"ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ စက်မှုလက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေမှာ အများဆုံးဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ စက်မှုဇုန်အကြီးကြီးတွေ မရှိသေးချိန်မှာ ပဲခူးမြို့စက်မှုနယ်မြေ၊ ပြည်စက်မှုနယ်မြေစတဲ့နေရာတွေအပြင် SME လုပ်ငန်းတွေ တွန်းအားပေးဆောင်ရွက်နေသလို Skill Labour တွေနဲ့ Electric အခြေခံကျွမ်းကျင်မှု သင်တန်းတွေပေးပြီး လူ့စွမ်းအားအရင်းအမြစ်တွေ မွေးထုတ်ပေးလျက်ရှိပါတယ်"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

### သဘာဝဘေးကာကွယ်ရေး

တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုနှင့် သဘာဝဘေးကာကွယ်ရန်အတွက် မိုးရာသီတွင် မြစ်ရေမြင့်တက်မှုကြောင့် တာများကျိုးပေါက်ခြင်းနှင့် တာများတွင် အုတ်သံရိုက်၍ အုတ်မြစ်များချခြင်း၊ ရေမြုပ်ရေလွှဲတန်းပြုလုပ်ခြင်း၊ မိုးတာတည်ဆောက်ခြင်း၊ တာကျိုးပေါက်ကာ ယာယီပိတ်ဆို့ခြင်း လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေဖြင့် ပဲခူးခရိုင်တွင်(၁)ခု၊ တောင်ငူခရိုင်တွင် (၁)ခု စုစုပေါင်း(၂)ခု ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးရန်ပုံငွေဖြင့် ပဲခူးခရိုင်တွင် (၇)ခု၊ တောင်ငူခရိုင်တွင် (၁)ခု၊ သာယာဝတီခရိုင်တွင်(၂)ခု၊ ပြည်ခရိုင်တွင်(၁)ခု စုစုပေါင်း (၁၁)ခု ဆောက်လုပ်ပေးခဲ့ပြီး ငွေကျပ်သန်း ၃၃၄ ဒသမ ၅၃၈ သန်းဖြင့် သဘာဝဘေးအန္တရာယ်ဆောင်ရွက်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရေတာရှည်မြို့နယ် အင်ဒိုင်း-နှောပင်ကျေးရွာ စစ်တောင်းမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ထန်းတပင်မြို့နယ်အတွင်းရှိ ချောင်းဝ-ပဲပုတ်ကျေးရွာ စစ်တောင်းမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၀၂၉ ဒသမ ၁၅ သန်းဖြင့် ဆောင်ရွက်ပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မီးဘေး ၄၉ ကြိမ်၊ ရေဘေး ၅၉ ကြိမ်၊ လေဘေး ၂၇၃ ကြိမ်၊ မိုးကြိုးဘေး ၂၅ ကြိမ်၊ ကမ်းပြိုဘေး ၆၈ ကြိမ်နှင့် အခြားဘေး ၃ ကြိမ် စုစုပေါင်း ၄၇၇ ကြိမ်ဖြစ်ပွားခဲ့မှုတွင် အိမ်ခြေ/အိမ်ထောင်စု ၂၈၉၁၃ စုမှ လူဦးရေ ပေါင်း ၇၆၀၉၉ ဦးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ပစ္စည်း တန်ဖိုးငွေကျပ် ၉၉၁ ဒသမ ၁၆၅၆၄ သန်းနှင့် အထောက်အကူပြုပစ္စည်းများနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာရန်ပုံငွေမှ လမ်းခင်းခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများအတွက် ငွေကျပ် ၁၄၁၄ ဒသမ ၇၂၇၆၆၄ သန်း စုစုပေါင်း ငွေကျပ် ၇၈၂၀ ဒသမ ၈၄၅၃၂၈ သန်း ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခဲ့သည်။

သဘာဝဘေး ဖြစ်ပွားခဲ့မှုများတွင် ရေဘေး/လေဘေးအတွက် ၄၂၅ ကြိမ် ထောက်ပံ့ပေးနိုင်ခဲ့ပြီး သဘာဝဘေးကာကွယ်တားဆီးရေးအတွက် မြစ်ချောင်းကမ်းပါး ထိန်းသိမ်းခြင်းလုပ်ငန်း (၅)ခုအတွက် ငွေကျပ် ၁၁၄၉ ဒသမ ၆၇၄ သန်း သုံးစွဲဆောင်ရွက်ခဲ့သည်။ ဆွာရေလှောင်တမံပြိုပျက်မှုကြောင့် ထိခိုက်ပျက်စီးသွားသည့် ကျွန်းတောစုကျေးရွာကို ပြောင်းရွှေ့ပြီး ကျွန်းတောစုရွာသစ်တွင် အိမ်ခြေ ၁၇၅ လုံးနှင့် ဆွာမင်းလမ်းကျေးရွာတွင် အိမ်ခြေ ၁၉ လုံး ဆောက်လုပ်ပေးနိုင်ခဲ့သည်။

### စီမံကိန်းရေးဆွဲ

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အနေဖြင့် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကို နှစ်အလိုက်ဈေးနှုန်းအရ ငွေကျပ် ၈၅၇၂ ဒသမ ၃၁၆ ဘီလီယံ၊ ၂၀၁၅-၂၀၁၆ ခုနှစ် ပုံမှန်ဈေးနှုန်းအရ ၇ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ငွေကျပ် ၈၃၁၃ ဒသမ ၁၂၅ ဘီလီယံဖြင့် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ရည်မှန်းချက်အပေါ် ၉၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ကာ ၆ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေတွင် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)ကို နှစ်အလိုက် ဈေးနှုန်းအရ ငွေကျပ် ၉၄၇၅ ဒသမ ၂၀၁ ဘီလီယံနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍ)တွင် ၂ ဒသမ ၃ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး(စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍ)တွင် ၈ ဒသမ ၅ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍ)တွင် ၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမသုံးလပတ်ကုန်အထိ ငွေကျပ်ဘီလီယံ ၃၃၉၀ ဒသမ ၄၀၉ အကောင်အထည်ဖော်နိုင်ခဲ့ပြီး ရည်မှန်းချက်အပေါ်တွင် ၃၅ ဒသမ ၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီးဖြစ်၍ ယခင်နှစ် အလားတူကာလထက် ၄ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ နှစ်လယ်တွင်ဖြစ်ပေါ်မည့် လူဦးရေခန့်မှန်းချက်အပေါ်မူတည်၍ လူတစ်ဦးချင်းစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၉၁၆၅၀၅ ကျပ် ရရှိရန် မျှော်မှန်းထားသည်။

### လူမှုရေးလုပ်ငန်းများ

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဌာနပိုင်မူကြိုကျောင်း ၉ ကျောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၁၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၈၄ ကျောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၉၄ ကျောင်း၊ Save The Children နှင့် MoU လက်မှတ်ရေးထိုးထားသော ECCD Center ၁၀ ကျောင်းနှင့် ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်း ၈၄ ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကကျောင်း ၅၅ ကျောင်း တည်ဆောက်ခွင့်ပြုမိန့် ထုတ်ပေးပြီးဖြစ်သည်။ မိခင်ဝိုင်းများ ဖွင့်လှစ်ထားရှိမှုအနေဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၄၆ ဝိုင်းနှင့် ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ၅၈ ဝိုင်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ (၄) နှစ်တာကာလအတွင်း ကလေးသူငယ်မှုခင်းနှင့်ပတ်သက်၍ ကြီးကြပ်သူအစီရင်ခံစာတင်သွင်းခြင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိ ပညာပေးဟောပြောပွဲ ကျင်းပခြင်းတို့ကို ပြုလုပ်ခဲ့သည်။

လူမှုရေးပင်စင်ထောက်ပံ့ပေးမှုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အသက် (၈၅) နှစ်နှင့်အထက် လူဦးရေ ၂၃၄၂၅ ဦး ထောက်ပံ့ပေးနိုင်ခဲ့သည်။ ထို့ပြင် တိုင်းဒေသကြီးအတွင်း စာအောင်သံဃာတော်များ၊ သီလရှင်များ ဂုဏ်ပြုပူဇော်ပွဲ (၃)ကြိမ်ဆောင်ရွက်နိုင်ခဲ့သည်။

### ရှေ့လုပ်ငန်းစဉ်များချမှတ်

ပဲခူးမြို့ ကလိတပ်ကလေးကျေးရွာရှိ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းနှင့် မြို့ရှောင်လမ်းဆုံနေရာတွင် ကလိလက်ကားဈေး(Whole Sale Centre) တည်ဆောက်ရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တောင်ငူမြို့ မီးဘေးသင့် မြို့မဈေးကြီးကို အဆင့်မြင့် Commercial Complex အဆောက်အအုံကြီးအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးအတွင်း တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်ရန် အစီအစဉ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများကို PPP စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးအတွင်းရှိ မြို့(၇)မြို့တို့တွင် ဝန်ထမ်းအိမ်ရာ အခန်းပေါင်း ၁၂၀၄ ခန်းအထိ တိုးချဲ့ဖြည့်ဆည်းပေးခဲ့ပြီး ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးသည် ပဲခူးအရှေ့၊ အနောက် ကွဲနေသည့်အတွက် ရိုးမဖြတ်ကျော်လမ်းဖောက်လုပ်ရန် ဘုရားကြီး-ဘောနက်ကြီး-ဖောင်းတူ-တိုက်ကြီးလမ်းကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ ဦးစားပေးဆောင်ရွက်သွားမည့်အပြင် စစ်တောင်းမြစ်ကို ဖြတ်၍ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်တို့နှင့် ဆက်သွယ်မည့် လမ်းတံတားများ ဖောက်လုပ်နိုင်ရေး အစီအမံရေးဆွဲလျက်ရှိသည်။

"အာဆီယံလမ်းမကြီးကို ဝေါမြို့မှ ပဲခူးမြို့သို့ဖြတ်ပြီး ဖောက်လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ ပဲခူးမြို့မှ သံလျင်မြို့ သီလဝါဆိပ်ကမ်းအထိ ရန်ကုန်တိုင်းဒေသကြီးနှင့်ပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးသည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များရှိသည့် တိုင်းဒေသကြီးဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ECO Tourism လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်သည်။ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေးအတွက် ပဲခူးစက်မှုနယ်မြေ၊ ပြည်စက်မှုနယ်မြေ၊ ဒိုက်ဦး၊ အင်းတကော်၊ သာယာဝတီ စသည့် နေရာများတွင် စက်မှုလက်မှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ SME လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာမြေကဏ္ဍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဒေသတွင်း အခွန်၊ အကောက် တိုးမြှင့်ရရှိရေးလုပ်ငန်းများ၊ လယ်ယာမြေပေါ်မှ မြေခွန်ကောက်ခံမှုနှုန်းထားများကို ခေတ်နှင့်အညီ တိုးမြှင့်ကောက်ခံရန် အစီအစဉ်များ၊ အထူးသဖြင့် မြေယာစီမံခန့်ခွဲမှုကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များတွင် မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ရာ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသည် ပြည်သူကိုဗဟိုပြုသော၊ ပြည်သူ့အတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အစီအမံကောင်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေသော ပြည်သူ့အစိုးရလက်ထက်တွင် လူမှုစီးပွားဘဝများ ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့်များကို ရရှိခံစားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။



ကမ္ဘာ့ရေတိမ်ဒေသမှတ်တမ်းဝင် မိုးယွန်းကြီးအင်း ဘေးမဲ့တောကို တွေ့ရစဉ်။